# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957



**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)






## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ


စာမျက်နှာ - ၅


## ပညာရေး၊ ကျေးလက်ဒေသနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် တရုတ်ယွမ် တစ်ဘီလီယံအကူအညီပေးမည်

**သတင်းကြေညာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ် ဧပြီလ ၆ ရက်မှ ၁၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ၁၁-၄-၂၀၁၇ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတဦးထင်ကျော်သည်ခရီးစဉ်အတွင်း ၁၀-၄-၂၀၁၇ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းတို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့ပါသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်ဖက် အဆင့်မြင့်ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များ သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့၌ ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း) ကျင်းပစဉ်။

## နိုင်ငံတိုးတက်၊ ရပ်တည်နိုင်ရန် ကျေးလက်နေပြည်သူလူထု၏ဘဝများ ခိုင်မာတိုးတက်ကောင်းမွန်မှုဖြစ်မည်

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ဆွေးနွေးပွဲနှင့် ပတ်သက်၍ အချက်နည်းနည်းပြောချင်ကြောင်း၊ အခုလို ဆွေးနွေးသည်ဆိုရာတွင် တစ်ယောက်နှင့်တစ်ယောက် နားထောင်ပေးရန်လိုကြောင်း၊ ယခုဆိုလျှင် ဆွေးနွေးပွဲလုပ်သည်မှာ သုံးလေးကြိမ်ရှိသွားပြီဖြစ်ကြောင်း၊ ဘာသတိပြုမိသလဲဆိုလျှင် တချို့က မလာခင်ကတည်းက ဘာပြောမည်ဆိုသည်ကို ဆုံးဖြတ်ပြီးသားဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် တခြားသူ ဘာပြောသည်ကို နားမထောင်ဘဲ ပြောချင်ရာပြောသွားကြောင်း၊ ဆွေးနွေးပွဲဆိုသည်မှာ သူများ ဘာပြောသလဲဆိုသည်ကို နားထောင်ရန်လိုကြောင်း၊ အဓိပ္ပာယ်မှာ ဆွေးနွေးပွဲတွင်ပါသည့် အခြားပါဝင်သူများကို လေးစားရန်လိုကြောင်း၊ လေးစားသောအားဖြင့် နားထောင်ရမည်၊ နားထောင်ပြီး ကိုယ်က တုံ့ပြန်သည့်အခါ ရိုးရိုးသားသား တုံ့ပြန်စေချင်ကြောင်း၊ ရိုးရိုးသားသားဖြောင့်ဖြောင့်မတ်မတ် တုံ့ပြန်စေချင်ကြောင်း၊ သို့မှသာ ဒီဆွေးနွေးပွဲသည် တကယ်အနှစ်သာရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**


KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ကလေးလူငယ်လူရွယ်နှင့် သက်ကြီးရွယ်အို

လူ့ဘဝတွင် ငယ်ရွယ်သူ ကလေးလူငယ်၊ အရွယ်ရောက်သူ လူလတ်လူကြီးနှင့် အရွယ်လွန်သူ သက်ကြီးရွယ်အို လူအိုဟူ၍ အရွယ်သုံးပါးရှိသည်။ ထိုအရွယ်သုံးပါးတွင် အရွယ်ရောက်ပြီးသူ လူလတ်လူကြီးများမှာ ဘဝအတွက် ဆိုဖွယ်ရာမရှိသော်လည်း ငယ်ရွယ်သူ ကလေးသူငယ်နှင့် အရွယ်လွန်သူ သက်ကြီးရွယ်အိုများဘဝမှာ အလွန်အရေးကြီးသည်။

ငယ်ရွယ်သူ ကလေးလူငယ်များမှာ အသိဉာဏ်မဖွံ့ဖြိုးသေးဘဲ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရမည့်အရွယ်ဖြစ်သည်။ ကလေးလူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာမှာ အလွန်အရေးကြီးပြီး စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်မှုမဖြစ်စေရေးကို ဂရုစိုက်ရမည်ဖြစ်သည်။ ယခုအခါ မျက်မှောက်ကာလ လူမှုဘဝနေထိုင်မှုပုံစံပြောင်းလဲလာမှုများကြောင့် ကလေးသူငယ်များအပေါ် အလွန်အကျွံဂရုစိုက်မှုနှင့် အလေးမထားဥပေက္ခာပြုမှု ခြားနားချက် ကြီးမားလာသည်ကို တွေ့ရသည်။

အလွန်အကျွံဂရုစိုက်မှု၊ လိုသည်ထက် ပိုအလိုလိုက်မှုများကြောင့် ကလေးလူငယ်ဖွံ့ဖြိုးရေးတွင် လမ်းကြောင်းလွဲနိုင်သည်ကို သတိမူရမည်ဖြစ်သည်။ လက်ရှိတွင် ကလေးလူငယ်အများစု ကြုံတွေ့နေရသည့်အခြေအနေများမှာ အုပ်ထိန်းသူမိဘများ၏ လူမှုစီးပွားအခြေအနေများကြောင့် ကလေးငယ်များအပေါ် အလေးမထား ဥပေက္ခာပြုမှုအခြေအနေများကြောင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ နိမ့်ကျမှုများရှိနေသည်။

ကလေးသူငယ်အချို့မှာ ကြုံရာကျပန်းရပ်တည်နေကြပြီး အချို့မှာ နှိပ်စက်ညှဉ်းပန်းမှုနှင့် အနိုင်ကျင့်မှုခံကြရသည်။ ယခုအခါ ကလေးသူငယ်များနှင့်ပတ်သက်သည့်အမှုများရှိလာပြီး သက်ငယ်မုဒိမ်းမှုကျူးလွန်သည် အထိပင်ဖြစ်လာသောကြောင့် နိုင်ငံတော်က ကလေးသူငယ်အခွင့်အရေးဥပဒေကိုရေးဆွဲနေပြီး မကြာမီ အတည်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

လူငယ်များနှင့်ပတ်သက်၍ တိကျသောမူဝါဒမရှိသေးသောကြောင့် လူငယ်များအား စနစ်တကျစုစည်းပြီး လူငယ်များအကျိုးနှင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် လူငယ်မူဝါဒများကို နိုင်ငံတော်ကရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် အမျိုးသမီးငယ်များမှာလည်း အခွင့်အရေးနည်းပါးမှုနှင့် အကြမ်းဖက်မှုတို့နှင့်ကြုံတွေ့နေရသဖြင့် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်မည့်ဥပဒေ၊ အကြမ်းဖက်မှုမှ ကာကွယ်သည့်ဥပဒေ စသည့်ဥပဒေများကို ရေးဆွဲနေကြောင်း သိရသည်။

ဒုတိယအရေးကြီးဆုံးအရွယ်မှာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများဖြစ်သည်။ မသန်စွမ်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကို ခက်ခက်ခဲခဲရေးဆွဲခဲ့ပြီးနောက် မသန်စွမ်းသူများအား တတ်နိုင်သလောက် အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ သက်ကြီးရွယ်အိုများမှာ ပိုမိုစာနာဖွယ်ကောင်းပြီး အချို့မှာ ကျောထောက်နောက်ခံရှိလျက်နှင့် ပစ်ပယ်ခြင်းခံနေရသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်မှုအတွက် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာများကို အစောပိုင်းကတည်းက နိုင်ငံတော်ကသာမက ပုဂ္ဂလိကအဖွဲ့အစည်းများက တည်ထောင်ထားကြပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် လာရောက်ပို့ဆောင်ပေးကြသူများကို လက်ခံစောင့်ရှောက်မှုပေးလျက်ရှိသည်။ သို့သော် သတ်မှတ်ချက်နှင့်မကိုက်ညီဘဲ ပစ်ပယ်ခြင်းခံနေရသူများလည်းရှိနေသဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများဖွံ့ဖြိုးရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကလေးသူငယ်လူငယ်လူရွယ်များမှာ နိုင်ငံအနာဂတ်အတွက် အားထားရမည့် အရင်းအမြစ်များဖြစ်ပြီး သက်ကြီးရွယ်အိုများမှာ မိသားစုများဘဝနှင့် နိုင်ငံအတွက် အလုပ်အကျွေးပြုခဲ့ကြသူများဖြစ်သည်။ မိသားစုများနှင့် နိုင်ငံအနာဂတ်အတွက် ကလေးသူငယ်လူငယ်လူရွယ်များအား ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြရမည်ဖြစ်သလို မိသားစုနှင့် နိုင်ငံကိုအလုပ်အကျွေးပြုခဲ့ကြသော သက်ကြီးရွယ်အိုများကိုလည်း ပြန်လည်ကျေးဇူးတုံ့ပြန်သောအားဖြင့် အလေးဂရုပြုစောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကလေးသူငယ်လူငယ်လူရွယ်များနှင့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်သူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။ ။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ရုရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူသဘောများနှင့် လက်တွေ့ကျင့်သုံးမှု၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များ၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ရုရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းလွင်က ဖတ်ကြားပြီး စိတ်ကျရောဂါနှင့်ပတ်သက်၍ ဆေးတက္ကသိုလ်(၁) စိတ်ကျန်းမာရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်ဦးက ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ (Depression Let’s Talk)ခေါင်းစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မူးယစ်ဆေးနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အကြံပေးပါမောက္ခ ဒေါက်တာခင်မောင်ကြီးက ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**




# သင်္ကြန်ရက်များတွင် ခိုက်ရန်ဖြစ်ပွားမှုလျော့နည်းရေး အသိပညာပေးနှင့် စစ်ဆေးအရေးယူမှုများဆောင်ရွက်

**မော်လမြိုင် ဧပြီ ၁၁**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးနှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၁ ရက်မှ ဧပြီ ၉ ရက်အထိ သင်္ကြန်အကြိုကာလ ခိုက်ရန်ဖြစ်ပွားမှုလျော့နည်းစေရေးနှင့် အသက်ဘေးအန္တရာယ်ဖြစ်စေတတ်သည့် ချွန်ထက်လက်နက်များ မကိုင်ဆောင်စေရေး၊ ယာဉ်တိုက်မှုဖြစ်ပွားမှုလျော့နည်းစေရေး၊ မော်တော်ဆိုင်ကယ်ဆူညံသံများ တပ်ဆင်မောင်းနှင်မှုမရှိစေရေး အသိပညာပေးစစ်ဆေးအရေးယူမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်အရ မော်လမြိုင်မြို့နယ် မြို့မရဲစခန်းမှူး ရဲမှူး မောင်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြို့ဝင်/မြို့ထွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ နေ့/ည နေ့စဉ် ရှောင်တခင်စစ်ဆေးလျက်ရှိသည်။

အလားတူ သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ရေးမြို့နယ်၊ ချောင်းဆုံမြို့နယ်တို့တွင် မြို့ဝင်/မြို့ထွက် ပိတ်ဆို့စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀၊ မန္တလေး(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**၃-၄-၂၀၁၇ ရက်နေ့မှ ၇-၄-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၆၀ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၃၀၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၇. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၀၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၇. ၅၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်

ဒီနေ့အချိန်အခါဟာ အတိတ်သမိုင်းက မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ရေရှည်တည်တံ့မယ့်၊ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ စိတ်ရင်းစေတနာအမှန်နဲ့ ကြိုးစားကြမှသာ ပဋိပက္ခနွံ့ကနေ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## မူဝါဒတွေအပေါ်မှာ အခြေခံပြီးတော့ လုပ်သွားမှာဖြစ်

တဒင်္ဂလတ်တလော အများကြိုက်မယ့်ကိစ္စတွေဆိုပြီးတော့လည်း ကျွန်မတို့ရွေးမလုပ်ပါဘူး။ တဒင်္ဂ လတ်တလော သြဘာပေးမယ့်ကိစ္စတွေဆိုပြီးတော့လည်း ကျွန်မတို့ရွေးပြီးတော့ မလုပ်ခဲ့ပါဘူး။ လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စတွေကို ကျွန်မတို့စွန့်စားပြီးတော့ လုပ်ခဲ့ပါတယ်။ စွန့်စားတယ်လို့ ကျွန်မပြောရခြင်းဟာ လူ့ဘဝမှာဆိုလို့ရှိရင် ဘာကိစ္စပဲလုပ်လုပ်၊ ဘယ်လိုအကျိုးဆက် ဖြစ်လာမယ်ဆိုတာ တိတိကျကျ တွက်လို့မရပါဘူး။ ဒီတော့ကျွန်မတို့ရဲ့ မျှော်လင့်ချက်နဲ့ ကျွန်မတို့ရဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့ ကိုင်စွဲထားတဲ့ မူဝါဒတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ လုပ်သင့်လုပ်ထိုက်တယ်လို့ ထင်တဲ့ကိစ္စတွေကို လုပ်သွားမှာဖြစ်ပါတယ်။ အခုလည်းလုပ်ခဲ့ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်နှင့် ကုလသမဂ္ဂဆိုင်ရာ မျက်နှာစာများတွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

၄။ ထို့ပြင် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံမှ အပြုသဘောအကူအညီများ ဆက်လက်ပေးအပ်ရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ၂+၂ ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရေးတို့နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် မြန်မာပြည်သူများ၏ လူမှုဘဝမြှင့်တင်ရန် ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၅။ အဆိုပါတွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သဘောတူညီချက်များ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အစရှိသည့်ကဏ္ဍများအတွက် တရုတ်ယွမ်(၁)ဘီလီယံ အကူအညီပေးအပ်မည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာပင်လယ်ကူး သင်္ဘောသားများအား လေ့ကျင့်ရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးဝါးနည်းပညာသင်တန်း ဗဟိုဌာနနှင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်ရေး၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံစိမ်းပိုက်လိုင်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရေး၊ ကျောက်ဖြူအထူး စီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အစရှိသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ သဘောတူညီချက်နှင့် စာလွှာများ စုစုပေါင်းကိုးခုတို့ကို လက်မှတ်ရေးထိုးခြင်းနှင့် ဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ခရီးစဉ်အပြီး၌ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးတွဲထုတ်ပြန် ကြေညာချက်တစ်ရပ်ကိုလည်း ပေကျင်းမြို့၌ ထုတ်ပြန်ခဲ့ပါသည်။

၆။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စီချွမ်ပြည်နယ်၊ ရူန်ရှီးပြည်နယ်နှင့် ရှန်ဟိုင်းမြို့တို့သို့ သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်စဉ်အတွင်း ၆-၄-၂၀၁၇ ရက်နေ့တွင် စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့၌ စီချွမ်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာဝမ်ဒုံမင်းအားလည်းကောင်း၊ ရှန်ရှီးပြည်နယ်သို့ ရောက်ရှိစဉ် ၇-၄-၂၀၁၇ ရက်နေ့တွင် ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟူဟဲပင်အားလည်းကောင်း လက်ခံတွေ့ဆုံခဲ့ပါသည်။

၇။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ၉-၄-၂၀၁၇ရက်နေ့တွင် ပေကျင်းမြို့၊ မြန်မာသံရုံး၌ မြန်မာသံရုံးနှင့်မြန်မာစစ်သံရုံး (ကြည်း၊ရေ၊လေ) တို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံကာ နှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၈။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်မှ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ Huawei Technology ကုမ္ပဏီမှအကြီးအကဲ မစ္စတာကောထျန်းမင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံတကာ စာအုပ်ထုတ်ဝေရေးအုပ်စုမှ ကြီးမှူး၍ကျင်းပပြုလုပ်သည့် စာရေးဆရာကြီး မင်းသုဝဏ်၏ စာပေများအား တရုတ်ဘာသာပြန်ဆိုထားသည့် "မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်" စာအုပ်ဖြန့်ချီထုတ်ဝေသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

၉။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၁၁-၄-၂၀၁၇ ရက်နေ့တွင် ကူမင်းမြို့သို့ ရောက်ရှိစဉ် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာချန်ဟောင်အား လက်ခံတွေ့ဆုံခဲ့ပါသည်။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စီချွမ်ပြည်နယ်၌ လေရှန်ဗုဒ္ဓရုပ်ပွားတော်ကြီးအားဖူးမြော်ခဲ့ပြီး ရှန်ရှီးပြည်နယ်၌ "ချင်" မင်းဆက်၏ ရှေးဟောင်းစစ်သည်တော်များပြတိုက် Terracotta Army သို့ လေ့လာခဲ့ကာ ရှန်ဟိုင်းမြို့၌ အရှေ့တိုင်း ပုလဲတီဗွီတာဝါနှင့် အမျိုးသားပြတိုက်ကိုလည်း လေ့လာခဲ့ပါသည်။ ပေကျင်းမြို့၌ ဗုဒ္ဓမြတ်စွယ်တော်အားဖူးမြော်ခဲ့ပြီး မဟာတံတိုင်းကြီးနှင့် ရှေးဟောင်းနန်းတော်တို့သို့လည်းကောင်း၊ ကူမင်းမြို့တွင် stone forest သို့လည်းကောင်း သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်**

## အာဆီယံစီးပွားရေးဝန်ကြီးများ၏ ဂျပန်နိုင်ငံခရီးစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်

**နေပြည်တော် ဧပြီ ၁၁**

ဂျပန်နိုင်ငံ တိုကျိုမြို့၊ ကျိုတိုမြို့၊ အိုဆာကာမြို့နှင့် ဝါကာယာမမြို့များတွင် ဧပြီ ၆ ရက်မှ ၉ ရက်အထိ ပြုလုပ်ခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ဂျပန်နိုင်ငံခရီးစဉ် (AEM Roadshow to Japan 2017) သို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ခိုင်ထွန်းတို့ တက်ရောက်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အခြားအာဆီယံ စီးပွားရေး ဝန်ကြီးများနှင့်အတူ Hitachi Company., Ltd.၊ Center for iPS Cell Research and Application (CiRA)၊ Panasonic Konosuke Matsushita Museum နှင့် SHIMA SEIKI Mfg Co.,Ltd. များသို့ Site Visit သွားရောက်လေ့လာခြင်း၊ Business Symposium နှင့် Business




Matching အခမ်းအနားများ၊ အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီးတို့၏ အလွတ်သဘော ညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် JETRO မှ တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ကိုယ်စား အမှာစကား ပြောကြားသည်။

ခရီးစဉ်ကာလအတွင်း ပြုလုပ်ခဲ့သည့် Business Symposium နှင့် Business Matching အခမ်းအနားများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာကုမ္ပဏီ သုံးခုမှ ပြခန်းများ ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝန်ထမ်းအိမ်ရာများတွင် သုံးရေပြန်လည် ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာများတွင် ရေပြတ်လပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရေပြတ်လပ်ရခြင်းမှာ ဧပြီ ၉ ရက်က ရေပေးဝေလျက်ရှိသော ပိုက်လိုင်းကြိုးပေါက်ခဲ့ခြင်းကြောင့်ဖြစ်ပြီး ပျက်စီးသွားသောပိုက်လိုင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်၍ သုံးရေအမြန်ပြန်လည်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ရေပိုက်ပြုပြင်နေစဉ်အတွင်း ရေသုံးစွဲမှု အခက်အခဲမရှိစေရန် ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေသန့်ရှင်းရေးဌာနမှ ရေဘောက်ဆာများနှင့် တိုက်ခန်းများရှိ ရေကန်အတွင်းအရောက် ရေဖြည့်ဆည်းပေးခဲ့သည်။

ယခုအခါ ကြိုးပြတ်သွားသော ရေပိုက်အား ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ ဧပြီ ၁၁ ရက် နံနက်ပိုင်းမှစ၍ သုံးရေများပုံမှန်အတိုင်း ပြန်လည် ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည် ချစ်ကြည်စည်းလုံး တို့ အားလုံး**

# ဂျီ-၇နှင့် အရှေ့အလယ်ပိုင်းဒေသ မဟာမိတ်များ သမ္မတအာဆတ်အား အထီးကျန်ထားရှိရေးလုပ်ဆောင်မည်



**လူကာ မေ ၁၁**
စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) သည် အရှေ့အလယ်ပိုင်းဒေသမှ မဟာမိတ်နိုင်ငံများနှင့်အတူ ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်အား အထီးကျန်ထားရှိရေးအတွက် ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ သွားရောက်ရန် နာရီပိုင်းအလိုမှာပင် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများက သမ္မတ ဗလာဒီမာပူတင်အား ဖိအားပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အီတလီနိုင်ငံ လူကာမြို့၌ ကျင်းပသည့် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ဆီးရီးယားပြည်တွင်းစစ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ ဆီးရီးယားသမ္မတ အာဆတ်၏ အုပ်စိုးမှုကို ဆန့်ကျင်ကြသည့် တူရကီ၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဂျော်ဒန်နှင့် ကာတာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။ ဂျီ-၇ အုပ်စုတွင် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်တို့ ပါဝင်ကြသည်။

သမ္မတအာဆတ်၏ မဟာမိတ်ဖြစ်သော သမ္မတပူတင်အား ဂျီ-၇ နှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများက ဖိအားပေးတောင်းဆိုမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြသည်။ ဆီးရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က သူပုန်တို့ ထိန်းချုပ်ထားသော မြို့တစ်မြို့တွင် အာရုံကြောထိခိုက်စေနိုင်သောဓာတ်ငွေ့ဖြင့် အစိုးရတပ်ဖွဲ့က တိုက်ခိုက်ခဲ့မှုအတွက် သမ္မတအာဆတ်တွင် တာဝန်ရှိသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

ဆီးရီးယားသမ္မတ အာဆတ်နှင့် ဆက်ဆံရေးဖြတ်တောက်ရန် ရုရှားနိုင်ငံအား စည်းရုံးနားချနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်ပေါ်နေသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေက အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်အား မေ ၁၀ ရက်က တယ်လီဖုန်းဖြင့် ပြောဆိုခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

အကယ်၍ ရုရှားနိုင်ငံက သမ္မတ အာဆတ်အား ဆက်လက်ထောက်ခံအားပေးနေမည်ဆိုပါက ရုရှားနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများ တိုးမြှင့်ပြုလုပ်သွားဖွယ်ရှိသည်ဟု ဗြိတိန်နှင့် ကနေဒါခေါင်းဆောင်များက သဘောတူညီစွာ ပြောဆိုခဲ့ကြသည်။

ရိုက်တာ။

# အမေရိကန်စစ်ရေယာဉ်များ ချဉ်းကပ်လာစဉ် မြောက်ကိုရီးယားက နျူလက်နက်ဖြင့် တိုက်ခိုက်နိုင်ဟု သတိပေး

**ပြုံယမ်း မေ ၁၁**
အမေရိကန်ရေတပ်မှ အဏုမြူစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကြီးတစ်စင်း ဦးဆောင်သည့် တိုက်ခိုက်ရေး စစ်ရေယာဉ်စုသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းဆီသို့ ဦးတည်ကာ ခုတ်မောင်းလာနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်လိုက်ကြောင်း၊ အမေရိကန်က ကြိုတင်လက်ဦးမှုယူတိုက်ခိုက်မည့် လက္ခဏာတစ်ရပ်ရပ် ပြသလာမည်ဆိုပါက နျူကလီးယားလက်နက်ဖြင့် တုံ့ပြန်တိုက်ခိုက်သွားမည်ဟု မြောက်ကိုရီးယားအစိုးရသတင်းဌာနက မေ ၁၁ ရက်တွင် သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကိုရီးယား ကျွန်းဆွယ်အရေး စစ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအတွက် အမေရိကန်တာဝန်ရှိသူများက ဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း ယင်းနိုင်ငံက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဆီးရီးယားနိုင်ငံရှိ လေတပ်စခန်းတစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ထိုစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ ဆဋ္ဌမမြောက်အဏုမြူ စမ်းသပ်ဖောက်ခွဲမှု ပြုလုပ်လာဖွယ်ရှိသဖြင့် ဒေသတွင်း၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု၏ မည်သည့်ရန်စကျူးကျော်မှုကိုမဆို ခုခံတုံ့ပြန်ရန် မြောက်ကိုရီးယားနိုင်ငံက ပြင်ဆင်ထားကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ရိုဒေါင်ရှင်မွန်းသတင်းစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ။



# ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က ပူးတွဲကျင်းပရန် တောင်းဆိုမည်

**နယူးယောက် မေ ၁၁**
အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ ဘောလုံးအားကစား တာဝန်ရှိသူများက ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံများအဖြစ် ပူးတွဲကျင်းပနိုင်ရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းတို့က အဆိုပါကြေညာချက်ကို တနင်္လာနေ့တွင် နယူးယောက်မြို့၌ ထုတ်ပြန်ခဲ့သည်။

အမေရိကန်အနေဖြင့် ကနဦးက ပြိုင်ပွဲကို တစ်နိုင်ငံတည်းအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် စဉ်းစားထားသော်လည်း နောက်ပိုင်းတွင် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့ကိုပါ ဖိတ်ခေါ်ခဲ့ကြောင်း အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆနေလ်ဂူလာတီက ပြောကြားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ၈၀ အနက် အမေရိကန်နိုင်ငံက ပြိုင်ပွဲ ၆၀ လက်ခံကျင်းပသွားရန် စီစဉ်ထားပြီး မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က ၁၀ ပွဲစီလက်ခံကျင်းပသွားရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်အနေဖြင့် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့နှင့်အတူ ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များကို ကြိုဆိုဧည့်ခံသွားရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်းနှင့် မက္ကဆီကိုနိုင်ငံဘက်မှ တရားမဝင်ရွှေ့ပြောင်းလာသူများဝင်ရောက်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်ကလည်း သဘောတူထောက်ခံကြောင်း ဂူလာတီက ပြောကြားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် လက်ရှိပြိုင်ပွဲဝင် ၃၂ သင်းအစား ၄၈ သင်းအထိ တိုးမြှင့်ကျင်းပသွားရန် ဆုံးဖြတ်ထားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို မက္ကဆီကိုနိုင်ငံက ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၆ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး အမေရိကန်နိုင်ငံက ၁၉၉၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် ကျင်းပဖူးသည်။ အဆိုပါ သုံးနိုင်ငံက ကမ္ဘာ့ဖလားပြိုင်ပွဲကို ၃၂ နှစ်ကြာပြီးနောက် မြောက်အမေရိကတိုက်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ရန် မျှော်လင့်နေသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို သုံးနိုင်ငံအိမ်ရှင်အဖြစ် ပူးတွဲကျင်းပသည့် ပထမဆုံးအကြိမ်ဖြစ်လာဖွယ်ရှိသည်။ ၂၀၀၂ ခုနှစ်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ပထမဆုံးအကြိမ် နှစ်နိုင်ငံပူးတွဲကျင်းပခဲ့ဖူးသည်။ ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံကို ၂၀၂၀ ပြည့်နှစ် မေလတွင် ရွေးချယ်ဆုံးဖြတ်သွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ။

# အမေရိကန်စာသင်ကျောင်းတစ်ကျောင်းတွင် ဆရာမနှင့် ကျောင်းသား ပစ်သတ်ခံရ

**လော့စ်အိန်ဂျလိစ် မေ ၁၁**
အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာမတစ်ဦးနှင့် ကျောင်းသားတစ်ဦးအား အဆိုပါကျောင်းဆရာမ၏ အမျိုးသားက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

သေနတ်သမားသည် ၎င်း၏ ဇနီးကျောင်းဆရာမကို လာရောက်စောင့်ကြည့်ပြီး တနင်္လာနေ့နံနက်ပိုင်းတွင် လော့စ်အိန်ဂျလိစ်မြို့အနီး ဆန်ဘာနာဒီနိုရှိ စာသင်ကျောင်း တစ်ကျောင်းရှေ့တွင် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆရာမနှင့် ဆရာမအနီးရှိနေသည့် ရှစ်နှစ်အရွယ် ကျောင်းသားတစ်ဦး သေဆုံးခဲ့ရသည်။ ကိုးနှစ်အရွယ် ကျောင်းသားတစ်ဦး ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး စိုးရိမ်စရာအခြေအနေမရှိဟု သိရသည်။

အခင်းဖြစ်ပွားသည့်နေရာတွင်ပင် သေနတ်သမားက သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်။ အဆိုပါအမျိုးသားမှာ အသက် (၅၃)နှစ်ရှိပြီး ပစ်သတ်ခံရသည့် ကျောင်းဆရာမ၏ ယောကျ်ားဖြစ်သည်ဟု ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့သည်။

သေနတ်သမားက ကျောင်းဆရာမကို အဓိကပစ်မှတ်ထား ပစ်ခတ်ခဲ့ပြီး ကျောင်းသားနှစ်ဦးမှာ မတော်တဆထိမှန်ခံရခြင်းဖြစ်ဖွယ်ရှိသည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါပစ်ခတ်မှုမှာ လင်မယားနှစ်ဦး၏ လူမှုရေးပြဿနာကြောင့် ဖြစ်ပွားရခြင်းဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။

အင်န်အိတ်ချ်ကေ။

# ဂင်္ဂါမြစ် သန့်စင်မှုပြုလုပ်မည့်အစီအစဉ်ကို အပူတပြင်း အကောင်အထည်ဖော်ရန် လိုအပ်နေ

**နယူးဒေလီ မေ ၁၁**
အိန္ဒိယနိုင်ငံ၌ ဘာသာရေးအရ အထွတ်အမြတ်ပြုခြင်းခံရသော ဂင်္ဂါမြစ်အား သန့်စင်မှုပြုလုပ်မည့်အစီအစဉ်ကို အချိန်ဇယားသတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ခြင်းမရှိသဖြင့် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီအနေဖြင့် ၎င်း၏ အခွင့်အာဏာကိုသုံးစွဲကာ ဖိအားပေးလုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားသည်။

ဂင်္ဂါမြစ်သန့်စင်ရေးအစီအစဉ်သည် ဝန်ကြီးချုပ် မိုဒီ၏ ဟိန္ဒူအမျိုးသားရေးဝါဒီအစိုးရအဖွဲ့အတွက် နိုင်ငံတော်အဆင့်ဦးစားပေး စီမံကိန်းတစ်ရပ်ဖြစ်သည်။ ဒေါ်လာ သုံးဘီလီယံအသုံးပြုဆောင်ရွက်မည့် ယင်းအစီအစဉ်အတွက် ခွဲဝေချထားပေးသော ရန်ပုံငွေအများအပြားကို ယနေ့ထက်တိုင် သုံးစွဲရခြင်းမရှိသေးကြောင်း ဂင်္ဂါမြစ်သန့်ရှင်းရေး အမျိုးသားကော်မရှင်၏ တာဝန်ရှိသူများက ပြောကြား ကြသည်။

ဂင်္ဂါမြစ်ကို ၂၀၁၈ ခုနှစ်ထက်နောက်မကျဘဲ ညစ်ညမ်းမှုသန့်စင်ရေးလုပ်ငန်း အပြီးတိုင်ဆောင်ရွက်ရန်ဟူသော အချိန်ဇယား သတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်ရန်မှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း အဆိုပါ ကော်မရှင်၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လူဦးရေ သိပ်သည်းသော မြောက်ပိုင်းလွင်ပြင်ဒေသများရှိ



မြို့ကြီး၊ မြို့ငယ်များက စွန့်ထုတ်သော ရေဆိုးပမာဏ၏ လေးပုံသုံးပုံကျော်မှာ ၂၅၂၅ ကီလိုမီတာ (မိုင်ပေါင်း ၁၅၇၀) အရှည်ရှိ ဂင်္ဂါမြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်သည်။

ဂင်္ဂါမြစ်သန့်ရှင်းရေးလုပ်ငန်းအတွက် ရေဆိုးသန့်စင်ရေးစက်ရုံသစ်များ တည်ထောင်နိုင်မည့် မြေနေရာရရှိရန် အစိုးရတာဝန်ရှိသူများက အပူတပြင်း လုပ်ဆောင်ခဲ့ကြသည်။ မြစ်သန့်ရှင်းရေးလုပ်ငန်းများအတွက် ကန်ထရိုက်ချပေးနိုင်ရန်လည်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယလူဦးရေ ၁ ဒသမ ၃ ဘီလီယံအနက် ၈၀ ရာခိုင်နှုန်းဖြစ်သော ဟိန္ဒူဘာသာဝင်များသည် ဂင်္ဂါမြစ်အား ဘာသာရေးအရ အထွတ်အမြတ်ပြုကြသည်။ မိခင်ဂင်္ဂါဟု ရိုသေလေးမြတ်စွာ ခေါ်ဝေါ်ခြင်းခံရသော ယင်းမြစ်အတွင်း ရေချိုးကာ ဝတ်ပြုဆုတောင်းခြင်းဖြင့် အကုသိုလ်အညစ်အကြေးများကို ဖယ်ခွာရာရောက်သည်ဟု ဟိန္ဒူဘာသာဝင်များက ယုံကြည်ယူဆကြသည်။

ရိုက်တာ။





ယူနန်ပြည်နယ်ရှိ အကျော်ကြားဆုံးနေရာဒေသတစ်ခုဖြစ်သည့် Stone Forest သို့ နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ သွားရောက်လေ့လာကြစဉ်။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။


**ကူမင်းမြို့သို့ရောက်ရှိ**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ကူမင်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Chen Shun၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကူမင်းမြို့ Haigeng Garden Hotel သို့ရောက်ရှိပြီး ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာချန်းဟောင် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ် အတွင်း အကျော်ကြားဆုံးနေရာဒေသတစ်ခုဖြစ်သည့် Stone Forest သို့ သွားရောက်လေ့လာကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာချန်းဟောင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**Stone Forest ၌လေ့လာ**

Stone Forest သည် လူတို့၏ ပြုပြင်ဖန်တီးမှုကြောင့် မဟုတ်ဘဲ သဘာဝ အတိုင်း ထူးဆန်းစွာဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ၇၅ မိုင်ခန့်အကွာတွင် တည်ရှိကာ ဧက ၉၆၀၀၀ ကျယ်ဝန်းသည်။ ယင်း ကျောက်တုံးများသည် နှစ်သန်းပေါင်းများစွာ ကြာမြင့်ပြီဖြစ်ကာ ပင်လယ်ရေ မျက်နှာပြင်အောက်၌ ကျောက်ဆောင်များဖြစ်ခဲ့ပြီး နှစ်သန်းပေါင်းများစွာ ကြာပြီးနောက် တဖြည်းဖြည်း ပင်လယ်ရေများနိမ့်ဆင်းသွားသောအခါ ယခုကဲ့သို့ ပုံသဏ္ဍာန်မျိုးစုံ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ Stone Forest အတွင်းရှိ သာယာလှပသော ရေကန်၊ ထူးခြားဆန်းပြားသော သဘာဝရှုခင်းများကြောင့် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်ထားနိုင်ပြီး နိုင်ငံခြားဝင်ငွေ အများအပြားရရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့အား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာအမျိုးသမီးငယ်တစ်ဦးက ပန်းစည်းကမ်း၍ ကြိုဆိုနှုတ်ဆက်စဉ်။

Stone Forest အတွင်းရှိ ကျောက်တုံး၊ ကျောက်ဆောင်များသည် အချွန်အတက်ပုံစံမျိုးစုံဖြင့် သစ်ပင်များသဖွယ် အပေါ်သို့ မြင့်မားစွာထိုးထွက်နေကြပြီး သစ်တောကြီးပမာ မြင်တွေ့နိုင်သည်။ ထို့ပြင် ထူးခြားဆန်းကြယ်သော ကျောက်လိုဏ်ဂူကြီးများနှင့် သာယာလှပသော ရေကန်ကျယ်ကြီးများရှိသည်။

**နေပြည်တော်သို့ ပြန်လည်ရောက်ရှိ**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ညနေ ၆ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ယာယီတာဝန်ခံ မစ္စတာချမ်းချမ်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့သံချပ်

မောင်စိမ်းနောင်(လယ်ဝေး)

သံချပ်၏ မူလအစသည် ယိုးဒယားသီချင်းကြီးများကြား၊ အမည်မတူသည့် သီချင်းနှစ်ခုကြားတွင် ချပ်ညှပ်၍ သီဆိုခြင်းမှစခဲ့သည်ဟု ဦးတင့်ဆွေပြုစုသည့် ကျောင်းသုံး ကဗျာဖွဲ့နည်းနိဿရည်း စာအုပ်တွင် ဖော်ပြသည်။ ထိုစာအုပ်ကို ၁၉၅၃ခုနှစ် ဇွန်လက ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ၁၉၅၄ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့သည်။ ၁၉၇၇ ခုနှစ်ကထုတ်ဝေခဲ့သော အရှင်ကုမာရ၏ ကဗျာ့အုတ်မြစ်စနစ်သစ် ကဗျာဖွဲ့နည်းစာအုပ်တွင်မူ အသံချပ်မှ သံချပ်ဖြစ်လာကြောင်း၊ ယိမ်းချင်း၊ နတ်ချင်းအစရှိသော သီချင်းသံတို့၏အကြားဝယ် ချပ်ညှပ်၍ တိုင်ကာဖောက်ကာ သီဆိုရသော သီချင်းသံတိုမျိုးကို သံချပ်ဟု ခေါ်ကြောင်း၊ နောင်အခါ သူချည်းသက်သက် ထိုးကြ၊သီဆိုကြသော်လည်း သံချပ်ဟုပင် ခေါ်ရတော့ကြောင်း ဖော်ပြထားပြန်သည်။ မြန်မာအဘိဓာန်တွင်မူ "အိုးစည်၊ ဒိုးပတ်ဝိုင်းတွင် အတိုင်အဖောက်ဆိုသော ကဗျာတစ်မျိုး"ဟု ဖွင့်ဆိုဖော်ပြထားသည်။

မည်သည့်အချိန်ကစတင်ခဲ့သည်၊ မူလကမည်သို့ရှိခဲ့သည်စသည့် သံချပ်၏သမိုင်းကြောင်းကို ဖော်ပြရန် သုတေသနပြုရန်မဟုတ်ပါ။ သင်္ကြန်ကာလနီးလာသဖြင့် သံချပ်များရေးဖွဲ့နေကြ၊ ဖျော်ဖြေရန် ပြင်ဆင်နေကြသဖြင့် အထောက်အကူတစ်ခုခုဖြစ်စေရန် ရည်သန်၍ ဤစာကိုရေးမိခြင်းဖြစ်ပါသည်။

မြန်မာအဘိဓာန်တွင်ဖွင့်ဆိုသကဲ့သို့ပင် ယနေ့ကာလ အိုးစည်၊ ဒိုးပတ်ဝိုင်းများတွင် ဒိုးသီချင်းနှင့် သီဆိုကခုန်ဖျော်ဖြေအပြီးတွင် သံချပ်များဖြင့် အတိုင်အဖောက်ညီညီ သီဆိုတင်ဆက်ကြသည်က အစဉ်အလာဖြစ်နေလေပြီ။ မည်သည့်အချိန်က ထိုကဲ့သို့ပြောင်းလဲလာသည်ကိုတိတိကျကျ မှတ်တမ်းများ မတွေ့ရသော်လည်း ၁၃၀၀ ပြည့်နှစ်နောက်ပိုင်းကာလခန့်က သံချပ်တစ်ခုတွင် မြန်မာမိန်းကလေးများကို ပညာပေးသရော်ထားသည့် သံချပ်စာသားများအရ လွန်ခဲ့သည့်နှစ် ၈၀ ခန့်ကပင် အိုးစည်၊ ဒိုးပတ်သီချင်းများနှင့် တွဲဖက်လျက်ရှိနေပြီကို သိနိုင်ပေသည်။

ဤတွင် စာရေးသူ သံချပ်များနှင့် စတင်ရင်းနှီးခဲ့ရပုံများကို တင်ပြလိုပါသည်။ ကျွန်တော်တို့ငယ်စဉ် ကျောင်းသားဘဝက တတိယတန်းကျောင်းသုံး မြန်မာစာတွင် ဒိုးပတ်သီချင်းနှင့် သံချပ်ကို သင်ခဲ့ရသည်။

**(အမျိုးနော် တကယ်မြတ်ပါတဲ့ ၊ ကိုးနဝရတ်ရောင်စုံခြယ်)၂**
**(ဒိုးပတ်ကိုတော့လွယ်ပါတယ် ၊ မြန်ပြည်နယ်ကျော်ကြား) ၂**
**(တီးလိုက်မယ်ကွယ့် ရွှေဒိုးသံကို)၂**
**(မပြတ်အမှန် နတ်ထံကကြား . အလိုရှင် . နတ်ထံကကြား . .)**

ဟူသည့် ဒိုးပတ်သီချင်းအပြီးတွင် သံချပ်ပါ သင်ခဲ့ရသည်။ ကျောင်းသူများ မိန်းကလေးများအတွက် ရည်ရွယ်ရေးသားထားပြီး အလိုရှင်နေရာတွင် အလိုဗျာ ပြောင်း၍ ကျောင်းသား ကျောင်းသူ တစ်ဖွဲ့စီဆိုခဲ့ကြရသည်ကိုလည်း မှတ်မိနေသေးတော့သည်။

**အတိုင်** **လုပ်အားပေးဖို့ ထွက်လို့လာ ညီညီညာညာ လာကြလာကြ**
**အဖောက်** **ညီညီညာညာ လာကြလာကြ**
**အတိုင်** **ညီညီညာညာ လာကြလာကြ**
**အဖောက်** **လုပ်အားပေးဖို့ ထွက်လို့လာ**
**အတိုင်** **. . . .**
**အဖောက်** **. . . .**
**အတိုင်** **ဆရာမိဘ မေတ္တာရေ**
**အဖောက်** **ကျွန်မတို့တစ်တွေ ခံယူပါ၏**
**အတိုင်** **ကျွန်မတို့တစ်တွေ ခံယူပါ၏**
**အဖောက်** **ဆရာမိဘ မေတ္တာရေ**
**အတိုင်** **ဟေ့ စိန်လား**
**အဖောက်** **ဟေ့ မြလား**

**အတိုင်+အဖောက် ဟေ့လာ မယ်ရို့ဝါး. .** ဟူ၍ သင်ခဲ့ရသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ကျွန်မတို့တစ်တွေ နေရာတွင် ကျွန်တော်တို့တစ်တွေဟုလည်းကောင်း၊ မယ်ရို့ဝါးနေရာတွင် မောင်ရို့ဝါးဟုလည်းကောင်း ပြောင်း၍ဆိုခဲ့ရသည်။ ထိုအချိန်မှစ၍ ရင်းနှီးကျွမ်းဝင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

သို့ရာတွင် ကျေးလက်တွင်ကြီးပြင်းလာခဲ့ရသော စာရေးသူအဖို့ ကျောင်းမနေခင်ကပင် ဒိုးပတ်သီချင်းများ၊ သံချပ်များကို ကြားဖူးနေခဲ့ပြီဖြစ်သည်။ သို့ရာတွင် ရင်းနှီးကျွမ်းဝင်ခြင်းကား မရှိသေးပါ။ တောရွာများတွင် အလှူအတန်း၊ ပွဲလမ်းသဘင်ရှိတိုင်းလိုလို ဒိုးပတ်ဝိုင်းလေးပါလေ့ရှိတတ်သည်။ ဒိုးပတ်ဝိုင်းကလည်း ဝန်မကျယ်လှ။ ဒိုးတီးသူနှစ်ဦး (ခေါ်ဒိုးနှင့် လိုက်ဒိုး)၊ ပုလွေသမားတစ်ဦး၊ လင်းကွင်းသမားတစ်ဦး၊ ဝါးလက်ခုပ်နှစ်ဦး စုစုပေါင်း ခြောက်ဦး၊ ဦးရွှေရိုးနှင့် ဒေါ်မိုးထည့်လျှင် ရှစ်ဦး ဤမျှသာ (စကားချပ်- အရပ်ဒေသ၊ အခြေအနေပေါ်မူတည်၍ နဲ့သမားလည်းပါတတ်သည်။ အချို့က ဝါးလက်ခုပ်ကိုတစ်ဦးတည်းထားကြသည်။ သို့ရာတွင်နှစ်ဦးက ပိုမိုမြိုင်ဆိုင်သည်။)

ခေါ်ဒိုးသမားသည် အနီးဒိုးပတ်ဝိုင်းတွင် ဆရာဖြစ်သည်။ ဒိုးပတ်ဝိုင်း၏ ဖျော်ဖြေမှုစတင်ရန်သူက ခေါ်ဒိုးဖြင့်စခေါ်သည်။ တစ်ဝိုင်းလုံး၏အားဖြင့် အဖွင့်တီးပြီးလျှင် ဒိုးသီချင်းကို သူကိုယ်တိုင်ဆိုသည်။ ဒိုးသီချင်းတစ်ပုဒ်သို့မဟုတ် နှစ်ပုဒ်၊ သုံးပုဒ်ပြီးလျှင် သံချပ်စတင်ပါတော့သည်။ သံချပ်စတင်သည်နှင့် ခေါ်ဒိုး၊ လင်းကွင်းသမား၊ ပုလွေသမားတို့က အတိုင်အဖွဲ့၊ လိုက်ဒိုးသမားနှင့် ဝါးလက်ခုပ်သမားနှစ်ဦးက အဖောက်အဖွဲ့ ဖြစ်လာကြပြီး သံချပ်ထိုးကြပါတော့သည်။ ဤတွင် ဒိုးပတ်ဝိုင်းတွင်မပါသူတို့ကလည်း အတိုင်-အဖောက်တို့တွင် အလိုလိုဝင်ရောက်ဆင်နွှဲကြပါတော့သည်။ မူလဒိုးပတ်သမား ခြောက်ဦးကမူ သံချပ်စာသားများကို အကြိမ်ကြိမ်တိုက်၍ အလွတ်ရနေကြရသည်။ ပရိသတ်ထဲက လိုက်ဆိုသူများမှာ အလွတ်မရသော်လည်း ပထမတစ်ခေါက်အတိုင်အဖောက်တို့ဆိုသည်များကို အတိုင်-အဖောက်ပြီး၍ အဖောက်-အတိုင် အပြန်အလှန်ဆိုသည့်အခါ သူတို့ဆိုသည့်အတိုင်း လိုက်ဆိုရုံသာဖြစ်၍ အလွတ်မရဘဲ လိုက်ဆိုနိုင်လေသည်။

ဤနေရာတွင် သံချပ်ဖွဲ့နည်းနှင့် အယူအဆလေးများကို အနည်းငယ်တင်ပြလိုပေသည်။ ဦးတင့်ဆွေ၏ ကဗျာဖွဲ့နည်းနိဿရည်း စာအုပ်တွင်

- အတိုင် . အဖောက်ဟူ၍ နှစ်ပိုဒ်ထားရမည်။
- အတိုင်ကို ခုနစ်လုံးထားပြီး လေးလုံး . သုံးလုံးခွဲနေစေ။
- အဖောက်ကို ရှစ်လုံးထားပြီး ထက်ဝက်စီခွဲနေစေ။

ဟုဖော်ပြထားသည်။

အတိုင်တစ်ပိုဒ်၊ အဖောက်တစ်ပိုဒ်ထားရှိရန်လိုကြောင်း၊ အတိုင်ကို ခုနစ်လုံးထားကာ လေးလုံးတစ်ပါဒ သုံးလုံးတစ်ပါဒထားရန်လိုကြောင်း၊ အဖောက်ကို ရှစ်လုံးထားပြီး လေးလုံးတစ်ပါဒစီ ထားရန်လိုကြောင်း ဖော်ပြထားချက်ဖြစ်သည်။ အရှင်ကုမာရ၏ ကဗျာ့အုတ်မြစ်စနစ်သစ် ကဗျာဖွဲ့နည်း စာအုပ်တွင်မူ-

- အတိုင်အဖောက် တစ်စုံကို . တစ်ပုဒ်ခေါ်ဆို မှတ်ကြလေကွဲ့။
- အတိုင်လေးလုံး နှစ်ဖို့ဝေ . ဂရုဆုံးစေ ဖောက်နှင့်စပ်ဖို့။
- အဖောက်ရှစ်လုံး လေးစီသာ . ခွဲ၍စီပါ လဟုဆုံးရ။
- အတိုင်အဖောက် ထိုနှစ်လီ . ကာရန်မညီ ဓိပ္ပာယ်စပ် . တဲ့။ ဟု

ဖော်ပြထားသည်။

သံချပ်ဖွဲ့နည်း သံချပ်ဖြစ်ပါသည်။ အဓိပ္ပာယ်ရှင်းလင်းအောင်ဖော်ပြရပါလျှင် အတိုင်အဖောက် တစ်စုံပါသော သံချပ်စာသားကို တစ်ပုဒ်ဟု ခေါ်ဆိုကြောင်း၊ အတိုင်ကို လေးလုံးဖြင့် နှစ်စုခွဲ၍ အဖောက်ပိုဒ်နှင့်ဆက်စပ်ရန် ဂရုသံ(သံပြေ)ဖြင့် ဆုံးရန်လိုကြောင်း၊ အဖောက်ပိုဒ်တွင် ရှစ်လုံးပါရန်၊ လေးလုံးစီခွဲရန်နှင့် လဟု(သံပြင်း)ဖြင့်ဆုံးရန်လိုကြောင်း၊ အတိုင်နှင့်အဖောက် ကာရန်ချိတ်ဆက်မိရန် လိုသော်လည်း ကာရန်မညီပါက အဓိပ္ပာယ်ဆက်စပ်ရန်လိုကြောင်း ဖော်ပြထားချက်ဖြစ်သည်။

ဖော်ပြပါစာအုပ်နှစ်အုပ်မှ သံချပ်ဖွဲ့နည်းကို ပေါင်းရုံးရလျှင် အတိုင်တစ်ပိုဒ်၊ အဖောက်တစ်ပိုဒ် နှစ်ပိုဒ်ပါလျှင် သံချပ်တစ်ပုဒ်ဖြစ်သည်၊ အတိုင်တွင် စာလုံးရေခုနစ်လုံးပါရပြီး ရှေ့လေးလုံး၊ နောက်သုံးလုံးထားကာ အတိုင်ပိုဒ်၏ နောက်ဆုံးစာလုံးသည် ဂရုသံ(သံပြေ)ဖြစ်ရမည်။ အဖောက်ပိုဒ်တွင် စာလုံးရေရှစ်လုံးရှိရမည်ဖြစ်ပြီး ရှေ့လေးလုံး နောက်လေးလုံးခွဲကာ နောက်ဆုံး စာလုံးသည် လဟုသံ(သံပြင်း) ဖြစ်ရမည်။ ကာရန်အချိတ်အဆက်ညီအောင်ရေးရမည်ဖြစ်သော်လည်း ကာရန်မညီလျှင် အဓိပ္ပာယ်ဆက်စပ်အောင် ရေးရမည်ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ဤသည်မှာ သံချပ်ရေးနည်း အနှစ်ချုပ်ပင်ဖြစ်သည်။

စာရေးသူတို့ တက္ကသိုလ်ကျောင်းသားဘဝက သံချပ်နှင့်ပတ်သက်၍ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ အမောပြေအောင် တိုက်ပါမမဟူသော ပမာပေး သံချပ်ဖြင့် သင်ယူခဲ့ရသည်။ သံချပ်ဖွဲ့နည်းစနစ်အတိုင်း အပြည့်အဝ မှန်ကန်အောင် ရေးသားထားသော သံချပ်ဖြစ်သည်။ ကာရန်အချိတ်အဆက်မှန်သကဲ့သို့ အဓိပ္ပာယ်လည်း ဆက်စပ်လေသည်။

အတိုင်တွင် ခုနစ်လုံး၊ အဖောက်တွင် ရှစ်လုံးပါရှိသော်လည်း ကာရန်မချိတ်မိသော သံချပ်များတွင် အဓိပ္ပာယ်ဆက်စပ်ရန်လိုအပ်ပုံကို အမေ့ချွေးမ ပျောက်လို့ရှာ. . တွေ့ပြီတွေ့ပြီ သူပဲသူပဲ ဟူသည့် ဥပမာသံချပ်တွင် တွေ့နိုင်သည်။ ရှေ့နောက်ကာရန်အချိတ်အဆက် မမိစေကာမူ အတိုင် ခုနစ်လုံး (ရှေ့လေးလုံး နောက်သုံးလုံး)၊ အဖောက် ရှစ်လုံး (ရှေ့လေးလုံး နောက်လေးလုံး) မှန်ကန်စွာပါရှိပြီး အဓိပ္ပာယ်ဆက်စပ်လျှင် သံချပ်ပင် ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ အမေ့ချွေးမ ပျောက်လို့ရှာ . . တွေ့ပါပြီဗျာ သူပဲသူပဲ ဆိုလျှင်မူ ကာရန်အချိတ်အဆက်လည်းမိ၊ အဓိပ္ပာယ်လည်း ဆက်စပ်ပြည့်စုံကောင်းမွန်သော သံချပ်တစ်ပုဒ် ဖြစ်လာပါမည်။

သံချပ်ရေးသားကြရာတွင် အစပိုင်း နှစ်ပုဒ်၊ သုံးပုဒ်သည် သံချပ်အားလုံး၏ အခင်းအနေဖြင့် (ဥပမာ - ထမနဲပွဲတွင် ဖျော်ဖြေသည်ဆိုလျှင် ရွာ၊ ရပ်ကွက် ထမနဲပွဲအကြောင်းဦးစွာ ခင်းကျင်းဖွဲ့ဆိုသည်။ "ထမနဲပွဲ ဒီရာသီ" "တို့တိုင်းဌာနီ ခြိမ့်ခြိမ့်သဲသဲ. . . တို့တိုင်းဌာနီခြိမ့်ခြိမ့်သဲသဲ. . ထမနဲပွဲ ဒီရာသီ" "ရပ်ကွက်သုံးရဲ့အစဉ်လာ ညီညီညာညာ စုပေါင်းလှုပ်ရှား. . ညီညီညာညာ စုပေါင်းလှုပ်ရှား . ရပ်ကွက်သုံးရဲ့ အစဉ်လာ") စသည်ဖြင့် မိတ်ဆက်သဘော၊ နှုတ်ခွန်းဆက် သဘောဖြင့် စတင်ကြသည်။ ထို့နောက်တွင်မူ ရွာထဲက ကမောက်ကမဖြစ်စဉ် ဖြစ်ရပ်များ၊ မိမိတို့ရပ်ကွက်ထဲက အမြီးအမောက်မတည့်သည့်ကိစ္စများ၊ ပြုပြင်ရေးကိစ္စများ၊ ရပ်သူရွာသားများ ထိခိုက်နစ်နာနေရသည့်ကိစ္စများ စသည်ဖြင့် ဇာတ်ရှိန်မြင့်ကာ အမြင့်ဆုံး အမြူးဆုံးအခြေအနေ၊ ထို့နောက်တွင်မူ အများအတွက်၊ အားလုံးကောင်းဖို့ အတွက် ယခုကဲ့သို့တင်ပြရခြင်းဖြစ်ကြောင်း၊ အမှားပါလျှင်ခွင့်လွှတ်စေလိုကြောင်း၊ နောင်နှစ် ထမနဲရာသီတွင်လည်း ယခုကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဆုံကြရန် ဆုတောင်းပါကြောင်းစသည်ဖြင့် သံချပ်အားလုံး၏ အနှစ်ချုပ်ကို ပျော်ရွှင်ဖွယ်၊ နားလည်ခွင့်လွှတ်ဖွယ်၊ ကြည်နူးဖွယ် စာသားလေးများဖြင့် နိဂုံးချုပ်တတ်ကြသည်။ သံချပ်ပိုဒ်ရေ မည်မျှရေးရမည်၊ မည်သည့်ပမာဏထက်မပိုရစသည်ဖြင့် ကန့်သတ်ချက်များမရှိပေ။ သို့ရာတွင် ဖျော်ဖြေမှုအစီအစဉ်တွင်ရရှိသည့်အချိန်၊ သို့မဟုတ်ပြိုင်ပွဲဆိုပါက ပြိုင်ပွဲက သတ်မှတ်သော ရရှိသည့်အချိန် စသည်တို့ အပေါ်မူတည်၍ အရေအတွက်နှင့် အချိန်ပမာဏတွက်ဆ ဆောင်ရွက်ကြသည်။

ဤနေရာတွင် သံချပ်ပိတ်ပုံမှာ နောက်ဆုံးသံချပ်အပြီးတွင်

"ဟေ့ စိန်လား. . . ဟေ့မြလား . . . ဟေ့ မြလား . . . ဟေ့ စိန်လား"

"စိန်လား . . . မြလား . . . မြလား . . . စိန်လား" . . . ဟေ့လာ မောင်ရို့ . . ဝါးဟူ၍ အတိုင်အဖောက် မြူးမြူးကြွကြွဟန်ပန်၊ မချိုမချဉ် မျက်နှာပေးလေးများဖြင့် သံပြိုင်ညီညာသီဆို ပြီးဆုံးလေ့ရှိကြသည်။

သံချပ်သည် မြန်မာတို့၏ မူဟန်အစစ်ဖြစ်သည်။ မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ တစ်ဖွဲ့လျှင်သုံးယောက်ဖြင့် အတိုင်အဖောက် နှစ်ဖွဲ့၏ ဆိုအားလောက်သာမဟုတ်။ လာရောက်ကြည့်ရှုနားဆင်သူများပါ သံချပ်စာသား ရရန်မလိုဘဲ ပါဝင်သီဆိုနိုင်သည်။ စုပေါင်းလုပ်ဆောင်သည့်သဘောများ ပါဝင်သည်။ အားမာန်ပါသော ညီညွတ်မှု၏ သရုပ်သကန်များပါ မြင်ရသည်။ ရှုစားနားဆင်သူများလည်း ပျော်ရွှင်ရ၊ ကြည်နူးရ၊ ရယ်မောရသည်။ ဤသည်တို့ကပင် မြန်မာ့သံချပ် ဖြစ်လေသည်။

မြန်မာတို့၏ သင်္ကြန်ကာလ ဖျော်ဖြေမှုများတွင် သံချပ်ပြိုင်ပွဲများ၊ ပြိုင်ပွဲမဟုတ်သော်လည်း သံချပ်အဖွဲ့များ၏ တင်ဆက်မှုများ အတော်ပင်တွင်ကျယ်ခဲ့သည်ကိုလည်း သတိရမိပေသည်။ မကြာသေးသောကာလများတွင်မှ သံချပ်များ ပြန်လည်နိုးထသက်ဝင်လာသည်ကို ကြိုဆိုရမည်သာဖြစ်ပါသည်။ အများပြည်သူအတွက် နိုင်ငံအတွက် လိုအပ်သည်များ ထောက်ပြညွှန်းဆိုသော သံချပ်စာသားများဖြင့် ဝေဝေဆာဆာရှိကြပါလိမ့်မည်။

မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့သံချပ် ပြန်လည်နိုးထသက်ဝင်လာသည်ကို မြန်မာတိုင်းက ကြိုဆိုကြမည်သာ ဖြစ်ပါသတည်း။ ။

---

## တစ်ပြည်လုံးမြူးတဲ့ခါသင်္ကြန်

❖ သင်္ကြန်ခါ ချိန်တန်ခူးပေမို့
တိမ်ဦးက နက်ရောင်ဖြာ
မိုးပြောက်ကျားရွာ
တချို့နေရာရွာပါစမေး။
မရွာရင်ရွှေလွန်ပွဲကို
နွှဲနေကြသလေး။

❖ ငွေမိုးရေချိုလုံသောက်လို့
ပိတောက်များရယ်ကပင်ထက်မှာ
ထိန်ဝင်းလို့ဝါ
တချို့နေရာဝါပါစမေး။
မဝင်းလျှင်ဝါအောင်ပ
ရွှေရည်တူ၊ ဗူးဝယ်လို့
မှုတ်လိုက်ပါလေး။

❖ ပိတောက်တွေ ရွှေရောင်လူးတော့
မြူးလိုက်ကြည်သံစာ
သံချပ်များကသာ
တချို့နေရာသာပါစမေး။
မသာရင်ပါဝင်လို့ဖြင့်ကူးဖေး

❖ ငွေမိုးရေချိုလုံသောက်လို့
ပိတောက်ရယ်တဲ့ရွှေဝါဝါ
သံချပ်တို့ကသာ
တချို့နေရာပျော်ပါစမေး။
ဘယ့်နှယ့်ကွယ့်မေးစ
ကလေးမှသည်သက်ကြီးဆုံး
နှစ်ကူးချိန်တာရေသွန်းလို့
မြူးကြကွယ့်
တစ်ပြည်လုံး. . . . ။ ။

မျိုးမဟာ(ဥဿာ)

## ပြည်တွင်းရေးရာ

**❐ ရခိုင်ပြည်နယ်မှ**

ရှင်းလင်းပွဲတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က မကြာသေးမီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားချက်များကို ကိုးကား၍ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်နှင့် သန္နိဋ္ဌာန်ချမှတ်ထားမှုများ၊ အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ အနာဂတ်ရည်မှန်းချက်နှင့် ဦးတည်သည့် လမ်းကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အရေးကိစ္စ၏ သိမ်မွေ့နက်နဲသော သဘောသဘာဝနှင့် စိန်ခေါ်မှုများကိုပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် အဓိကအရေးကြီးသည့်ယုံကြည်မှုတည်ဆောက်ရေး၊ ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ခြင်းကို ဖြေရှင်းရေးနှင့်ရေရှည်ဖြေရှင်းနိုင်မည့် နည်းလမ်းရှာဖွေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းသည်။

ထိုအခြေအနေတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မှာ နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီခြင်းမရှိသဖြင့် နိုင်ငံတော်အစိုးရက လက်ခံခြင်းမပြုခဲ့ကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးရရှိမှုစသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကိုပြောကြားခဲ့ပြီး လက်ရှိရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက မြန်ဆန်စွာ အကောင်အထည်ဖော်မှုအခြေအနေများကို အလေးထားရှင်းလင်းပြောကြားသည်။ နိုင်ငံတော်အစိုးရက ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်အများအပြားကို အချိန်မဆိုင်းဘဲ ထိရောက်စွာ အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်းနှင့် အချို့ကိစ္စရပ်များကို ဒေသန္တရအခြေအနေနှင့် လိုက်လျောညီထွေဆက်စပ်ဆောင်ရွက်မည်ဖြစ်သော်လည်း လျင်မြန်စွာ တိုးတက်မှုများ ရရှိလာမည်ဟု ယုံကြည်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားသည်။

အစီရင်ခံစာပါ အကြံပြုချက်များအနက် လတ်တလော အကောင်အထည်ဖော်လျက်ရှိသော ကျောက်ဖြူစစ်တွေ၊ ရမ်းဗြဲတို့ရှိ IDP စခန်းများ ပိတ်ရေးအတွက် စီစဉ်လျက်ရှိခြင်း၊ မီဒီယာများလွတ်လပ်စွာ သွားရောက်သတင်းရယူနိုင်ရေး၊ ICRC မှ အကျဉ်းထောင်များအား သွားရောက်ခွင့်ရရှိရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပိုမိုတိုးတက်မြန်ဆန်စေရေးတို့အတွက် ဆောင်ရွက်နေခြင်း စသည့်အပြုသဘောဆောင်သော တိုးတက်မှုများကို ပြောကြားသည်။

ထို့ပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိသည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုရှိခဲ့သည့် နေရာများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားခရိုင်သို့ သွားရောက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ကြောင်း ထင်ရှားသည့် သက်သေအထောက်အထားများ ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ပြည်သူလူထုအကြား အကြမ်းဖက်မှုလုပ်ရပ်များကို မည်သည့်အခြေအနေမျိုးတွင်မဆို လက်ခံနိုင်ခြင်းမရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အကြမ်းဖက်မှုမျိုးစေ့ချရန် ကြိုးပမ်းမှုသည် ဒေသတွင်းသာမက ဒေသပြင်ပအထိ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းက အလေးအနက်ထားပြောကြားသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းနှစ်ရပ်လုံးအား လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်တွင်နေထိုင်သူအားလုံး၏ ငြိမ်းချမ်းရေး၊ သဟဇာတရှိရေး၊ တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရမှ အားသွန်ခွန်စိုက် ကြိုးပမ်းနေခြင်းကို နားလည်သဘောပေါက်မှု၊ အပြုသဘောဆောင်သော ထောက်ခံကူညီမှုများ ဆက်လက်ပေးအပ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်ခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာ ပြန်လည်နေရာချထားရန်စီစဉ်နေမှု ကြည့်ရှု

**မောင်တော မေ ၁၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် သီရိမင်္ဂလာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အမှာစကားပြောကြားပြီးနောက် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး အစရှိသည့် ဒေသတွင်းလိုအပ်ချက်များကို တင်ပြကြသည်။

ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖိုင်ဘာစက်တပ်လှေ၊ အသက်ကယ်အင်္ကျီ၊ ရှာဖွေကယ်ဆယ်ရေးအင်္ကျီ၊ ဆန်အိတ်၊ GAZI ရေပုံး အစရှိသည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ **(ယာပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက မီးလောင်ပျက်စီးခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု ဝါးပိတ်ကျေးရွာတွင် စက်ယန္တရားများဖြင့် မြေနေရာများ စနစ်တကျဖော်ထုတ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြင်းလွှတ်မြို့တွင် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ပန္နူကျေးရွာအုပ်စုအတွင်း ကျေးရွာသစ်တည်ထောင်ရန် စီမံထားမှုအခြေအနေများကိုကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။




**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။**

**(သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး)**

# မြတ်စွာဘုရားအား ဘာနုရာဇာနေမင်းကြီးက မဟာဝိဇယစေတီတော်ကြီး၌ ဦးခိုက်ပူဇော်မည်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "မုစလိန္ဒာနဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်န်းသဖွယ်ကပ်လျှပူဇော်ထားအပ်သော နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (၂၀၁၇ ခုနှစ် မေ (၁၇) ရက် တနင်္လာနေ့)နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်နှင့် ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအားရည်မှန်းပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြပါက အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(ကိုချစ်)**



**မြန်မာနှင့် အိမ်ရှင်ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။** Photo-MFF

**○ အာရှဖလားခြေစစ်ပွဲမှ**

အမြန်နှုန်းတင်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၅၆ မိနစ်တွင် ဂိုးသွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် မြန်မာအသင်းပယ်နယ်တီပေးခဲ့ရပြီး ဗီယက်နမ်အသင်း၏ ကန်သွင်းမှု ဂိုးဘားတန်းပေါ်ကျော်သွားခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၂ မိနစ်တွင် သွင်းယူခဲ့သည်။

အုပ်စု (ဃ)ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက လေးပွဲစလုံးအနိုင်ရကာ ၁၂ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး မြန်မာအသင်းက ကိုးမှတ်ဖြင့် ခြေစစ်ပွဲမအောင်ခဲ့ပေ။ အာရှဖလားအမျိုးသမီးခြေစစ်ပွဲတွင် တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**(ရဲရင့်ရှိုင်း)**

# မောင်တောမြို့နယ်တွင် စက်လှေတစ်စင်းနှင့်အတူ တရားမဝင် ဝင်ရောက်လာသူ ၁၅ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်းရှိပင်လယ်ကမ်းခြေတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် တရားမဝင် ဝင်ရောက်လာသည့် စက်လှေတစ်စင်းနှင့်အတူ တရားမဝင်ဝင်ရောက်လာသူ ၁၅ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ပင်လယ်ကမ်းခြေတစ်လျှောက်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မေ ၁ ရက်နေ့ နံနက် ၁ နာရီခွဲခန့်က မှူဝင်ချောင်းဝ ကင်းစခန်းနှင့် ဂေါ်ဒူသာရချောင်းဝ ကင်းစခန်းအကြား ပင်လယ်ကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် စစ်ဆေးရာ စက်လှေမောင်းသူ ထွက်ပြေးသွားသော်လည်း လှေပေါ်ရှိ တရားမဝင် ဝင်ရောက်လာသည့် အမျိုးသားသုံးဦး၊ အမျိုးသမီးခုနစ်ဦး၊ ကလေးငါးဦး စုစုပေါင်း ၁၅ ဦးအား တွေ့ရှိခြင်းဖြစ်သည်။

သို့ပါ၍ တရားမဝင် ဝင်ရောက်လာသူများအား သက်ဆိုင်ရာမှ စုံစမ်းမေးမြန်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အမျိုးသားတစ်ဦးပျောက်ဆုံးလျက်ရှိ

**နေပြည်တော် မေ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကွမ်းသီးပင်ကျေးရွာနေ ဆယ်အိမ်မှူးဟောင်းအမျိုးသားတစ်ဦးသည် မေ ၁၀ ရက်မှစ၍ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ကွမ်းသီးပင်ကျေးရွာနေ ဆယ်အိမ်မှူးဟောင်း မော်ဖီးအာလောင်(၄၀)နှစ်သည် မေ ၁၀ ရက် ညနေ ၃ နာရီခန့်တွင် နေအိမ်မှ ကိုက် ၅၀၀ ခန့်ရှိ ပုစွန်ကန်သို့ ငါး၊ ပုစွန် ဖမ်းရန်ထွက်ခွာသွားရာ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ညနေ ၅ နာရီတွင် ဇနီးဖြစ်သူ ဆာတီကာဘေဂွန်က နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❖ မန္တလေးမြို့မှ**

သင်္ကြန်ချစ်သူ ပြည်သူများလည်း လာရောက်အားပေးကြည့်ရှုကြပြီး သင်္ကြန်သီချင်းများဖြင့်ဖျော်ဖြေခြင်းများ မဏ္ဍပ်အပေါ်နှင့်အောက် အပြန်အလှန် ယိမ်းအက အစမ်းလေ့ကျင့်ခြင်းများပြုလုပ်ကြသည်။

အဆိုပါ ဝတ်စုံပြည့်ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်ရာသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ


ကိုထွေးပို


မဖြူစင်ပွင့်


မလုအိန်


ကိုထိန်လင်းအောင်


ကိုခိုင်မင်းထက်


မိအေးမွန်

**✱ ရွှေဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "နောက်တစ်ခုက အားလုံးနဲ့အတူတူ ဝိုင်းပြီးပြောတယ်ဆိုတော့ အားလုံးကို အချိန်ရအောင် ပေးစေချင်တယ်။ ကိုယ်တစ်ယောက်တည်းပြောချင်တာတွေကို ဖိပြီးတော့ ပြောနေရင်တော့ ဖြတ်မှာပဲ၊ တော်ပြီလို့ ပြောမှာပဲ။ အဲဒါ မပြောစေချင်လို့မဟုတ်ဘူး။ အခြားသူတွေရဲ့ အချိန်ကို လေးစားသောအားဖြင့် ဒီအချက်လေးတွေ သတိပြုစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်ဆွေးနွေးပွဲတွေမှာ တချို့က ကိုယ်ပြောချင်တာ ပြောပြီး ကျန်တဲ့သူတွေအတွက် အချိန်လောက်သလား၊ မလောက်ဘူးလား ဆိုတာကို လုံးဝမစဉ်းစားတဲ့ သဘောရှိတယ်။

အခြားသူတွေပြောတာကို သေချာနားမထောင်တာရှိတယ်။ ဆွေးနွေးပွဲဆိုတာ နံပါတ်တစ်က နားထောင်ခြင်းပဲ။ အခြားသူတွေရဲ့ အထင်အမြင်တွေကို သေသေချာချာ လေးလေးစားစား နားမထောင်ရင် ဆွေးနွေးပွဲမဟုတ်တော့ဘူး။ ဟောပြောပွဲဖြစ်သွားမယ်။ တစ်ယောက်ပြီးတစ်ယောက် ဟောပြောသွားတဲ့ သဘောပေါ့။ တခြားလူတွေအတွက် အချိန်ကိုလည်း သတိထားပြီးတော့ ကိုယ့်အချိန်ကို ကိုယ်ကန့်သတ်မယ်။"

"အခုဒီစကားဝိုင်းမှာဆိုရင် ကျေးလက်တောရွာမှာနေတဲ့ လူငယ်တွေရယ်လို့ မဟုတ်ပါဘူး။ တကယ်တော့ ပြည်သူလူထုလို့ပြောတာကို လူငယ်တွေပဲ ရွေးလိုက်တော့ ဒီတစ်ခါတော့ လူငယ်တွေပေါ့။ နောက်တစ်ခါကျရင် လူကြီးတွေပဲ သတ်သတ်မှတ်မှတ် ဖိတ်ရလိမ့်မယ်ထင်တယ်။ ကျေးလက်တောရွာမှာနေတဲ့ ပြည်သူလူထုဟာ ၇၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ပြောရမယ်ဆိုရင် ဒီနိုင်ငံရဲ့ ကျောရိုးလို့ပဲ ပြောလို့ရတယ်။ ကျေးလက်တောရွာမှာနေတဲ့ ပြည်သူလူထုဟာ ဒီနိုင်ငံရဲ့ ကျောရိုးဖြစ်တယ်။ လူတစ်ယောက်ရဲ့ ကျောရိုးဆိုတာဟာ မားမားမတ်မတ်ရပ်နိုင်အောင်လို့ ထောက်ပေးထားတာဖြစ်တယ်"ဟု ပြောကြားသည်။

၎င်းနိုင်ငံတိုးတက်ရန်၊ မားမားမတ်မတ်ရပ်တည်နိုင်ရန်ဆိုလျှင် ကျေးလက်တောရွာနေ ပြည်သူလူထု၏ ဘဝများ ခိုင်မာမှု၊ တိုးတက်မှု၊ ကောင်းမွန်မှုဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်တောရွာပြည်သူလူထု၏ အခန်းကဏ္ဍက အရေးကြီးကြောင်း၊ ယခုဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ အခန်းကဏ္ဍက ဘယ်လိုအရေးကြီးသည်ကို ယခုဆွေးနွေးပွဲမှ အဖြေတစ်ခုပေါ်အောင် ကြိုးစားရန် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းနေသည့် ဒေသနေပုဂ္ဂိုလ်များအနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ စိတ်ဝင်စားမှုနည်းပြီး ဗဟုသုတလည်းနည်းကြောင်း၊ မကြာခင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးလိုက်သည့်အခါ မန္တလေးတိုင်းဒေသကြီးဘက်က ငြိမ်းချမ်းရေးကိစ္စကို စိတ်ဝင်စားမှုနည်းသည်ဟုပြောကြောင်း၊ ဘာဖြစ်လို့လဲဆိုလျှင် မန္တလေးတိုင်းဒေသကြီးသည် ငြိမ်းချမ်းပြီး စစ်ပွဲများမရှိ၍ ဖြစ်ကြောင်း၊ စစ်ပွဲများမရှိသဖြင့် ငြိမ်းချမ်းရေးသည် ၎င်းတို့နှင့်မဆိုင်ဘူးဆိုသည့် ပုံစံဖြင့် နေကြကြောင်း။

တကယ်တွင် ငြိမ်းချမ်းရေးသည် အားလုံးနှင့် သက်ဆိုင်ကြောင်း၊ တိုင်းပြည်ဆိုသည်မှာ လူတစ်ယောက်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် အစိတ်အပိုင်းအားလုံးကောင်းမွန်မှ အားလုံးကောင်းမည်ဖြစ်ကြောင်း၊ ဥပမာ လက်နာနေသည်ဆိုလျှင် လက်တစ်ခုပဲ နာနေသည်ဆိုပြီး ပစ်ထား၍မရကြောင်း၊ သွားတစ်ချောင်းနာနေလျှင်လည်း စိတ်မသာယာကြောင်း၊ အလုပ်လုပ်ရတာလည်း အဆင်မပြေကြောင်း၊ စားရတာလည်း အဆင်မပြေကြောင်း။

ပိုပြီးအရေးကြီးသည့်အစိတ်အပိုင်းတစ်ခု ဥပမာ နှလုံးမကောင်းဘူးဆိုလျှင် အခြားအစိတ်အပိုင်းများ မည်မျှကောင်းကောင်း အသက်အန္တရာယ်အထိ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ နှလုံးသားဆိုသည်မှာ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည်ကို သတိပြုစေချင်ကြောင်း၊ ငြိမ်းချမ်းရေးရမှ တိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းပြီးငြိမ်းချမ်းရေးရရန်အတွက် လူတိုင်းလူတိုင်းတွင် ဘယ်လိုတာဝန်ရှိသလဲ၊ ဘာလုပ်ပေးနိုင်သလဲဆိုသည်ကို စဉ်းစားပြီး ဆွေးနွေးစေချင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ကျေးလက် တောရွာနေ လူငယ်များ စကားဝိုင်းသို့တက်ရောက်လာကြသည့် လူငယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ကိုထွေးပိုက "ကျွန်တော်တို့နိုင်ငံမငြိမ်းချမ်းလို့ ကမ္ဘာ့နိုင်ငံများအကြားမှာ အောက်ကျနောက်ကျ နေရပါတယ်။ ဒါ့ကြောင့် ဒေသအသီးသီးမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက အနာဂတ်မှာ စိတ်ထားကောင်းကောင်း၊ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ငြိမ်းချမ်းရေးရအောင် ဝိုင်းဝန်းဆောင်ရွက်စေလိုပါတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ နေတဲ့ဒေသက ငြိမ်းချမ်းပါတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးရဲ့ ဆုလာဘ်တစ်ခုပါ။ ငြိမ်းချမ်းရေးရဲ့ အရသာဟာလည်း ချိုမြိန်ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းစေချင်ပါတယ်"ဟု ဆွေးနွေးသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်နေ မဖြူစင်ပွင့်က "အခုလောလောဆယ် ကျွန်မတို့ တအာင်းဒေသမှာ စစ်ပွဲတွေ အများကြီးဖြစ်ပွားပါတယ်။ ထိခိုက်နစ်နာမှုတွေ ရှိပါတယ်။ ဒါကြောင့် အမြန်ဆုံး ငြိမ်းချမ်းစေချင်တယ်။ နှစ်ဦးနှစ်ဖက် Win Win Situation ပေါ့။ ဘာတွေ လုပ်ဆောင်ရမယ်ဆိုတာ အမေစုတို့က ပိုနားလည်တာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးကို အမြန်ဆုံး ဘယ်လိုဖော်ဆောင်မလဲ ဆိုတာရယ်၊ ငြိမ်းချမ်းအောင် ဘယ်လိုလုပ်မလဲဆိုတာရယ်၊ ကျွန်မအနေနဲ့ လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းရေးအတွက် ဘယ်လို အခြေအနေမျိုးကျမှသဘောတူမလဲ မေးကြည့်ချင်ပါတယ်။ တပ်မတော်ကိုလည်း လက်နက်ကိုင်အဖွဲ့တွေကို ဘယ်လိုအခြေအနေမျိုးကျမှ လက်မှတ်ထိုးခွင့်ပြုမှာလဲဆိုတာ မေးကြည့်ချင်ပါတယ်"ဟု ဆွေးနွေးသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နေ မလုအိန်က "ကချင်ပြည်နယ်မှာ စစ်ပွဲတွေ ဖြစ်ပွားနေတဲ့အတွက် တိုင်းရင်းသားရွာသူရွာသားတွေ အများကြီး ဒုက္ခသည်စခန်းကို ရောက်နေပါတယ်။ ကိုယ့်နေရာကိုယ် အမြန်ဆုံးပြန်ရောက်ဖို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်နိုင်ဖို့ အမြန်ဆုံး ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နေ ကိုထိန်လင်းအောင်က "ကျွန်တော်တို့ကတော့ ငြိမ်းချမ်းတဲ့ဒေသကလာတဲ့အတွက်ကြောင့် စိတ်ပိုင်းဆိုင်ရာတွေကိုပဲ ပြုပြင်ပြောင်းလဲရမယ်လို့ ထင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာတွေ ပြုပြင်ပြောင်းလဲဖို့အတွက် နိုင်ငံတော်အနေနဲ့ တရားဥပဒေစိုးမိုးမှုရှိပြီးတော့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်တဲ့နေရာမှာလည်း တရားဥပဒေစိုးမိုးရေးက အဓိကကျတယ်လို့ ထင်ပါတယ်။ ထာဝရငြိမ်းချမ်းရေးကို သွားမယ်ဆိုရင် အားလုံးက တစ်သွေးတစ်သံ၊ တစ်စိတ်တည်း စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် သွားကြရလိမ့်မယ်လို့ ထင်ပါတယ်"ဟု ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ ကိုခိုင်မင်းထက်က "ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ရန်ကုန်-မန္တလေး အပိုင်းမှာကတော့ သိပ်ပြဿနာမရှိပါဘူး။ လောက်ကိုင်ဒေသတိုက်ပွဲတွေဖြစ်တယ်။ ဒီစစ်ပွဲတွေဖြစ်နေတဲ့အတွက် ငြိမ်းငြိမ်းချမ်းချမ်းမနေရဘူး။ ကျွန်တော်တို့ မန္တလေးမှာလည်း မငြိမ်းချမ်းတာတွေ များနေတယ်။ မန္တလေးမှာ လုယက်မှုတွေ အမြဲဖြစ်နေပါတယ်။ အရေးယူမှုအပိုင်းကျတော့လည်း ရဲတပ်ဖွဲ့အင်အားကနည်းတယ်။ ရဲတပ်ဖွဲ့တွေနဲ့ တရားဥပဒေစိုးမိုးအောင် လုပ်နိုင်မယ်ဆိုရင် မှုခင်းတွေ လျော့ပါးသွားနိုင်မယ်လို့ မြင်ပါတယ်"ဟု ဆွေးနွေးသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နေ မမိအေးမွန်က "ကျွန်မကတော့ ငြိမ်းချမ်းရေးကို အမြန်ဆုံးဖြစ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ မွန်ပြည်နယ်ဘက်မှာ အရင်ကဆိုရင် အနက်ရောင်နယ်မြေဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အခုဆိုရင် ကျွန်မတို့မွန်ပြည်နယ်မှာ တိုးတက်လာပါပြီ။ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ၊ လူနေမှုအဆင့်အတန်းတွေ အားလုံးအများကြီးကို တိုးတက်လာပါပြီ။ ကျွန်မတို့ ရွာအနေနဲ့ဆိုရင်တော့ လမ်းပန်းဆက်သွယ်ရေးကတော့ ခက်ခဲနေပါသေးတယ်။ လျှပ်စစ်မီးလည်းမရရှိပါဘူး။ ပညာရေးနဲ့ပတ်သက်ပြီးတော့ ဆရာမအရေအတွက်နဲ့ ကလေးအရေအတွက်နဲ့ မမျှပါဘူး။ အခုအစိုးရသစ်လက်ထက်မှာတော့ ကျွန်မတို့ရွာအတွက် လမ်းခင်းဖို့ ထောက်ပံ့ပေးပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း လမ်းပန်းဆက်သွယ်ရေးကောင်းအောင်၊ မီးလင်းအောင် လုပ်ပေးမယ်လို့ ပြောပါတယ်။ ဒီလိုမျိုးကြားရတဲ့အတွက် ကျွန်မတို့ မြို့နယ်အတွက် ဝမ်းသာပါတယ်။ ငြိမ်းချမ်းရေးဆိုတာ တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးပြောဆိုမှုတွေ၊ အပေးအယူညှိနှိုင်းမှုက နံပါတ်တစ်ပါပဲ။ ဒါပေမယ့် လက်နက်နဲ့ မဖြေရှင်းပါနဲ့။ စားပွဲပေါ်မှာ အားလုံးဆွေးနွေးပြီးတော့ ယုံကြည်မှုတွေတည်ဆောက်ပါ။ ငြိမ်းချမ်းမှ တိုင်းရင်းသားတွေ အားလုံးအတူယှဉ်တွဲပြီးတော့ အေးအေးချမ်းချမ်းနဲ့ နေနိုင်မှာပါ။ ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီးတော့ ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးညီလာခံကို အမြန်ဆုံးအောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ဆွေးနွေးသည်။

ကချင်ပြည်နယ် ဖားကန့်မြို့နယ်နေ မနန်းဖြူနွင်းသက်က "ကျွန်မကလည်း ပြည်သူထဲက ပြည်သူဆိုတော့ ငြိမ်းချမ်းရေးကို အမြန်ဆုံးရချင်ပါတယ်။ ငြိမ်းချမ်းမှုမရှိတော့ ကျွန်မတို့ဘက်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်။ စီးပွားရေးတွေ နောက်ကျနေတယ်။ မြို့ကိုမပြောပါနဲ့။ ကိုယ့်ရွာမှာ ကိုယ်တောင် တစ်နှစ်ထက်တစ်နှစ် နိမ့်ကျတယ်လို့ ခံစားရတယ်။ တစ်နှစ်ထက်တစ်နှစ် နောက်ကျတယ်ဆိုတာက အခုဆိုရင် KG တန်းတွေ ဖွင့်တယ်။ ကလေးတွေအတွက် လိုအပ်တဲ့ ထောက်ပံ့ပစ္စည်းတွေပေးတယ်။ ဒါပေမယ့် အဲဒီပစ္စည်းတွေ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ မရောက်ဘူး"ဟု ဆွေးနွေးသည်။

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်နေ ကိုလှိုင်မင်းစိုးက "ကျွန်တော်တို့တိုင်းဒေသကြီးအနေနဲ့ ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီနှစ်မှာဆိုရင် ရေကြီးနစ်မြုပ်မှုတွေ အများဆုံးဖြစ်ပေါ်လို့ လယ်ဧကတွေ ပျက်စီးမှုများတဲ့အတွက် စိုက်ပျိုးရေးချေးငွေကိုတောင် ပြန်ဆပ်ဖို့ ခဲယဉ်းနေပါတယ်။ နယ်စပ်ဒေသတွေ မငြိမ်းချမ်းတဲ့အတွက် စပါးဈေးက ကျဆင်းနေပါတယ်။ ဥပမာတစ်ခုအနေနဲ့ ၂၀၁၅ ခုနှစ်ကဆိုရင် စပါးဈေးက ခြောက်သိန်း၊ ခြောက်သိန်းခွဲထိ မြင့်တက်ခဲ့ပါတယ်။ ဒီနှစ်ဆိုရင် လေးသိန်း ခုနစ်သောင်းဈေးပဲရှိတဲ့အတွက် တောင်သူတွေရဲ့ လူနေမှုဘဝစီးပွားရေးက ကျပ်တည်းလာပါတယ်။ ကျပ်တည်းလာတာနဲ့အမျှ အစိုးရချေးငွေတွေရော၊ အသေးစားချေးငွေတွေရော ဆပ်နိုင်ဖို့ကို တောင်သူတွေမှာ တော်တော်ကြီးကို ခက်ခဲနေပါတယ်။ တောင်သူတွေရဲ့ ဘဝတွေကို မြှင့်တင်ဖို့ဆိုရင် စပါးဈေးကို နှုန်းထားသတ်မှတ်ပေးမယ်ဆိုရင် တောင်သူတွေရဲ့ဘဝကတိုးတက်လာပြီး ငြိမ်းချမ်းရေးရမှာပါ"ဟု ဆွေးနွေးသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်နေ ကိုသာမောင်က "တိုင်းရင်းသားအချင်းချင်း အထင်လွဲမှု၊ နားလည်မှုတွေရှိနေတဲ့အတွက် လက်နက်ကိုင်တိုက်ခိုက်မှုတွေ ဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို တိုင်းရင်းသား တိုင်းရင်းသူတိုင်း ငြိမ်းချမ်းချင်စိတ်ရှိရှိပါဝင်ပြီး နိုင်ငံရေးနည်းလမ်းကို ရှာကြံဖြေရှင်းဖို့ လိုမယ်လို့ထင်ပါတယ်။ ကိုးကန့်ဒေသမှာ တိုက်ပွဲတွေ မကြာမကြာ ဖြစ်နေပါတယ်။ ကိုးကန့်ဒေသဟာ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ပြည်သူတွေဟာ မူလနေထိုင်ရာကျေးရွာကို ပြန်လည်မနေထိုင်နိုင်သေးတာတွေ ရှိပါတယ်။ အချို့ရွာတွေမှာဆိုရင် ကြံခင်းတွေကို သုံးနှစ်ကျော် မရိတ်သိမ်းနိုင်တာတွေရှိပါတယ်။ ကိုးကန့်တိုင်းရင်းသားအနေနဲ့ လက်ရှိအစိုးရဦးဆောင်နေတဲ့ (၂၁) ရာစု ပင်လုံညီလာခံကို ကြိုဆိုပါတယ်။ ထောက်ခံပါတယ်။ အောင်မြင်မှုရမယ်လို့လည်း ယုံကြည်ပါတယ်"ဟု ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နေ မဝင်းမာခိုင်က " သမီးတို့ရွာမှာ အိမ်ခြေ ၁၃၀၀ကျော်ရှိပါတယ်။ အထက်တန်းကျောင်းလည်းရှိပါတယ်။ လျှပ်စစ်မီးမရသေးပါဘူး။ မိုးကောင်းဆည်ရေသောက်မရှိလို့ အခက်အခဲရှိပါတယ်။ ဆည်မြောင်းနဲ့ရေလှောင်ကန်ကြီးတွေလိုအပ်ပါတယ်။ အရင်က မြေခွန်တွေပဲ ကောက်တယ်။ အခုရွှေခွန်ကောက်တယ်လို့ကြားနေပါတယ် ဟုတ်ပါသလား"ဟု ဆွေးနွေးသည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နေ မသိန်းသိန်းအိက "သမီးတို့ကတော့ ငြိမ်းချမ်းရေးပဲလိုလားပါတယ်။ ဟိုတုန်းက ကရင်ပြည်နယ်မှာ စစ်ဘေးကို နှစ်(၆၀)ကျော်ကြာ ခံစားခဲ့ရပါတယ်။ အခုတော့ ကျွန်မတို့ပြည်နယ်အတွင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးကို အတူလက်တွဲဖော်ဆောင်ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်တွေကို ရရှိခံစားရပါတယ်။ ဟိုတုန်းက စစ်ဘေးကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးလမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေအများကြီး ခံစားခဲ့ရပါတယ်။ စစ်ဘေးကြောင့်လည်း ဒေသဖွံ့ဖြိုးရေး နှောင့်နှေးခဲ့ရပါတယ်။ အခုဆိုရင် ငြိမ်းချမ်းရေးအသီးအပွင့်တွေ ခံစားရတဲ့အတွက်ကြောင့် ရွာချင်းဆက်လမ်းတွေ၊ မြို့တွေကို ဆက်သွယ်ပေးတဲ့လမ်းတွေကို ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဖွံ့ဖြိုးမှု အသီးအပွင့်တွေကို ခံစားရပါတယ်။

တင်ပြချင်တာကတော့ လမ်းပမ်းဆက်သွယ်ရေးမကောင်းတဲ့ ကျေးရွာတွေမှာဆိုရင် ကျောင်းတွေပျက်စီးပါတယ်။ တချို့ကျေးရွာတွေမှာဆိုရင် ကျောင်းတွေမရှိတဲ့အတွက် ဘုန်းကြီးကျောင်းတွေမှာ စာသင်ကြားရပါတယ်။ တာဝန်ကျ ကျောင်းဆရာ ဆရာမတွေဟာလည်း ဒေသဘာသာစကားနားမလည်တဲ့ အခက်အခဲတွေကြောင့် လာရောက်တာဝန်ထမ်းဆောင်ခြင်း မရှိပါဘူး။ ပြီးတော့ ကျွန်မတို့ ဒေသတွေမှာ လျှပ်စစ်မီးမရရှိသေးတာကိုလည်း ရအောင်ဆောင်ရွက်ပေးစေလိုပါတယ်"ဟု ဆွေးနွေးသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်နေ ကိုခွန်စိုးမောင်က "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အခါမှာ မြို့ပြနဲ့ ကျေးလက်တွေဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်နည်းပါးအောင် ကျေးလက်ကိုလည်း ဦးစားပေးပြီးလုပ်ပေးစေချင်ပါတယ်။ ကျေးလက်ဒေသကို ဖွံ့ဖြိုးအောင်လုပ်မယ်ဆိုရင် သူတို့လည်းငြိမ်းချမ်းရေးကို စိတ်ဝင်စားလာမယ်။ ပြည်သူလူထုကို အခြေခံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကိုရရှိနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက အာမခံရှိတဲ့ ဈေးကွက်လိုပါတယ်။ အာမခံဈေးကွက်မရှိတဲ့အတွက် တောင်သူဟာ စိုက်စရိတ်ချေးငွေကို ပြန်ဆပ်နိုင်တဲ့အနေအထား မရှိတော့ပါဘူး။ **စာမျက်နှာ ၉ သို့ ❍**

## ပြည်တွင်းရေးရာ



နန်းဖြူနှင်းသက်



ကိုလှိုင်မင်းစိုး



ကိုသာမောင်



မဝင်းမာခိုင်



မသိန်းသိန်းအိ



ခွန်စိုးမောင်

❍ စာမျက်နှာ ၈ မှ

ဒါကြောင့် တရားမဝင်ငွေရလွယ်တဲ့နည်းတွေကိုပြောင်းသွားတာရှိပါတယ်။ တရားဥပဒေကို သွားပြီးထိခိုက်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတော့ ငြိမ်းချမ်းရေးရဖို့ အဟန့်အတားတစ်ခုဖြစ်နေပါတယ်။

အခုချိန်မှာ ကျွန်တော်တို့ဟာ မိမိကိုယ်မိမိ တောင်သူလို့ပြောဖို့ခက်နေပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့ဒေသဟာ ယမ်းငွေ့တွေ၊ သေနတ်သံတွေ သိပ်တော့မကြားရပါဘူး။ ဒါပေမယ့်ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေအတွက် လက်မနာရင် နှလုံးသားနာပါတယ်။ ခြေမ နာရင် ခြေမ တင်မက နှလုံးသား နာပါတယ်။ ရှမ်းတစ်ယောက်နာရင် ကျွန်တော်လည်းနာပါတယ်။ ကရင် တစ်ယောက်နာရင် ကျွန်တော်တို့နာပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား တွေနာရင်လည်း ကျွန်တော်တို့နာပါတယ်။ စစ်ဘေးရှောင်ကြောင့် ပြည်ပကို ရောက်သွားသူတွေရှိပါတယ်။ တောင်သူလယ်သမား အလုပ်အဆင်မပြေလို့ ပြည်ပရောက်သွားသူတွေအများကြီးရှိပါတယ်။ သွားတဲ့နေရာမှာ တရားဝင် ရှိသလို၊ တရားမဝင်တာလည်းရှိပါတယ်။

ဘွဲ့ရတိုင်းရင်းသားလူငယ်တွေကို အစိုးရဌာနတွေမှာ တာဝန်ခန့်အပ်ခြင်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားတွေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လုပ်ပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ဆွေးနွေးသည်။

လူငယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “နိုင်ငံရေးအရ ပြောရရင် လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကို လက်မှတ်ထိုးဖို့ အမြဲ တံခါးဖွင့်ထားတယ်။ ဘယ်လိုအခြေအနေမျိုးဆိုရင် တံခါးပိတ်ထားတယ်ဆိုတာ မရှိပါဘူး။ ကိုယ်လုပ်ရမယ့်အလုပ်အတွက် ဆက်လုပ်ရမှာပါ။ ဒုတိယပင်လုံအစည်းအဝေးအတွက် အားလုံးလက်မှတ်ထိုးတဲ့အချိန်ကိုစောင့်လို့ မဖြစ်ပါဘူး။ သတ်မှတ်ထားတဲ့အချိန်ရောက်ရင် လုပ်ရမှာပါ။ လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေကတော့ အပြည့်မပါဝင်လို့ရတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကတော့ အတိုင်းအတာတစ်ခုအထိပါဝင်လို့ရတယ်။ ပါဝင်ခွင့်ရအောင်လို့တော့ အမြဲအခွင့်အရေးပေးပါမယ်။ ကျေးလက်တောရွာနေပြည်သူတွေက ဒီနိုင်ငံရဲ့ အများစုဖြစ်တာကြောင့် ငြိမ်းချမ်းရေးကို လိုအပ်တယ်။ လိုချင်တယ်ဆိုတာကိုတော့ အများသိအောင် လုပ်ရမှာပါ။ ကျေးလက်ဒေသမှာနေတဲ့ပြည်သူတွေရဲ့ အသံက မထွက်ဘူး။ လက်နက်ကိုင်တပ်တွေရဲ့ သေနတ်သံတွေက ထွက်တယ်။ လူတွေရဲ့ အသံတွေလည်း ထွက်တယ်။ ဒါကြောင့်လည်း သာမန်ပြည်သူတွေက ငြိမ်းချမ်းရေး လိုချင်တယ်ဆိုတာကို သေသေချာချာ ပေါ်လွင်ဖို့ ဖြစ်ပါတယ်။ ကျေးလက်တောရွာ ပြည်သူလူထုက ဘယ်လိုမြင်သလဲဆိုတာ ကြားချင်တယ်”

“အားလုံးပြောနိုင်တဲ့ ဘာသာစကားကတော့ နိုင်ငံတိုင်းမှာလိုတယ်။ ဒါကြောင့် ကျောင်းမှာသင်တဲ့ဘာသာစကား၊ ရုံးသုံးဘာသာစကားဟာ မြန်မာဘာသာစကားဆိုပြီးတော့ သတ်မှတ်ထားတာပါ။ အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းဖလှယ်နိုင်ဖို့လိုတယ်။ ဒုက္ခသည်စခန်းတွေမှာ ပြည်သူတွေက မနေချင်ဘူး။ ကိုယ့်ရပ် ကိုယ့်ရွာမှာပဲ နေချင်တယ်။ ကိုယ့်ရပ် ကိုယ့်ရွာမှာ နေနိုင်ဖို့ဆိုတာဟာ ငြိမ်းချမ်းရေးလိုအပ်တယ်။ အဲဒါကတော့ အားလုံး လွယ်လွယ်နဲ့ နားလည်နိုင်တဲ့ ကိစ္စပဲ။ ဒုက္ခသည်စခန်းမှာ ရောက်နေတဲ့ သူတွေဟာ ကိုယ့်ရပ်ကိုယ့်ရွာကို မပြန်နိုင်သေးတဲ့အချိန်မှာ အားလုံးဝိုင်းပြီးတော့ ကိုယ်တတ်နိုင်တဲ့ ပုံစံနဲ့ ကူညီရမယ်။ ငြိမ်းချမ်းရေးကို တကယ်ပဲ လိုလားတယ်၊ ငြိမ်းချမ်းရေးကို အားပေးချင်တယ်ဆိုရင် ငြိမ်းချမ်းရေး မရမီစပ်ကြားမှာ ငြိမ်းချမ်းရေးမရခြင်းကြောင့် ဖြစ်နေတဲ့ ပြဿနာတွေ၊ ဒုက္ခတွေကို တတ်နိုင်သမျှ ဝိုင်းပြီးတော့ ဖြေရှင်းပေးစေချင်တယ်”

“မတူတဲ့အမြင်တွေကို ညှိနှိုင်းနိုင်ဖို့က အရေးကြီးတယ်။ မတူပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ မတူတဲ့အမြင်တွေကို ညှိဖို့က တာဝန်ပဲ။ အဲဒါမှ ငြိမ်းချမ်းရေးရနိုင်မှာ။ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့ သဘောထားတွေအပေါ်မှာအခြေခံပြီးတော့ ငြိမ်းချမ်းရေးအတွက် တူညီတဲ့ စိတ်ဓာတ်တွေမွေးရမယ်။ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတစ်နိုင်ငံဟာ တည်ငြိမ်နိုင်မှာ။ တရားဥပဒေစိုးမိုးရေးဟာ အချင်းချင်းပြေလည်ဖို့အတွက် အရေးကြီးတာကြောင့် ငြိမ်းချမ်းရေးအတွက် အဓိကတန်ဖိုးလို့ ပြောချင်ပါတယ်”

“ဒီနိုင်ငံကို ငြိမ်းချမ်းစေချင်တယ်။ တိုးတက်စေချင်တယ်။ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ တိုးတက်ခြင်းအတွက် လျှော့သင့်တာကိုတော့ လျှော့ရမှာပေါ့။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အားလုံးက စားပွဲဝိုင်းမှာထိုင်ပြီး ဆွေးနွေးကြပါ။ လက်နက်ကနေပြီးတော့ အဖြေပေးမှာ မဟုတ်ဘူးဆိုတာကို သဘောတူတယ်။ ကျေးလက်တောရွာမှာရှိတဲ့ ပြည်သူတွေက ဒီလိုစိတ်ဓာတ်တွေထားမယ်ဆိုရင် ငြိမ်းချမ်းရေးရဖို့ဟာ အများကြီး အလားအလာ ကောင်းပါတယ်”

“လျှပ်စစ်မီးမရရှိလို့၊ အာဟာရ မပြည့်လို့ဆိုတဲ့ အကျိုးဆက်တွေကြောင့် ထိခိုက်လာတယ်။ လမ်းပန်းဆက်သွယ်ရေးက အဓိကဆိုတော့ လမ်းပန်းဆက်သွယ်ရေးကို အဓိကထားလုပ်မယ်။ ဒါပေမဲ့ ဒီလမ်းတွေ လုံခြုံဖို့ကတော့ ငြိမ်းချမ်းရေးရမှဖြစ်မယ်။ လမ်းတွေကို ဘယ်လောက်ကောင်းအောင် လုပ်လုပ် ငြိမ်းချမ်းရေးမရဘူး။ တိုက်ပွဲတွေရှိနေမယ်ဆိုရင် ဒီလမ်းတွေကို သုံးလို့မရဘူး။ လုံခြုံမှုမရှိတော့ ဒီလမ်းတွေကို လုပ်လို့မရဘူး။ လမ်းတွေက ပြန်ပျက်မယ်ဆိုတော့ သံသရာကလည်နေတာပေါ့။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးကတော့ ရကိုရမှ ဖြစ်မယ်”

“ငြိမ်းချမ်းရေးနဲ့ ပညာရေးက ဆက်နွှယ်နေတယ်ဆိုတာကို လက်ခံတယ်။ ဒုက္ခသည်စခန်းမှာ ကလေးတွေကို ပညာရေးမပြတ်အောင် အမေတို့ ကြိုးစားတာပဲ။ ဒါပေမယ့် ကိုယ့်အရပ်မှာကိုယ်နေပြီး ကျောင်းတက်ရတာနဲ့တော့ ကွာတာပေါ့”

“တောင်သူလယ်သမားတွေက ရာသီဥတုအပေါ်မှာ မှီတင်းပြီးအလုပ်လုပ်ရတာဆိုတော့ ရာသီဥတုက ပြန်ပြီးတော့ အရင်အတိုင်းပြန်ဖြစ်တော့မှာမဟုတ်ဘူး။ ဆက်ပြီးတော့ ဒီလိုပုံစံပဲ ဖြစ်နေတော့မှာ။ ကမ္ဘာ့ရာသီဥတုက ပြောင်းလဲသွားပြီဆိုတာကို ပညာရှိကြီးတွေ ပြောထားကြတယ်”

“ကမ္ဘာ့ရာသီဥတုရဲ့ ပြောင်းလဲမှုကို အများဆုံးခံရမယ့် နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံပါတယ်။ ပထဝီအနေအထားအရ တချို့နိုင်ငံတွေက ရာသီဥတုရဲ့ အကျိုးဆက်တွေကို ခံစားရမယ်။ တချို့နိုင်ငံတွေက ဒီလောက် မခံစားရဘူး။ တို့နိုင်ငံက များများခံရမယ့် နိုင်ငံတွေထဲမှာပါတယ်။ အဲဒါတွေအတွက်ကို ပြင်ဆင်ရမယ်။ တောင်ယာလုပ်ကိုင်ပေမယ့်လည်း ခေတ်ပညာတတ်တစ်ယောက်ဖြစ်လို့ ဒီဟာတွေကို ဆင်ခြင်သုံးသပ်ပြီး လယ်ယာတွေလုပ်တဲ့နေရာမှာ ပညာတွေ၊ အမြော်အမြင်တွေ သုံးရမယ်”

“ဈေးကွက်ရှာရမယ်။ ဈေးကွက်ရှာတဲ့နေရာမှာ တောင်သူလယ်သမားတွေရဲ့ အကြွေးနစ်နေတဲ့ဘဝက လွတ်မြောက်အောင်လို့ အစိုးရကနေပြီးတော့ မူဝါဒတွေချထားပြီး လုပ်ယူရမယ်။ လုပ်ယူတဲ့နေရာမှာ အစိုးရကနေပြီး ပုဂ္ဂလိကနဲ့ ပူးပေါင်းပြီး လုပ်ဖို့လိုတယ်။”

“ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ အင်မတန်မှ အရေးကြီးတယ်။ အစိုးရနဲ့ ပူးပေါင်းပြီးတော့ တောင်သူလယ်သမားတွေရဲ့ ဘဝကို မြှင့်တင်မယ်။ ခေတ်မီတဲ့ ပညာရပ်တွေနဲ့ လယ်ယာစိုက်ပျိုးရေးရဲ့ပြဿနာတွေ၊ စိန်ခေါ်မှုတွေကို ခေတ်ပညာသင်ထားတဲ့ တောင်သူလယ်သမားအသိုင်းအဝိုင်းက ဒါကို ဦးဆောင်ပြီးတော့ လုပ်ရမယ်။ ခေတ်အမြင်နဲ့ လုပ်ရမယ်”

“ကိုယ့်နိုင်ငံ ကမ္ဘာ့အလယ်မှာတင့်တယ်ဖို့အတွက်ဆိုရင် ကိုယ့်နိုင်ငံက ပြည်သူပြည်သားတွေက အများနားလည်နိုင်တဲ့ ဘာသာစကားနဲ့ ပြောနိုင်၊ ဆိုနိုင်၊ ရေးနိုင်၊ ဖတ်နိုင်ရမယ်၊ နောက်တစ်ခုကတော့ ရေးနိုင်၊ ဖတ်နိုင်တာနဲ့ ပတ်သက်လို့ လက်တွေ့ကျကျကြည့်မယ်ဆိုရင် ကမ္ဘာကြီးမှာ အရေးကြီးတဲ့ စာအုပ်ပဲဖြစ်ဖြစ်၊ သိပ္ပံနဲ့ပတ်သက်တဲ့ ဆောင်းပါးပဲဖြစ်ဖြစ်၊ စာပေအနုပညာနဲ့ ပတ်သက်တဲ့ ဆောင်းပါးပဲဖြစ်ဖြစ် တကယ်အရေးကြီးပြီဆိုရင် နေ့ချင်း ညချင်း အင်္ဂလိပ်ဘာသာကို ပြန်နိုင်တဲ့ အခြေအနေရှိရမယ်။ ဒါကြောင့် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်ရင် အများကြီး လေ့လာနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့တိုးတက်မှုကို လေ့လာနိုင်တဲ့ အနေအထားရှိတယ်။ ဒါကြောင့်မို့ တို့နိုင်ငံမှာ အင်္ဂလိပ်ဘာသာစကား သင်ယူတဲ့ဟာကိုလည်း အားပေးရမယ်။ ပိုပြီးတော့တိုးတက်အောင်လုပ်ရမယ်။ ဒါမှ ကမ္ဘာကြီးနဲ့ ယှဉ်နိုင်မယ်”

“မြန်မာစကားကို သင်တယ်ဆိုတာ မြန်မာတွေလွှမ်းမိုးတယ်ဆိုတဲ့ အမြင်နဲ့ မဟုတ်ဘူး။ ဒါဟာ အားလုံးပြောနိုင်မယ့်၊ နားလည်မှုယူနိုင်မယ့် ဘာသာစကားတစ်ခုကတော့ ပြည်တွင်းမှာလိုတယ်။ ဒီနှစ်ခုကို ပညာရေးစနစ်ထဲမှာ မြှုပ်နှံထားနိုင်မယ်ဆိုရင် တိုးတက်မှုတွေအများကြီးဖြစ်လာမှာပါ။ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့ ပညာရေးစနစ်ဖြစ်ရမယ်။ ပညာရေးစနစ်ထဲမှာကို ပြည်ထောင်စုစိတ်ဓာတ်ကို မြှုပ်နှံထားရမယ်။”

“အခွန်ကောက်ရမလားဆိုပြီး စိတ်မပျက်ပါနဲ့။ အခွန်ကိုဘာလုပ်သလဲဆိုတာကိုပဲမေးပါ။ တကယ်ပဲအခွန်တွေကို ပြည်သူအတွက် ဘယ်လိုသုံးတယ်ဆိုတာ သိပိုင်ခွင့်ရှိတယ်။ နိုင်ငံဟာ ပြည်သူလူထုဆီက အခွန်ကောက်ခံမှုအနည်းဆုံး နိုင်ငံဖြစ်ပါတယ်”

“ကရင်ပြည်နယ်က အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့အတွက်ကြောင့် အများကြီးတိုးတက်မှုရှိတယ်ဆိုတာ သိပါတယ်။ ငြိမ်းချမ်းရေးစာချုပ်ကို သဘောတူထားတဲ့အဖွဲ့နဲ့လည်း ပြည်ထောင်စုအစိုးရရယ်၊ ပြည်နယ်အစိုးရရယ် ပူးပေါင်းပြီး စီးပွားရေးဖွံ့ဖြိုးမှုတွေကို ဆောင်ရွက်နေပါတယ်။ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ အကျိုးဆက်တွေက အင်မတန်မှ ရှည်ပါတယ်။ ဟိုဘက်မှာဆိုလျှင် ဒုက္ခသည်စခန်းတွေမှာ ဒီနိုင်ငံသားတွေအများကြီး ရှိတယ်။ ကရင်တိုင်းရင်းသူ တိုင်းရင်းသားတွေအများကြီး ရှိတယ်။ ဒီတိုင်းရင်းသူ တိုင်းရင်းသားတွေ ပြန်လာဖို့၊ ပြန်လာပြီး သူတို့ဘဝတွေ ထူထောင်ဖို့ဆိုတာ နေ့ချင်းညချင်းတော့မဖြစ်နိုင်ဘူး”

“ငြိမ်းချမ်းရေးလမ်းကို လျှောက်တဲ့အခါမှာ တဖြည်းဖြည်းဆိုပေမယ့် အရမ်းနှေးလို့လည်းမဖြစ်ဘူး။ ငြိမ်းချမ်းရေးရဖို့ အချိန်ကြာလေ နိုင်ငံနာလေပဲ။ နိုင်ငံမြန်မြန် ဒဏ်ရာဒဏ်ချက်တွေပျောက်ဖို့ဆိုရင် ငြိမ်းချမ်းရေးကို မြန်မြန်ရအောင်လုပ်ဖို့ လိုတယ်”

“ကိုယ်နိုင်ငံကထွက်တဲ့ အရည်အသွေးကိုပဲ အားကိုးစေချင်တယ်။ အရည်အသွေးကောင်းရင်ဈေးကွက်ကစိတ်ချရတယ်။ တခြားလိုတာလည်း အများကြီးရှိတယ်။ အဓိကအရည်အသွေးမီအောင်လုပ်ရမယ်”

“ပြည်သူပြည်သားတွေကို အရည်အချင်းမြှင့်တင်ဖို့က နံပါတ်တစ်ပဲ။ ဒါဟာ တန်ဖိုးအရှိဆုံးသယံဇာတပဲ။ ရေနံတို့၊ ကျောက်စိမ်းတို့လည်း အားမကိုးနဲ့ တစ်ချိန်မှာ ကုန်သွားမှာ၊ ပြည်သူဆိုတာအမြဲရှိနေမှာပဲ။ မျိုးဆက်တစ်ဆက်ပီပီပြင်ပြင် အရည်အချင်းပြည့်စုံသွားမယ်ဆိုရင် နောင်မျိုးဆက်ကို ပြုစုပျိုးထောင်နိုင်မယ်”ဟု ပြန်လည်ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က online မှ မေးမြန်းသည့် **“ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတွေဘာဖြစ်လို့ သီးခြားနိုင်ငံအဖြစ် မနေသင့်သလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။ နိုင်ငံတော်တည်ထောင်ခြင်းဖြစ်စဉ်မှာ တစ်စု၊ တစ်ဖွဲ့ရဲ့ အာဏာရှင်ဆန်ဆန်ဓားမိုးထားတဲ့ ပြည်ထောင်စုနဲ့ တစ်စိတ်တစ်ဝမ်း ညီတူမျှတူ အခွင့်အရေးရကြတဲ့ ပြည်ထောင်စုကွာခြားပုံကိုလည်း ပြောပြပေးစေလိုကြောင်း”မေးခွန်း၊ “မြန်မာနိုင်ငံရဲ့ကျေးလက်ဒေသတွေမှာ မူးယစ်ဆေးဝါးနှင့် အရက်သောက်သုံးမှုတွေဟာ အလွန်များပြားနေတာကို တွေ့ရပါတယ်။ ကျေးလက်ဒေသနေ ပြည်သူတွေဟာ ပညာရေးနိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုကြောင့် နိုင်ငံရပ်ခြားကိုထွက်ပြီး အလုပ်လုပ်နေကြရပါတယ်။ ဒီလိုအခြေအနေတွေ ဆက်မဖြစ်အောင် ဘယ်လိုစီမံဆောင်ရွက်မယ်ဆိုတာ သိလိုပါတယ် မေးခွန်း”** နှင့် **“ကျေးလက်နေပြည်သူအချို့ဟာ မြို့နေပြည်သူတွေလောက် ဗဟုသုတကြွယ်ဝခြင်းမရှိတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသတွေမှာ ကျေးလက်နေ ပြည်သူတွေကြားမှာ လူမျိုးရေး၊ ဘာသာရေးအမုန်းတရားတွေ မှိုင်းတိုက်ခံထားရတာ အများဆုံးဖြစ်နေတာကိုတွေ့ရပါတယ်။ ဒီလိုအမုန်းတရားမီးတွေ ကျေးလက်နေပြည်သူတွေကြားမှာ ချုပ်ငြိမ်းသွားအောင် နိုင်ငံတစ်ဝန်းတရားဥပဒေစိုးမိုးအောင်၊ နိုင်ငံသားတိုင်း ဥပဒေကို လေးစားလိုက်နာအောင် အမြန်ဆုံးဆောင်ရွက်ပေးပါမေးခွန်း”** မေးခွန်း သုံးခုအား ပြန်လည်ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် “ငြိမ်းချမ်းရေးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတူညီသည့်စိန်ခေါ်မှုတွေရှိတာကိုလည်းတွေ့ရလိမ့်မယ်။ အားလုံးဟာ ဒီတစ်နိုင်ငံတည်းမှာနေတာဖြစ်တယ်။ ဒီနိုင်ငံချမ်းသာရင်၊ တည်ငြိမ်ရင်၊ အေးချမ်းရင် အားလုံးအတွက် အဆင်ပြေပြီးတော့ ပိုကောင်းမယ်။ အဖြေဆိုတာ အမှန်တကယ်လိုချင်ရင် အဖြေဟာရှာလို့ရပါတယ်။ မေးပါများ စကားရ၊ သွားပါများခရီးရောက်ဆိုတဲ့ မောင်ပေါက်ကျိုင်းစကားပုံလိုပဲ ငြိမ်းရေးဖြစ်စဉ်ဟာလည်း ဒီလိုပါပဲ။ သွားပါများရင် ခရီးရောက်ဆိုတဲ့အတိုင်း ဒီငြိမ်းချမ်းရေးလမ်းကြီးကို သွားရင်းသွားရင်းနဲ့ ခရီးရောက်မယ်။ ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်မယ်လို့ ယုံကြည်ပါတယ်။

“မေးပါများစကားရဆိုတာ ကိုယ့်အချင်းချင်းမေးရမယ်။ ကိုယ့်အချင်းချင်း နားထောင်ရမယ်။ မေးပြီးတော့ အဖြေကိုနားမထောင်ရင် အလကားပဲ။ အဖြေကို နားထောင်ပြီး အကောင်းဆုံးအဖြေကိုရှာပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အားလုံးဝိုင်းပြီးလုပ်ရမယ်။ ဒီလိုဆွေးနွေးတယ်ဆိုတာဟာ လုံလောက်တဲ့ ထိတွေ့မှုတော့ မဟုတ်ပါဘူး။ ၅၃ သန်းကျော်တဲ့ ပြည်သူအားလုံးနဲ့ တစ်ယောက်ချင်း တစ်ယောက်ချင်းတွေ့ပြီး ဆွေးနွေးဖို့ကမလွယ်ပါဘူး။ အစိုးရအနေနဲ့ တတ်နိုင်သမျှ ပြည်သူလူထုနဲ့ထိတွေ့ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပြည်သူတွေကိုပါစေချင်ပါတယ်။ ပြည်သူတွေရဲ့ အင်အားနဲ့မှ အောင်မြင်နိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်”ဟုပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စကားဝိုင်းသို့ တက်ရောက်လာကြသည့် လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ စကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ထားဝယ်သင်္ကြန် သုံးရက်စော၍ ရေကစား

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ တစ်မူထူးခြားနေသည်ကို တွေ့ရှိရသည်။ သာမန်အားဖြင့် နှစ်သစ်ကူးရေကစားမှုကို တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်သင်္ကြန်အကြိုနေ့(မေ ၁၃ ရက်)မှစတင်၍ ရေပက်ခြင်း၊ ရေပက်ခံထွက်ခြင်းများ ရှိကြသော်လည်း ထူးခြားမှုမှာ ထားဝယ်မြို့၌ ကလေးသင်္ကြန်ဟူ၍ မေ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ရေကစားကြသည်။

ကလေးများ၊ လူငယ်လူရွယ်များ ပျော်ရွှင်စွာဖြင့် ရေပက်ကစားခြင်းကို ထားဝယ်ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေဖြင့် သုံးရက်စော၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်မှာ ထားဝယ်မြို့၏ အစဉ်အလာဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# အမျိုးသားအဆင့်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်

**ရန်ကုန် မေ ၁၁**

အမျိုးသားအဆင့်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ရာ ပထမအဆင့် ရွှေ့ပြောင်းတိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလက စတင်ကောက်ယူခဲ့သလို ဒုတိယအဆင့် ရွှေ့ပြောင်းတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ယခုနှစ် မတ်လက စတင်ကောက်ယူလျက်ရှိကြောင်း မုံရွာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမျိုးချစ်ထံမှ သိရသည်။

"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာ အမျိုးသားအဆင့်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူတဲ့လုပ်ငန်းကို လုပ်သွားမှာဖြစ်ပါတယ်။ ပထမအဆင့် ရွှေ့ပြောင်းတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူတဲ့လုပ်ငန်းကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရဲ့ အပူပိုင်းဒေသတိရစ္ဆာန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းက လေးမြို့နယ်နဲ့ မကွေးတိုင်းဒေသကြီးက နှစ်မြို့နယ်တို့မှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလကစပြီး ဆောင်ရွက်ခဲ့တာ ယခုနှစ် ဇန်နဝါရီလမှာ တွေ့ရှိချက်တွေကို တင်ပြခဲ့ပါတယ်။ အဲဒီနောက် ဒုတိယအဆင့် ရွှေ့ပြောင်းတိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူတာကို ယခုနှစ် မတ်လကစပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်က ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနဲ့ တံတားဦးမြို့နယ် လေးမြို့နယ်နဲ့ မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၊ မိတ္ထီလာခရိုင် မိတ္ထီလာ၊ သာစည်နဲ့ ဝမ်းတွင်းမြို့နယ် စုစုပေါင်း သုံးခရိုင်က ရှစ်မြို့နယ်မှာ ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ဒေါက်တာမျိုးချစ်က ပြောသည်။

ရှေ့ဆောင်စီမံကိန်း၏ရလဒ်အပေါ် မူတည်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး တိရစ္ဆာန်စာရင်းကောက်ယူနိုင်ရေး စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ FAO ဌာနေကိုယ်စားလှယ်ရုံးမှ Dr. Murray Maclean ကို တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူရာတွင် Technical Assistance အဖြစ် တာဝန်ပေးအပ်ထားကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး တိရစ္ဆာန်စာရင်းကောက်ယူနိုင်ရေး ရန်ပုံငွေကျပ်သန်း ၁၄၀၄ ဒသမ ၇၈ လျာထားတောင်းခံထားပြီး တိရစ္ဆာန်စာရင်းအင်းအချက်အလက်များ ထည့်သွင်းခြင်း မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ရန် ဝန်ထမ်း ၃၀ ကို ယခုနှစ် မတ်လအတွင်းက ကွန်ပျူတာသင်တန်း ၁၂ ရက် ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း တိရစ္ဆာန်ကောင်ရေအရင်းအမြစ်တိုးတက်မှုနှုန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်စနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ကောက်ယူထားသည့် စာရင်းများအရ ကျွဲကောင်ရေမှာ ၃ ဒသမ ၆၃၈ သန်းမှ ၃ ဒသမ ၇၄၁ သန်း၊ နွားကောင်ရေ ၁၆ ဒသမ ၅၀၆ သန်းမှ ၁၆ ဒသမ ၉၉၂ သန်း၊ သိုးနှင့်ဆိတ်ကောင်ရေ ၈ ဒသမ ၅၈၆ သန်းမှ ၉ ဒသမ ၄၂၆ သန်း၊ ဝက်ကောင်ရေ ၁၆ ဒသမ ၃၄၁ သန်းမှ ၁၇ ဒသမ ၅၄ သန်း၊ ကြက်ကောင်ရေ ၂၉၃ ဒသမ ၆၀၂ သန်းမှ ၃၁၆ ဒသမ ၈၆၃ သန်း၊ ဘဲကောင်ရေ ၂၃ ဒသမ ၅၇၂ သန်းမှ ၂၅ ဒသမ ၂၂၆ သန်း၊ ကြက်ဆင်နှင့် ဘဲငန်းကောင်ရေ ၁ ဒသမ ၅၁၈ သန်းမှ ၁ ဒသမ ၅၇၃ သန်းနှင့် ငုံးကောင်ရေ ၁ ဒသမ ၉၃၈ သန်းမှ ၂ ဒသမ ၂၅ သန်းသို့ တိုးတက်လာခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(နေပြည်တော်)၏ စာရင်းဇယားများအရ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပျော်ရွှင်စွာရေကစားကြမည့် အင်းစိန်မဟာသင်္ကြန်ပွဲတော်

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လှိုင်မြစ်လမ်းမကြီး အင်းစိန်မြို့မဈေးကြီးရှေ့၌ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ယဉ်ကျေးပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနိုင်ရေးအတွက် မဟာသင်္ကြန်ရေကစားမဏ္ဍပ် စတင်ဆောက်လုပ်လျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ ပြည်သူများနှင့်အတူ ပါဝင်၍ ယဉ်ကျေးပျော်ရွှင်စွာဆင်နွှဲကြပြီး သင်္ကြန်ရေကစားကြမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

အဆိုပါမဏ္ဍပ်ကို မေ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့ ညနေ ၃ နာရီတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်သီချင်းများဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတို့က ပြည်သူများနှင့်အတူ စုပေါင်းသီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပေးကြမည်ဖြစ်ပြီး မဟာသင်္ကြန်ရက်များအတွင်းတွင်လည်း ပြည်သူများနှင့်အတူ စုပေါင်းရေကစားကြကာ သင်္ကြန်တေးသီချင်းများ၊ မြန်မာ့တေးသံသာများ၊ အကအလှများဖြင့် ဧည့်ခံဖျော်ဖြေသီဆိုကြမည်ဖြစ်သည်။

မေ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ ညနေ ၆ နာရီတွင် ပိတ်ပွဲကျင်းပကာ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးပျော်ရွှင်အေးချမ်းစွာဆင်နွှဲကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ကျင်းပရေးကော်မတီမှ ပြောကြားသည်။

**ညဏ်ဟိန်း(အင်းစိန်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ လယ်ယာသုံးစက်ကိရိယာ ၂၂၀၀ ကျော် အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့

**မုံရွာ မေ ၁၁**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လယ်ယာလုပ်ငန်းများတွင်အသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာများကို စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစီးရေ ၂၂၈၉ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သော လယ်ယာသုံးစက်ကိရိယာများတွင် လက်ကိုင်ရှည် လက်တွန်းထွန်စက်၊ ဒေါင်ဖန်းလက်တွန်းထွန်စက်၊ Sonalika ထွန်စက်၊ Kubota ထွန်စက်များနှင့် ပြန်လည်ပြုပြင်ပြီး တစ်ပတ်ရစ်ထွန်းစက်ကြီးများကို ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တောင်သူတွေ လယ်ယာလုပ်ငန်းခွင်တွေမှာ စက်ကိရိယာတွေကို ပိုပြီးအသုံးပြုနိုင်စေဖို့အတွက် အရစ်ကျစနစ်နဲ့ ရောင်းချပေးတာပါ။ နှစ်နှစ်ကို သုံးရစ်သွင်းရပါမယ်။ သုံးနှစ်ကို လေးရစ်သွင်းရတဲ့ စက်ကိရိယာတွေပါမယ်။ အားလုံးကိုတော့ တောင်သူတွေ ရာသီဥတုပြောင်းလဲလာတဲ့အချိန်မှာ အချိန်ကိုက်စိုက်ပျိုးနိုင်ဖို့အတွက် စက်ကိရိယာတွေကို ပိုပြီးအသုံးပြုလာတယ်။ စက်ကိရိယာတွေသုံးတော့ အချိန်ကုန်သက်သာပြီး အချိန်ကိုက်စိုက်ပျိုးနိုင်တယ်။ လုပ်သားရှားပါးမှုတွေကိုလည်း ဖြေလျှော့နိုင်တယ်။ အဲဒီအတွက် အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးတာပါ"ဟု တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များမှ တောင်သူများသို့ လက်ကိုင်ရှည်လက်တွန်းထွန်းစက် ၅၂ စီးကို သုံးနှစ်လေးရစ် ငွေချေစနစ်ဖြင့်လည်းကောင်း၊ ဒေါင်ဖန်းလက်တွန်းထွန်စက် ၂၁၆၇ စီးကို နှစ်နှစ် သုံးရစ်ငွေချေစနစ်ဖြင့်လည်းကောင်း၊ Sonalika ထွန်စက် ၁၉ စီးကို နှစ်နှစ်ကို သုံးရစ်ငွေချေစနစ်ဖြင့်လည်းကောင်း၊ Kubota ထွန်စက် လေးစီးကို နှစ်နှစ်ကို သုံးရစ် ငွေချေစနစ်ဖြင့်လည်းကောင်း၊ ပြန်လည်ပြုပြင်ပြီး တစ်ပတ်ရစ်ထွန်စက်ကြီး ၄၇ စီးကို နှစ်နှစ်ကို သုံးရစ်ငွေချေစနစ်ဖြင့် လည်းကောင်း စုစုပေါင်း ၂၂၈၉ စီးကို ရောင်းချပေးခဲ့ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ကျေးရွာချင်းဆက် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းများ စစ်ဆေး

**ရွှေကူ မေ ၁၁**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် (Super Frequency၊ စိန်သစ္စာ၊ ကံထူးမနော၊ Luxury Gallop) စသည့် ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်သည့် ရွှေကူ-ရေပုံလေး-တူးချောင်း-တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်းဆက် ကတ္တရာလမ်း (၄မိုင် ၆ ဖာလုံခွဲ)လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ရွှေကူ-ငါးဘတ်ကြီး ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့အား ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်နု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့်အဖွဲ့သည် မေ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

# အလုပ်သမားရေးရာညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပေးနိုင်ရေး ဆောင်ရွက်မည်

(၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံကို ယခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပမည်ဖြစ်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဆိုပါအလုပ်သမားညီလာခံသို့ တက်ရောက်မည့်အလုပ်သမားကိုယ်စားလှယ်ရွေးချယ်မှုနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သီဂီရဲထွန်းအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံတက်ရောက်မယ့် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ဇွန်လမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပမယ့် (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် အချိန်မီရွေးချယ်ပေး နိုင်ဖို့ အလုပ်သမားအဖွဲ့ချုပ်သုံးဖွဲ့ကို ၎င်းတို့ အလုပ်သမားအဖွဲ့ချုပ်တွေ အချင်းချင်းညှိနှိုင်းပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးဖို့၊ ဒါမှမဟုတ် အဲဒီလိုညှိနှိုင်းသဘောတူညီရွေးချယ်ပေးနိုင်ခြင်းမရှိဘူးဆိုရင် ဝန်ကြီးဌာနအနေနဲ့ ILO Criteria တွေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ကိုယ်စားလှယ်အမည်စာရင်းကို အခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် နောက်ဆုံးထားပြီး ပြန်လည်တင်ပြပေးဖို့ ဇန်နဝါရီ ၅ ရက်မှာ အကြောင်းကြားစာ ပေးပို့ခဲ့ပါတယ်။ ဒါ့အပြင် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်မယ့် ပုံစံကို (၈-၂-၂၀၁၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာလည်း 'အလုပ်သမား ညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ်ကို အချိန်မီရွေးချယ်ပေးရန် လိုအပ်နေ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ထည့်သွင်းဖော်ပြခဲ့ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ အဲဒီလို အလုပ်သမားကိုယ်စားလှယ် အမည်စာရင်းရွေးချယ်တဲ့နေရာမှာရော ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုပါဝင်ဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ သတ်မှတ်နေ့ရက်ဖြစ်တဲ့ ၂၇-၂-၂၀၁၇ ရက်နေ့မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM)ကသာ ကိုယ်စားလှယ်အမည်စာရင်း ပြန်လည်တင်ပြလာခဲ့ပြီး ကျန်အဖွဲ့ချုပ်နှစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနဲ့ စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)နဲ့ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)တို့က 'တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် အခြေခံအဖွဲ့များအားလုံးကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖိတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပွဲကျင်းပပေးရန်'လို့ ပြန်လည်တင်ပြလာခဲ့တဲ့အတွက် ၁-၃-၂၀၁၇ ရက်မှာ အလုပ်သမားအဖွဲ့ချုပ်သုံးဖွဲ့ကို ဝန်ကြီးဌာနသို့ ဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) က တက်ရောက်လာခြင်း မရှိခဲ့ပါဘူး။

**မေး။ ။ ဒါဆို တက်ရောက်လာတဲ့ အလုပ်သမားအဖွဲ့ချုပ်နှစ်ဖွဲ့ရဲ့ သဘောထားလေးတွေ ပြောပြပေးပါလား။**

ဖြေ။ ။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM)မှ ဥက္ကဋ္ဌ ဦးမောင်မောင်က 'အဖွဲ့ချုပ်များ အချင်းချင်း ညှိနှိုင်းသဘောတူညီမှုမရတဲ့အတွက် ILO Criteria တွေနဲ့အညီ ဆောင်ရွက်စေလိုကြောင်း၊ ကျန်အဖွဲ့ချုပ်နှစ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးအား အကြံပေးအနေနဲ့ လိုက်ပါလိုပါက ကုန်ကျစရိတ်ကို ကျခံပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း'နဲ့ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)မှ ကိုယ်စားလှယ်က '၎င်းတို့အဖွဲ့မှ အကြံပေးအဖြစ် လိုက်ပါလိုပါကြောင်း၊ ယခုလာမယ့် မတ် ၄ ရက်နဲ့ ၅ ရက်မှာ ကျင်းပမယ့် ၎င်းတို့၏အဖွဲ့ချုပ်အစည်းအဝေးမှာ တင်ပြပြီး မတ် ၇ ရက် နောက်ဆုံးထား အကြောင်းပြန်ကြားပေးမှာဖြစ်ကြောင်း' ဆွေးနွေးပြောကြားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မတ် ၇ ရက်မှာ ၎င်းအားဆက်သွယ်ခဲ့ရာ ၎င်းတို့အဖွဲ့ချုပ်များအတွင်း သဘောထားကွဲလွဲမှုများ ရှိနေကြောင်းနဲ့ အဖွဲ့ချုပ်မှ ပြန်ကြားပေးမည်ဖြစ်ကြောင်း' ပြန်လည်ဖြေကြားခဲ့ပါတယ်။

**မေး။ ။ ခုလိုဖိတ်ကြားခဲ့တာကို စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) တက်ရောက်ခဲ့ခြင်းမရှိခဲ့တဲ့ အပေါ်မှာ ဝန်ကြီးဌာနက ဘယ်လိုများ ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ဝန်ကြီးဌာနမှ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ကြားခဲ့မှုကို တက်ရောက်လာခဲ့ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) သို့ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးကိစ္စနဲ့စပ်လျဉ်းပြီး ဆောင်ရွက်မယ့်နည်းလမ်းနဲ့ ဆောင်ရွက်လိုတဲ့ အသေးစိတ်အစီအစဉ်တွေကို ပြန်လည်တင်ပြပေးဖို့ အကြောင်းကြားခဲ့ပါတယ်။ အဆိုပါအဖွဲ့ချုပ်က "တစ်နိုင်ငံလုံးရှိ မှတ်ပုံတင်ပြီး အလုပ်သမားအဖွဲ့အစည်းအားလုံးကို ဖိတ်ကြားပြီး ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆန္ဒမဲပေးစေကာ ဒီမိုကရေစီ နည်းကျ ရွေးချယ်တင်မြှောက်ပေးဖို့နဲ့ ၎င်းတို့တင်ပြထားတဲ့ အကြံပြုချက်ကို မလိုအပ်ဟု ယူဆပြီး အခြားသင့်တော်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်ရင်လည်း AFFM-IUF မှ ထပ်မံ၍ အငြင်းပွားခြင်း၊ စောဒကတက်ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်မည်မဟုတ်ကြောင်း၊ ၎င်းတို့ (AFFM-IUF)ရဲ့ ညီနောင်အဖွဲ့အစည်းတွေအားလုံးနဲ့ တိုင်ပင်ဆွေးနွေးပြီးမှ အကြောင်းပြန်ကြားခြင်း ဖြစ်ပါကြောင်း" စသဖြင့် ပြန်ကြားခဲ့တဲ့အတွက် အဆိုပါအကြံပြုချက်အပေါ် ကျန်အဖွဲ့ချုပ်နှစ်ဖွဲ့သို့လည်း ပြန်လည်မေးမြန်းခဲ့ရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)က - ၂၀၁၆ ခုနှစ်က ကျင့်သုံးခဲ့တဲ့ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်မှုစနစ် (ILO ဖွဲ့စည်း ပုံစည်းမျဉ်း)အတိုင်း ရွေးချယ်ဖို့နဲ့ သို့မဟုတ်ပါက ILO ညီလာခံရဲ့ အရည်အချင်းစစ်ဆေးရေး ကော်မတီသို့ ကန့်ကွက်တိုင်ကြားသွားမှာဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်သူက '၎င်းတို့ သဘောထားမှာ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)နဲ့ တစ်သားတည်းဖြစ်ပါကြောင်း' အကြောင်းပြန်ကြားလာခဲ့ကြပါတယ်။

**မေး။ ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ တက်ရောက်မယ့် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ဖို့ ILO ရဲ့ စံသတ်မှတ်ချက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံ တက်ရောက်ဖို့အတွက် အစိုးရကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်နဲ့ ဆွေးနွေးမယ့်ဘာသာရပ်အလိုက် အကြံပေးပုဂ္ဂိုလ်တွေ ပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့အမည်စာရင်းကို ILO ဖွဲ့စည်းပုံစည်းမျဉ်းအပိုဒ် ၃ (၅)အရ သက်ဆိုင်ရာနိုင်ငံအစိုးရမှ တင်သွင်းရပါတယ်။

အဲဒီလို ကိုယ်စားလှယ်အဖွဲ့ အမည်စာရင်းတင်သွင်းရာမှာ အလုပ်သမားကိုယ်စားလှယ် အမည်စာရင်း တင်သွင်းမှုနဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံရဲ့ Provisional Record 5C တွင် 'ညီလာခံသို့ တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်နှင့် အကြံပေးပုဂ္ဂိုလ်များကို ရွေးချယ်သတ်မှတ်ရာတွင် ပြည်သူ့အာဏာပိုင်တို့၏ ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်ပြီး အလုပ်သမားအဖွဲ့အစည်းများက ဆောင်ရွက်ရမည့် တာဝန်သာဖြစ်ကြောင်း' ဖော်ပြပါရှိပါတယ်။

ဒါ့အပြင် Credential Committee အနေနဲ့ အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံး (Permanent Court of International Justice - PCIJ) ရဲ့ အကြံပြုသဘောထားမှတ်ချက်(၁)ကို ရည်ညွှန်းဖော်ပြထားသည်မှာ 'အမျိုးမျိုးသော ကိုယ်စားပြုအဖွဲ့အစည်းများရှိသည့် အခြေအနေတွင် ကိုယ်စားလှယ်ရွေးချယ်ရေး အစည်းအဝေးကို ပြုလုပ်သောအခါ၌ အစိုးရသည် ထိုအဖွဲ့အစည်းအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ၎င်းတို့အနက်မှ ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်းများ၏ သဘောတူညီချက်ကို ရယူခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်းများကြား၌ သဘောတူညီမှုမရရှိမှသာ အစိုးရအနေဖြင့် ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်းအား ILO Criteria နှင့်အညီ အတည်ပြုပေးရမည်'လို့ ဖော်ပြပါရှိပါတယ်။

**မေး။ ။ ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရာမှာ အစိုးရ (ဝန်ကြီးဌာန)က ပါဝင်ဆောင်ရွက်ပေးခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒါလေးနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ပေးခဲ့တာကတော့ အဲဒီအချိန်က အခြေခံအဆင့်နှင့် မြို့နယ်အဆင့်အထိ အဖွဲ့အစည်းများသာရှိပြီး အဖွဲ့အစည်းအရေအတွက်မှာလည်း ၅၀၀ ကျော်သာရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ အဖွဲ့ချုပ်အဆင့်အထိ အဖွဲ့အစည်းများ ဖွဲ့စည်းရခြင်းမရှိသေးတဲ့အတွက် ကိုယ်စားပြုမှု အများဆုံးသော အဖွဲ့အစည်းဟူ၍ မရှိတဲ့အတွက် အဖွဲ့အစည်းအားလုံးကို ဖိတ်ကြားပြီး ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါမှာတော့ အဖွဲ့ချုပ်အဆင့်အထိ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးဖြစ်တဲ့အတွက် အဖွဲ့အစည်းများအားလုံးအနက် ကိုယ်စားပြုမှုအများဆုံးဖြစ်တဲ့ အဖွဲ့ချုပ်သုံးဖွဲ့မှ အဖွဲ့ချုပ်များ အချင်းချင်း ညှိနှိုင်းသဘောတူညီချက်နဲ့ သင့်လျော်တဲ့ နည်းလမ်းကိုအသုံးပြုပြီး ကိုယ်စားလှယ်ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဝန်ကြီးဌာနအနေနဲ့ ကတော့ (၁၀၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ အတွက် အလုပ်သမားကိုယ်စားလှယ်ကို အချိန်မီ ရွေးချယ်ပေးနိုင်ရေးနဲ့စပ်လျဉ်းပြီး နည်းလမ်း နှစ်ခုနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း အလုပ်သမား အဖွဲ့ချုပ် သုံးဖွဲ့သို့ အကြောင်းကြားခဲ့ပြီးဖြစ်တဲ့အတွက် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းသဘော တူညီချက်မရရှိပါက အစိုးရ(ဝန်ကြီးဌာန)က ILO Criteria များနဲ့အညီ ကြားဝင်ဆောင်ရွက်ပြီး ကိုယ်စားလှယ် အမည်စာရင်းများကို သတ်မှတ်ရက် အမီ တင်သွင်းရမှာ ဖြစ်ပါတယ်။**

နောက်တစ်ချက်အနေနဲ့က အဲဒီလိုအလုပ်သမားအဖွဲ့အစည်းအားလုံးက အလုပ်သမားများကို ဖိတ်ကြားစုစည်းပေးနိုင်ဖို့ဆို သင့်တော်ကျယ်ဝန်းတဲ့ အဆောက်အအုံနေရာ စီစဉ်ရမှာဖြစ်ပြီး အလုပ်သမားများအနေနဲ့ စုစည်းလာရောက်ဖို့အတွက် ၎င်းတို့လုပ်ငန်းခွင်များမှ ခွင့်တိုင်ကြားရခြင်း၊ သွားလာနေထိုင်စားသောက်ရေးအတွက် စီစဉ်ကြရခြင်း စတဲ့အခက်အခဲတွေအပြင် အလုပ်သမားအဖွဲ့အစည်းများအကြား အမြင်မတူညီမှုများ၊ သဘောထားကွဲလွဲမှုများရှိလာပါက မလိုလားအပ်တဲ့ ပြဿနာများဖြစ်ပေါ်လာနိုင်မှာကို ထည့်သွင်းစဉ်းစားရမှာလည်း ဖြစ်ပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနမှ ဆက်လက်ရပ်တည်သွားမယ့်သဘောထားကို သိရှိလိုပါတယ်။**

ဖြေ။ ။ အလုပ်သမားအဖွဲ့ချုပ်သုံးဖွဲ့အနက် AFFM-IUF နှင့် MICS-TUsF တို့ရဲ့ တောင်းဆိုချက်များမှာ အစိုးရပိုင်းအနေနဲ့ ဆောင်ရွက်ပေးရမယ့်ကိစ္စရပ်များ မဟုတ်ဘဲ အခြား ILO အဖွဲ့ဝင်နိုင်ငံများမှာ ဆောင်ရွက်နေသကဲ့သို့ အလုပ်သမားအဖွဲ့ချုပ်များ အချင်းချင်းညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စများသာ ဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ကတော့ (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ်ကို အချိန်မီရွေးချယ်ပေးနိုင်ရေးနဲ့စပ်လျဉ်းပြီး နည်းလမ်းနှစ်ခုနဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း အလုပ်သမားအဖွဲ့ချုပ် သုံးဖွဲ့သို့ အကြောင်းကြားခဲ့ပြီးဖြစ်တဲ့အတွက် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းသဘောတူညီချက်မရရှိပါက အစိုးရ(ဝန်ကြီးဌာန)က ILO Criteria များနဲ့အညီ ကြားဝင်ဆောင်ရွက်ပြီး ကိုယ်စားလှယ်အမည်စာရင်းများကို သတ်မှတ်ရက်အမီ တင်သွင်းရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ရွေးချယ်ရေးနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်များသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ခဲ့တဲ့အတိုင်းသာ ဆက်လက်ရပ်တည်သွားမှာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်

## သုံးခွမြို့နယ် အိဿယျကျေးရွာတွင် မြစိမ်းရောင်ချေးငွေထုတ်ပေး

**သုံးခွ မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သိန်း ၃၀၀ စီမတည်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၁၈ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းကျေးရွာများတွင် လုပ်ငန်းများအောင်မြင်၍ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်သဖြင့် ချေးငွေများ ပြန်လည်ထုတ်ချေးပေးလျက်ရှိရာ မေ ၁၀ ရက်က အိဿယျကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းလုပ်ကိုင်သူ ကျေးရွာသူ ကျေးရွာသားများအား ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ချေးငွေထုတ်ချေးပေးလျက်ရှိရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ရွှေဘိုမြို့၌ ဒုတိယရဲမှူးကြီးအယောင်ဆောင် ဒေါက်တာဟုဆိုသူအား လိုင်စင်မဲ့ကားတစ်စီးနှင့်အတူ ဖမ်းဆီးရမိ

**ရွှေဘို မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ပေါ်၌ မေ ၁၀ ရက် ည ၉ နာရီခန့်က ဒုတိယရဲမှူးကြီးအယောင်ဆောင် ဒေါက်တာဟုဆိုသူတစ်ဦးအား လိုင်စင်မဲ့ကားတစ်စီးနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ မြို့သစ် ပြည်ကြီးတံခွန်မြို့နယ် ကျန်စစ်သားလမ်း (ဆ)ရပ်ကွက်နေ စိုင်းပြည့်စုံချမ်း(ခ)မြတ်သာချမ်း (၄၂)နှစ်သည် ဒုတိယရဲမှူးကြီး အယောင်ဆောင်၍ ဒေါက်တာစိုင်းပြည့်စုံချမ်းဟုဆိုကာ ရွှေဘိုမြို့ အမှတ်(၁၀) မြတောင်ရပ်ကွက်ရှိ "ဘီလျံပါဝါ"စားသောက်ဆိုင်တွင် ရောက်ရှိနေကြောင်း သတင်းအရ ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြီးမြင့်ကျော် ဦးဆောင်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် ခင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဆွေ၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ကိုလတ်တို့အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အဆိုပါ ဒုတိယရဲမှူးကြီး အယောင်ဆောင် ဒေါက်တာစိုင်းပြည့်စုံချမ်းဆိုသူ မောင်းနှင်လာသော YGN 9F/....... Mark- II အဖြူရောင်ယာဉ်အား ဆိုင်တွင်ထားရှိ၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ရွှေဘို-ကျောက်မြောင်း ကားလမ်းမပေါ် ရွှေဘိုတက္ကသိုလ်အနီး၌ ရဲတပ်ဖွဲ့ တံဆိပ်ခေါင်းခါးပတ်နှင့် နက်ပြာရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားလျက် တွေ့ရှိခဲ့သဖြင့် အဆိုပါ "ဘီလျံပါဝါ"စားသောက်ဆိုင်တွင် ထားခဲ့သောယာဉ်နှင့်အတူ မြို့မရဲစခန်းသို့ ခေါ်ဆောင်၍ သက်သေများရှေ့တွင် စစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာ ကားအတွင်းရှိ ခရီးဆောင်အိတ်ထဲမှ ဒုတိယရဲမှူးကြီး အဆင့်ဆောင်း ဦးထုပ်တစ်လုံး၊ တပ်မတော်သုံးတန်း သုံးတန်းပါ Service တန်း တစ်ခု၊ Dr SAIP YAE SONE CHAN စာတန်းပါ Name Plate တစ်ခု၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းဘက်တံဆိပ်ပါ ပခုံးဒေါက်ပေါ်တွင် ဒုတိယ ရဲမှူးကြီး ရာထူးတပ်ဆင်ထားသည့် ယူနီဖောင်းလက်ရှည် တစ်ထည်၊ နက်ပြာရောင်ယူနီဖောင်း ဘောင်းဘီတစ်ထည်နှင့် ရှူးဖိနပ်တစ်ရန် တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝတ်စုံနှင့်အဆင့်တံဆိပ်များအား ဝတ်ဆင်အသုံးပြု၍ မိမိကိုယ်ကို ဒုတိယရဲမှူးကြီးဟု လည်းကောင်း၊ ဒေါက်တာဟုလည်းကောင်း ပြောဆိုလိမ်လည်ကာ ပြည်သူ့ဝန်ထမ်း အယောင်ဆောင်ခဲ့သဖြင့် စိုင်းပြည့်စုံချမ်း(ခ)မြတ်သာချမ်းအား ရွှေဘိုမြို့မရဲစခန်းက (ပ)၁၉၂/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ - ၁၇၀ နှင့် (ပ)၁၉၃/၂၀၁၇၊ ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ- ၈ ဖြင့် အသီးသီးအမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**



# စိတ်ကြွမူးယစ်ဆေးပြား ၇၉၅၀ သိမ်းဆည်းရမိ

**ဗန်းမောက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာ အုပ်စု နောင်စိန်ရွှေမော် လူမနေသည့်တဲအတွင်းမှ မူးယစ်ဆေးပြားများကို မေ ၁၁ ရက် နံနက် ၃ နာရီခွဲက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရွှေတော်ရဲကင်းမှူး ဒုရဲအုပ်ထွန်းဝင်း ဦးဆောင်သည့်အဖွဲ့နှင့် တာဝန်သိ ပြည်သူတို့ ပူးပေါင်းအဖွဲ့နှင့်အတူ မံအင်မင်းကျေးရွာအုပ်စု နောင်စိန်ရွှေမော် လူမနေသည့်တဲအတွင်း မူးယစ်ဆေးဝါးရောင်းချနေသူများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ တဲပေါ်တွင် ဇော်မင်းနှင့် ထွန်းနိုင်တို့နှစ်ဦး အား အိပ်လျက်အနေအထားဖြင့် တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးအိပ်နေသည့် အိပ်ရာ အောက်အတွင်း ဝှက်သိမ်းထားသည့် ခါးပတ်အိတ်အတွင်းမှ ပလတ်စတစ်အနက် ရောင်အကြီး၊ အသေးများဖြင့် ထုပ်ထားသည့် အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ ၃၉ ထုပ်နှင့် အပြား ၁၅၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွမူးယစ်ဆေးပြား ၇၉၅၀ နှင့် မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသည့် ငွေကျပ် ၁၁၂၅၀၀ တို့အား ရှာဖွေတွေ့ရှိခဲ့၍ သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ဗန်းမောက်မြို့မရဲစခန်းက ဇော်မင်း (၃၆)နှစ် ဇီးကုန်းကျေးရွာ အင်ပင်သာအုပ်စု ကောလင်းမြို့နယ်နှင့် ထွန်းနိုင် (၃၆)နှစ် ဇီးကုန်းကျေးရွာ အင်ပင်သာအုပ်စု ကောလင်းမြို့နယ်နေသူတို့ နှစ်ဦးအား မယ(ပ)၇/၁၇ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ အရ အရေးယူဆောင်ရွက်ထား ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**



# တာချီလိတ်၌ မဟာသင်္ကြန်ကာလအတွင်း စည်းကမ်းပျက်ယာဉ်နှင့် ဆူညံပါဝါအိတ်ဇောတပ် ဆိုင်ကယ်များကို ထိရောက်စွာ အရေးယူမည်

**တာချီလိတ် မေ ၁၁**

မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများ အဆင်ပြေစွာ ရေကစားနိုင်ရန် ရည်ရွယ်၍ စည်းကမ်းပျက်ယာဉ်နှင့် ဆူညံပါဝါအိတ်ဇောတပ် ဆိုင်ကယ်များကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ရာ ယခင်ဖမ်းဆီးတရားစွဲတင်ပြီး သိမ်းဆည်းထားသော ပါဝါအိတ်ဇောများ ဖျက်ဆီးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို မေ ၁၀ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းက စည်းကမ်းပျက်ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သည့် ဆိုင်ကယ်များအား ဖမ်းဆီးပြီး ဖမ်းဆီးခံရသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် ယာဉ်မောင်းများအား မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး အတွက် အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ကျော်တက်ခြင်းများ မပြုရန်၊ တွန့်ခေါက်၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ် ဆောင်း၍ မေးသိုင်းကြိုး မြဲမြံစွာ တပ်ဆင်ရန်၊ ဆိုင်ကယ်အား နှစ်ဦးထက်ပိုစီးခြင်းနှင့် ဝန်ပိုတင်ဆောင်ခြင်းများမပြုရန်၊ ဖြူ နီ ကျားတွင် ယာဉ်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းအလယ်တွင်ရပ်၍လူနှင့် ကုန်အတင်အချပြုလုပ်ခြင်း၊ လမ်းပြောင်းပြန်ရပ်တန့်ခြင်းများမပြုရန်နှင့် ယာဉ်မောင်းနှင်စဉ် ထိုင်ခုံခါးပတ်များ ပတ်ရန်၊ ယာဉ်သက်သေခံလက်မှတ် ဗီးတက်၊ သတ်မှတ်လုပ်ငန်းလိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင်ကြရန် မဟာသင်္ကြန်ကာလအတွင်း ရှောင်ရန်၊ ဆောင်ရန်များအား အသိပညာပေးဟောပြောခဲ့ပြီး စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ကိုကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေး ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ကျပ် ၁၅ သိန်းတန်ဖိုးရှိ ဆိုင်ကယ်စီးဦးထုပ် အလုံး ၃၀၀ ကို ဆိုင်ကယ်ဖမ်းဆီးခံရသူများနှင့် တက်ရောက်လာသူများအား အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

၂၀၁၇ ခုနှစ် နှစ်စမှ သင်္ကြန်ကာလအထိ စည်းကမ်းပျက်ယာဉ် ၆၇ စီး၊ မော်တော်ဆိုင်ကယ် ၂၉၇ စီး စုစုပေါင်း ၃၆၄ စီး၊ ရာဇသတ်ကြီးပုဒ်မဖြင့် ဖမ်းဆီးမှုပေါင်း ၁၆ မှုရှိကာ သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉ ဦး ရှိခဲ့ကြောင်း၊ ပညာပေးမှုအနေဖြင့် သင်္ကြန်ကာလအတွင်း အသိပညာပေးဟောပြောပွဲ နှစ်ကြိမ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မှု သုံးကြိမ်၊ ယာဉ်မောင်းသူများအား အရက်သောက်သုံးထားခြင်းရှိ၊ မရှိ အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် စစ်ဆေးခြင်း သုံးကြိမ်တို့ကို ပြုလုပ်ခဲ့ပြီး ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ တက္ကစီယာဉ်မောင်းများ၊ အဝေးပြေးယာဉ်လိုင်း ယာဉ်မောင်းများ၊ ဝန်ထမ်းနှင့်ပြည်သူ ၁၇၀ ခန့်ကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း၊ ဟောပြောပွဲတိုင်းတွင် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သိရသည်။

ထို့နောက် တာချီလိတ်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း ဦးဆောင်ပြီး အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူး အောင်ကိုကိုနှင့် တာဝန်ရှိသူများက ပါဝါအိတ်ဇောတပ် ဆိုင်ကယ်များ ဖမ်းဆီးတရားစွဲတင်ပြီး သိမ်းဆည်းထားသော ခန့်မှန်းတန်ဖိုး ကျပ် ၁၄၃၅၀၀ ရှိ ပါဝါအိတ်ဇော ၂၀၅ ချောင်းကို လမ်းကြိတ်စက်ဖြင့် တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ စနစ်တကျ ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(၁၁၁)**

# မန္တလေး-ကသာ မန်းရွှေစင်ကား ဓားပြခြိမ်းခြောက်ငွေတောင်းယူခြင်းခံရ

**အင်းတော် မေ ၁၁**

မန္တလေးမှ ကသာသို့သွားသည့် ခရီးသည် ၃၉ ဦးလိုက်ပါလာသော ယာဉ်အမှတ် MDY 2H /...... မန်းရွှေစင်ကားသည် လက်ပံလှရွာနှင့် ချောင်းကြီးရွာကြား ကားပျက်၍ ရပ်နားနေစဉ် မေ ၁၀ ရက် ည ၁၁ နာရီခွဲခန့်က ဆိုင်ကယ်စီးလာသော လူနှစ်ဦးက ဓားရှည်များကိုင်ဆောင်၍ ခြိမ်းခြောက်ငွေတောင်းယူခဲ့သဖြင့် ခရီးသည်တစ်ဦးထံမှ ဖုန်းတစ်လုံးနှင့် ငွေကျပ် တစ်သိန်းခန့် ပါသွားခဲ့ပြီး ယာဉ်နောက်လိုက်မှာ ပုဆိုးခြုံထားသည့် ဓားပြမျက်နှာကို ကြည့်မိသဖြင့် ဓားပြားဖြင့် မျက်နှာကို တစ်ချက် အရိုက်ခံလိုက်ရကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၀၂ စီး၊ သွင်းကုန် ၅၁၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆ စီး၊ သွင်းကုန် ၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၁၄ ဒသမ ၆ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၈ ဒသမ ၄၂၅ သန်းခန့်) စုစုပေါင်း ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၂၃ ဒသမ ၀၂၅ သန်းခန့်) သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း အရှေ့ဘက် သုံးမိုင်ခန့်အကွာ လှည်းလမ်းကြောင်းတစ်လျှောက်၌ နွားများသယ်ဆောင်လာကြောင်းသတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခိုင်းနွားအထီး အရွယ်စုံ ၇၄ ကောင်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**




# ရီးယဲလ်ကို အနိုင်ရရန် အန်စလော့တီ အကုန်ပေးဆပ်မည်

***ရီးယဲလ်အသင်းကို ကိုင်တွယ်ခဲ့ဖူးသူ ဘိုင်ယန်နည်းပြ အန်စလော့တီက ရီးယဲလ်ကို အနိုင်ယူရန် အကုန်လုံးပေးဆပ်မည်ဖြစ်သဖြင့် ဘိုင်ယန်အနေဖြင့် အသာရအောင် စွမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ဘိုင်ယန်အသင်းဥက္ကဋ္ဌ ရူမင်နစ်ဂ်ေ၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။ ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စောစောစီးစီး တွေ့ဆုံနေမှုကြောင့် နှစ်သင်းစလုံးအတွက် အကျပ်အတည်း ကြုံတွေ့နေရသော်လည်း ဘိုင်ယန်အနေဖြင့် ဗုဒ္ဓဟူးနေ့(ယနေ့)တွင် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ် ပထမအကျော့တွင် ရီးယဲလ်ကို အနိုင်ရအောင် စွမ်းဆောင်နိုင်ရန် ကစားနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။***

အန်စလော့တီမှာ ရီးယဲလ်အသင်းအတွက် (၁၀)ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ၂၀၁၄ခုနှစ်တွင် ရယူပေးခဲ့သူဖြစ်ပြီး ယခုပွဲစဉ်သည် သူ၏လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူ နည်းပြ ဇီဒန်းနှင့် နည်းဗျူဟာပိုင်း အားပြိုင်မည့် ပွဲစဉ်လည်းဖြစ်သည်။ နှစ်သင်းစလုံးမှာ ချန်ပီယံလိဂ် အင်အားအကြီးဆုံး အသင်းများဖြစ်သဖြင့် နှစ်ကျော့စလုံးမှာ အင်မတန်ခက်ခဲမည့်အနေအထား ပင်ဖြစ်သည်။ ယခုပွဲစဉ်တွင် ကြံ့ခိုင်မှု ပြည့်ဝနေပြီဖြစ်သည့် ဘိုင်ယန်ဂိုးသမား နျူအာ ပါဝင်နိုင်မည်ဖြစ်သော်လည်း လီဝန်ဒေါစကီးမှာမူ လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိသဖြင့် အဆိုပါပွဲစဉ်ကို လွဲချော်နိုင်ကြောင်း သိရသည်။

ဒေါ့မွန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့် ပွဲစဉ်တွင် လီဝန်ဒေါစကီး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် နည်းပြ အန်စလော့တီက ရီးယဲလ်နှင့် ပွဲစဉ်တွင် လီဝန်ဒေါစကီး ပါဝင်နိုင်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ သို့သော် ယခုနှစ် ချန်ပီယံလိဂ်ပွဲစဉ်ရှစ်ပွဲတွင် ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် လီဝန်ဒေါစကီးမှာ တနင်္လာနေ့ပြုလုပ်သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိဘဲ တစ်ဦးတည်း လေ့ကျင့်ရေးဆင်းခဲ့ရသဖြင့် ရီးယဲလ်နှင့် ပွဲစဉ် ပွဲထွက်စာရင်းတွင် ပါဝင်လာဖွယ်မရှိသည့် အနေအထားပင်ဖြစ်သည်။ လီဝန်ဒေါစကီး မပါပါက ဘိုင်ယန်မြူးနစ်တိုက်စစ်ပိုင်းကို သောမတ်စ်မူလာ ဦးဆောင်လာဖွယ်ရှိပြီး မူလာမှာလည်း ဗဟိုတိုက်စစ်၊ တောင်ပံတိုက်စစ်နေရာစုံတွင် ကစားနိုင်သူဖြစ်သည်။ ညာခြေချင်းဝတ် အရွတ်ကြောဒဏ်ရာရရှိခဲ့သည့် ဗဟိုနောက်ခံလူ ဟမ်းမဲလ်မှာမူ ရီးယဲလ်နှင့် ပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်သည်။

မေ လှဲ့ သင်း - စု စည်း ရေး သား သည်




## ရီးယဲလ်မှ ထွက်ခွာစဉ်က ငိုကြွေးမိခဲ့ဟု ဟီဂွေအင် ဝန်ခံ

အာဂျင်တီးနားတိုက်စစ်မှူး ဟီဂွေအင်က ၂၀၁၃ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှ နာပိုလီသို့ ထွက်ခွာခဲ့ရစဉ်က ငိုကြွေးမိခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဟီဂွေအင်သည် ရီးယဲလ်မက်ဒရစ် ကစားသမားအဖြစ် ခြောက်ရာသီအကြာ ကျင်လည်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရနိုင်မည့် နာပိုလီအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် သုံးရာသီအကြာ ပြီးခဲ့သည့်နွေရာသီတွင် နာပိုလီမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၉၀ ဖြင့် ထပ်မံပြောင်းရွှေ့သွားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဂျူဗင်တပ်နှင့် နာပိုလီတို့ ကစားခဲ့သည့် စီးရီးအေ ပွဲစဉ်တွင် နာပိုလီပရိသတ်များက ဟီဂွေအင်ကို ပစ်မှတ်ထား လှောင်ပြောင်ခဲ့ကြသော်လည်း ဟီဂွေအင်ကမူ နာပိုလီ အပြန်လမ်းမှာ သူ့အတွက် ခံစားချက်အမျိုးမျိုး ပေးစွမ်းနိုင်ခဲ့သည်ဟုသာ တုံ့ပြန်ခဲ့သည်။

ဟီဂွေအင်က “ဘာနေဗျူးကနေ ထွက်ခဲ့ရတော့ ကျွန်တော်ငိုကြွေးရခဲ့ရပါတယ်။ ကျွန်တော်နာပိုလီက ထွက်ခဲ့တဲ့အချိန်တုန်းကလည်း အလားတူပါပဲ။ ကျွန်တော်ဟာ ကျွန်တော်ကစားခဲ့ဖူးတဲ့ အသင်းတိုင်းကို ချစ်မြတ်နိုးသလို အဲဒီအသင်းတွေက ထွက်ခွာချိန်မှာလည်း အမြဲဝမ်းနည်းရတာပါပဲ”ဟု ပြောကြားခဲ့သည်။

ဟီဂွေအင်က ရီးယဲလ်အသင်းက သူ ဘယ်လောက်ချစ်မြတ်နိုးသလဲဆိုသည်ကို အားလုံးက သိထားသဖြင့် ဘာစီလိုနာအသင်းကို ရင်ဆိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်မှာ သူ့အတွက် အလွန်ကိုထူးခြားကြောင်း ဝန်ခံခဲ့သည်။ ဘာစီလိုနာမှာ ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းဖြစ်ခြင်းကြောင့် ဘာစီလိုနာကို ကျော်ဖြတ်ကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ရန်မှာမူ အင်မတန် ခက်ခဲကြောင်း မှတ်ချက်ပြုခဲ့သည်။







## ယခုနှစ်နွေရာသီအတွင်း ဟာဇက်နှင့် ကော်စတာတို့နှစ်ဦးစလုံးကို ဆုံးရှုံးရန်ရှိနေတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်း၏ ကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်သည့် ဟာဇက်မှာ ရီးယဲလ်မက်ဒရစ်နှင့် ကော်စတာက တရုတ်စူပါလိဂ်သို့ပြောင်းရွှေ့ရန် ရှိနေပြီဖြစ်ရာ ယင်းကိစ္စရပ်က ပရီမီယာလိဂ် ချန်ပီယံဖြစ်လုဖြစ်ခင် ချယ်လ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်လည်း ဖြစ်လာခဲ့သည်။ ကော်စတာက ချယ်လ်ဆီးအသင်းတွင်မပျော်မရွှင်ဖြစ်နေကြောင်း သူ၏မိတ်ဆွေများကို ပြောကြားခဲ့သည့်အတွက် ကော်စတာနှင့် ချယ်လ်ဆီးလမ်းခွဲရေချိန် မြင့်တက်လာနေပြီဟူသော ခန့်မှန်းချက်များကို ထွက်ပေါ်စေခဲ့သည်။ ဟာဇက်မှာလည်း ချယ်လ်ဆီးအသင်းနှင့် တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀၀ တန် သုံးနှစ်စာချုပ် ရှိနေဆဲဖြစ်သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒပြင်းထန်နေကြောင်း သိရသည်။

ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်ကလည်း ဥက္ကဋ္ဌရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာတွင် ရီးယဲလ်၏ နောက်ထပ်ကြယ်ပွင့်ကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူပေးမည်ဟူသော ကတိမျိုးထားရှိခဲ့သည့်အတွက် ဟာဇက်ကို မဖြစ်မနေခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ချယ်လ်ဆီးနည်းပြ ကွန်တီက ဟာဇက်ကို ဆက်လက်ထိန်းထားနိုင်ရန် တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ တန် စာချုပ်သစ် ကမ်းလှမ်းထားခဲ့ပြီးဖြစ်သည်။

သို့သော် ဟာဇက်ကိုယ်တိုင်က သူ၏ဂုဏ်သတင်း ယခုထက်ပိုမိုကျော်ကြားလာရန် အင်္ဂလန်မြေက လုံလောက်သည့် အခြေအနေ မရှိဟု ယူဆထားသဖြင့် ရီးယဲလ်သို့ ပြောင်းရွှေ့ရန် ယတိပြတ်ဆုံးဖြတ်ထားပြီးဖြစ်သည်။ ကော်စတာကမူ အင်္ဂလန်မြေ၏ အပူချိန်များသည့် ရာသီဥတုနှင့် မီဒီယာများ မျက်စိထောက်ဒေါက် လိုက်ကြည့်နေသည့် လူမှုပတ်ဝန်းကျင်ကို မနှစ်သက်သဖြင့် ချယ်လ်ဆီးမှ ပြောင်းရွှေ့လိုခြင်းဖြစ်သည်။ ကော်စတာနှင့် ရင်းနှီးသူတစ်ဦးက ကော်စတာမှာ မက်ဒရစ်မြို့ခံ အသင်းတစ်ခုကိုသာ ပြန်လည်ပြောင်းရွှေ့လိုနေသော်လည်း လတ်တလောအနေအထားအရ ငွေဝင်ကြွမ်းမည့် စူပါလိဂ်အသင်းတစ်ခုကိုသာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သတင်းပေးခဲ့သည်။

## မန်ယူအသင်း နွေဈေးကွက်အတွင်း ပေါင်သန်း ၂၀၀ နီးပါး အသုံးပြုဖွယ်ရှိ

မန်ယူအသင်းသည် လာမယ့်နွေဈေးကွက်အတွင်း ဂရစ်ဇ်မန်းအပါအဝင် ကစားသမား ငါးဦးအတွက် ပေါင်သန်း ၂၀၀ နီးပါး အသုံးပြုခေါ်ယူရန် ပြင်ဆင်ထားပြီးဖြစ်သဖြင့် မော်ရင်ဟိုရောက်ရှိသည့် တစ်ရာသီအတွင်း အမှာပင် အသုံးစရိတ် ပေါင်သန်း ၃၅၀ နီးပါး အထိရောက်ရှိရန် ရှိနေခြင်းဖြစ်သည်။ ဂရစ်ဇ်မန်းတစ်ဦးတည်းအတွက်ပင် ပေါင်သန်း ၉၀ နီးပါး ကုန်ကျမည်ဖြစ်ပြီး ပေါ့ဘာကို အထောက်အပံ့ပြုပေးနိုင်မည့် ဗဟိုကွင်းလယ်လူနှစ်ဦးအပြင် ဗဟိုခံစစ်ကစားသမား နှစ်ဦးကိုပါခေါ်ယူရန် အလိုရှိနေခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း လိုအပ်သည့် အဆင့်တစ်ရပ် မရောက်ရှိခဲ့သဖြင့် အပြောင်းအလဲများစွာ ပြုလုပ်ရန် လိုအပ်နေပြီး ယခုနှစ် နွေဈေးကွက်အတွင်း ကစားသမားအပြောင်းအလဲကို အကြီးအကျယ် ပြုလုပ်သွားရန်ရှိနေကြောင်း မော်ရင်ဟို၏ ပြောကြားချက်ကို ထောက်ရှု၍ အဖြေထုတ်နိုင်မည်ဖြစ်သည်။

မော်ရင်ဟိုသည် ဗဟိုကွင်းလယ်တွင် စပါးကွင်းလယ်လူ အဲရစ်ဒိုင်ယာနှင့် မိုနာကို ကွင်းလယ်လူ ဘာကာယိုကိုတို့အတွက် ပေါင် ၇၅ သန်းနီးပါး၊ မိုနာကို ခံစစ်အတွဲ ဆီဒီဘီနှင့် မန်ဒီတို့နှစ်ဦးအတွက် ပေါင် သန်း ၄၀ နီးပါး ကုန်ကျခံမည်ဖြစ်သည်။ မော်ရင်ဟိုက မာရှယ်လ်နှင့် ရက်ရှ်ဖို့ဒ်တို့လို လူငယ်ကစားသမားများအပေါ် အခွင့်အရေးမပေးခြင်းကိစ္စရပ်အပေါ် အသင်းကြီးများတွင် လူငယ်များနေရာရရန် မလွယ်ကြောင်း ဘိုင်ယန်ကွင်းလယ်လူ ဆန်းချက်စ်ကို ဥပမာအဖြစ် တင်စားပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ပေါ့ဘာ (ပေါင် ၈၉ သန်း)၊ ဘိုင်လီ (ပေါင်သန်း ၃၀)၊ အမ်ခီတာယန် (ပေါင်သန်း ၃၀) တို့တွက် ပြောင်းရွှေ့ကြေး ၁၄၉ သန်း အထိ အသုံးပြုခဲ့ပြီးဖြစ်သည်။ မန်ယူကွင်းလယ်လူ မိုက်ယယ်ကားရစ်မှာ ယခုနှစ်ရာသီကုန်တွင် မန်ယူအသင်းမှ ပြောင်းရွှေ့မည်ဖြစ်သလို ရွှန်းနီ၊ လုခ်ရှောတို့လို ကစားသမားများ မန်ယူအသင်းမှ ထွက်ခွာရန်ရှိနေကြောင်းလည်း သိရသည်။

# အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံ၏ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင်ချမှတ်ထားသော မူဝါဒများနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းစီမံချက်(work plan) ရေးဆွဲနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအားလုံးပါဝင်သော Public Private Partnership (PPP) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိက အသင်းအဖွဲ့များအကြား ယခုထက် ပိုမို၍ ထဲထဲဝင်ဝင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအားလုံးမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌ ဦးရန်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ Public Private Partnership (PPP) လုပ်ငန်းဆောင်ရွက်မည့် ကွန်ရက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့မှပေးပို့လာသော လုပ်ငန်းစီမံချက်များဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဈေးကွက်ရှာဖွေရေးနှင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့်ရန်ပုံငွေရှာဖွေရေးဆိုင်ရာလုပ်ငန်းများ၊ သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ၊ ငြိမ်းချမ်းရေးနှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအပေါ် ဆွေးနွေးတင်ပြသည်။

ယင်းနောက် အသင်းအဖွဲ့များနှင့် ဌာနအလိုက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်ဦးတင့်သွင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်နှင့် ဌာနမှတာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(ကြေးမုံ)**

## ရှာဖွေကယ်ဆယ်ရေးအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်း



**လားရှိုး မေ ၁၁**

လားရှိုးမြို့နယ် မီးသတ်တပ်ဖွဲ့နှင့်ကြက်ခြေနီတပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၇)သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၈ နာရီက လားရှိုးမြို့ သာသာနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဖေဝင်းနှင့် တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်တို့က ပေးအပ်ခဲ့ကြသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တို့၏ လက်တွေ့သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး လားရှိုးပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက သင်တန်းသား သင်တန်းသူများသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## သေနတ်၊ ဓားအသွင်ပုံစံတူများ၊ နိုင်ငံခြားအလံများ မျက်နှာဖုံးများ ရောင်းချခြင်းမပြုရန် သတိပေး

**မန္တလေး မေ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မဟာသင်္ကြန်ကို အကြောင်းပြုပြီး မျက်နှာဖုံးများ၊ လိင်စိတ်ကြွဆေးများ၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ စစ်ဘက်ဆိုင်ရာအသုံးအဆောင်များ၊ လူကိုထိခိုက်ဒဏ်ရာရရှိစေနိုင်သော ချွန်ထက်ပြတ်ရှစေသောပစ္စည်း၊ တုတ်၊ ဓားလက်နက်ပစ္စည်းများ၊ သေနတ်၊ ဓားအသွင်ပုံစံတူအတုပြုလုပ်ထားပြီး မြင်တွေ့သူကိုအထိတ်တလန့်ဖြစ်စေနိုင်သော ပစ္စည်းများ၊ နိုင်ငံခြားတိုင်းပြည်များ၏အလံများ ရောင်းချခြင်း၊ အသုံးပြုခြင်းမပြုရန် မဟာသင်္ကြန်ပွဲတော်စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီက ကြိုတင်သတိပေးတားမြစ်ထားပြီး လိုက်နာခြင်းမရှိပါက ဆိုင်ပိတ်သိမ်းမည့်အပြင် ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးမြို့တွင် သင်္ကြန်အတက်နေ့ထိ ပုံမှန်အပူချိန်၏အထက်တွင် ဆက်လက်တည်ရှိနိုင်

**မန္တလေး မေ ၁၁**

မန္တလေးမြို့တွင် မေ ၇ ရက်နောက်ပိုင်းမှစ၍ နေ့အပူချိန်များ မြင့်တက်လာခဲ့ပြီး သင်္ကြန်အတက်နေ့အထိ ဧပြီလပုံမှန်အပူချိန်၏ အထက်တွင် ဆက်လက်တည်ရှိနေနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

"၂၀၁၇ ဧပြီလမှာတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ နေ့အပူချိန်တွေ သိသိသာသာမြင့်တက်လာပါတယ်။ ဒေသအများစုမှာတော့ စံချိန်သစ်တင်လောက်အောင်တော့ မဟုတ်သေးပေမယ့် တစ်ရက်နဲ့တစ်ရက် နေ့အပူချိန်တွေ သိသိသာသာမြင့်တက်လာတဲ့အခြေအနေမျိုးတွေ တွေ့ရှိရတယ်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ဖြစ်ပေါ်ပြီးတော့ ယခင်စံချိန်တွေလောက်နီးပါး ရောက်ရှိလာတယ်။ ဧပြီ ၁၆ ရက်လောက်မှာတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ တောင်ပိုင်းစွန်းဒေသတွေမှာ မိုးထစ်ချုန်းရွာနိုင်တာတွေ့ရပေမယ့် ကျန်ဒေသမှာတော့ မွန်းလွဲ၊ ညနေပိုင်းလောက်ပဲ ထစ်ချုန်းရွာနိုင်မယ်လို့ တွေ့ရှိရပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့၏ ဧပြီလပုံမှန်အပူချိန်မှာ ၃၉ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့သော်လည်း ယခုနှစ် ဧပြီလ ၇ ရက်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်၊ ၈ ရက်တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ၉ ရက်တွင် ၄၂ ဒသမ ၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာခဲ့ရာ ၁၉၉၅ ခုနှစ် မေ ၃၀ ရက်တွင် ရောက်ရှိခဲ့သော မန္တလေးမြို့၏ အမြင့်ဆုံးစံချိန်ဖြစ်သည့် ၄၄ ဒီဂရီစင်တီဂရိတ်သို့ မရောက်ရှိသေးကြောင်းသိရသည်။

လက်ရှိ နေ့အပူချိန်မြင့်တက်နေသော ဒေသများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နဲ့ မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် အပူချိန်မြင့်တက်လျက်ရှိပြီး မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ် ဧပြီ ၉ ရက်တွင် ၄၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ရာ အပူချိန်စံချိန်သစ်တင်မည့် အနေအထားမဟုတ်သော်လည်း အပူဒဏ်အန္တရာယ် လျော့ပါးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်များအတိုင်း အထူးဂရုပြုလိုက်နာနေထိုင်သင့်ကြောင်း ၎င်းက အကြံပြုပြောဆိုသည်။

ဧပြီလသည် မြန်မာနိုင်ငံတွင် မုန်တိုင်းကြီးများ စတင်ဝင်ရောက်လာနိုင်သည့် လဖြစ်သောကြောင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် လေထုမငြိမ်မသက် ဖြစ်ပေါ်နေမှုများအား သေချာစွာစောင့်ကြည့်ရမည်ဖြစ်ပြီး လေထုမငြိမ်မသက်မှုများ၊ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လာပါက ပင်လယ်အတွင်း ရေခိုးရေငွေ့များကို စွမ်းအင်အဖြစ် ပထမဆုံး အမြောက်အမြားရရှိသည့်အတွက် အားကောင်းသော မုန်တိုင်းကြီးများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မဟာသင်္ကြန်ကာလ မြင်းခြံမြို့မတူရိယာအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မြင်းခြံ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် မဟာသင်္ကြန်ကာလ ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များဖြင့် ပြည်သူများအားဖျော်ဖြေခြင်းကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့တွင် ယခုနှစ်မဟာသင်္ကြန်ကာလ၌ ဗဟိုမဏ္ဍပ်ဆောက်လုပ်ပြီး နေ့အခါရေကစားခြင်း၊ ညအခါတွင် ယိမ်းအဖွဲ့များမှ ကပြဖြေဖျော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ မြို့၏အခြားနေရာများတွင်လည်း ပုဂ္ဂလိက ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ရေကစားကြမည်ဖြစ်ကြောင်း သိရသည်။



ယိမ်းအဖွဲ့များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုယိမ်းအဖွဲ့၊ ပညာရေးမိသားစုယိမ်းအဖွဲ့၊ ကျန်းမာရေးမိသားစုယိမ်းအဖွဲ့၊ တောင်သာမြို့နယ်ယိမ်းအဖွဲ့၊ နွားထိုးကြီးမြို့နယ်ယိမ်းအဖွဲ့၊ ငါန်းဇွန်မြို့နယ်ယိမ်းအဖွဲ့၊ ဆီမီးခုံကျေးရွာယိမ်းအဖွဲ့၊ ကျောက်ပြတ်ကျေးရွာယိမ်းအဖွဲ့၊ ကွမ်းစိုက်ကျေးရွာယိမ်းအဖွဲ့၊ ကန်ဆင့်ကျေးရွာယိမ်းအဖွဲ့၊ တောပုကျေးရွာယိမ်းအဖွဲ့များမှ ညစဉ်အလှည့်ကျ ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ကာလအတွင်း ဗဟိုမဏ္ဍပ်တွင် ဖျော်ဖြေမည့်ယိမ်းအဖွဲ့များသည် ယခုအခါ ပြည်သူများကို ကပြဖြေဖျော်ရန်အတွက် ကြိုးစားကာ အကတိုက်လေ့ကျင့်လျက်ရှိသည်။ ယိမ်းအဖွဲ့များကို 'မြမြင့်အောင်' မင်္ဂလာဆိုင်းဝိုင်းနှင့်အတူ မြန်မာပြည်တွင် ဒုတိယသက်တမ်းအရှည်ဆုံးဂီတအဖွဲ့ဖြစ်သည့် 'မြင်းခြံမြို့မတူရိယာ' အဖွဲ့များဖြင့် တီးခတ်ဖြေဖျော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ရသေ့တောင်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရသေ့တောင် မေ ၁၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရသေ့တောင်မြို့ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို ရသေ့တောင်မြို့ မေယုခန်းမ၌ မေ ၁၀ ရက် နံနက် ၁၀ နာရီ ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသလုံခြုံရေးဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာအတွင်းဆောင်ရွက်ခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးကဏ္ဍများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ရသေ့တောင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိ/ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မြို့အတွက် လိုအပ်ချက်များနှင့် မိမိတို့ဒေသအလိုက် လိုအပ်ချက်များအား တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများအား ဒေသခံပြည်သူများထံပေးအပ်ပြီး လူမှုရေးဝန်ကြီးမှ မတ် ၁၂ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ကြိမ်တန်းကျေးရွာအုပ်စုရှိ အိမ်ထောင်စုသုံးစုအား ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရသေ့တောင်မြို့ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး နော်ဝေမှ ကိုယ်စားလှယ်များလာရောက်တွေ့ဆုံ



**ပဲခူး မေ ၁၁**
ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းအား နော်ဝေနိုင်ငံမှ Mr.Ola Nicholai (CEO, Norway Power Company Limited) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် Mr.Ola Nicholai က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘိုင်းဒါးဆည်၊ တောင်ငူခရိုင်အတွင်းရှိ ဆွာတမံနှင့် ပြည်ခရိုင်အတွင်းရှိ တောင်နဝင်းဆည်တို့မှ ရေအားလျှပ်စစ်ထုတ်လုပ်မည့်စက်ရုံများ တည်ဆောက်သွားနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ လိုအပ်သည့်နေရာများ၌ ဆည်ဧရိယာအတွင်း ဆိုလာစနစ်ဖြင့်လည်း လျှပ်စစ်ဓာတ်အား ထုတ်ယူသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့စက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ သုံးစွဲသူများအတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိခြင်း စသည့်အာမခံချက်များ ရရှိမည်ဖြစ်ပါကြောင်းနှင့် စက်ရုံတစ်ခုလျှင် ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်က ဘိုင်းဒါးဆည်မှ ထုတ်ယူရရှိမည့် လျှပ်စစ်ဓာတ်အားသည် အနာဂတ်စီမံကိန်းတစ်ခုဖြစ်သည့် ပဲခူးမြို့နယ် ဘုရားကြီး မြို့အနီးပတ်ဝန်းကျင်တွင် စက်မှုစီမံကိန်းများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ဆွာတမံနှင့် တောင်နဝင်းဆည်မှ ထုတ်ယူရရှိသည့် လျှပ်စစ်ဓာတ်အားကို ယင်းဒေသရှိ ပြည်သူများအတွက် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသမရွေး စက်မှုလုပ်ငန်းများပေါ်ထွက်လာမှသာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၅၀ မဂ္ဂါဝပ်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခွင့်ပြုပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြိတ်မြို့၌ကလေးစာပေပွဲတော်ဖွင့်ပွဲကျင်းပရာ ကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**မြိတ် မေ ၁၁**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဦးမြတ်လေးပန်းခြံကလေးကစားကွင်း၌ မေ ၁၀ ရက် နံနက် ၉ နာရီကကျင်းပခဲ့ရာ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် မုခ်ဦးအား တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ အထက(၁)ကျောင်းမှ ထူးချွန်ကျောင်းသား မောင်ခန့်ကိုနှင့် အထက(၃)ကျောင်းမှ ထူးချွန်ကျောင်းသူ မမြတ်နိုးအိမ့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက "ဒီနေ့ပြုလုပ်တဲ့ ကလေးစာပေပွဲတော်ကြီးဟာ အနာဂတ်ရဲ့ ခေါင်းဆောင်များကို ဉာဏ်ရည်ဉာဏ်သွေးနဲ့ အယူအဆတွေထက်မြက်လာစေဖို့ ကလေးများရဲ့ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေဖို့ ကလေးများ စာပေနှင့်ရင်းနှီးပြီး ပညာရည်ပြည့်ဝတဲ့ သားကောင်းရတနာလေးများဖြစ်ကြဖို့ အားလုံးပူးပေါင်းကူညီပေးကြပါ။ အနာဂတ်နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမယ့် ကလေးစာပေ၊ ကလေးကဗျာ၊ ကလေးစာဖတ်ခန်းတွေ ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းကူညီပေးကြပါ" ဟု ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီချိုက ကလေးစာပေပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကန်စွန်းအင်းမူကြိုကျောင်းနှင့် မေတ္တာမွန်မူကြိုကျောင်းတို့မှ သားငယ်သမီးငယ်များက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

"ကလေးစာပေပွဲတော်မှာ ကလေးတွေအတွက် သက်ဆိုင်ရာအလှူရှင်များက ကလေးစာပေစာအုပ်များ၊ ကလေးကစားစရာအရုပ်များ၊ မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံနှင့် အခြားအာဟာရဖြစ် အစားအစာများကို အခမဲ့ကျွေးမွေးတဲ့အတွက် ကလေးတွေ ပျော်ရွှင်စေကာ တစ်ဖက်မှာလည်း ကလေးတွေ မိမိတို့ကြိုက်နှစ်သက်တဲ့ ပြိုင်ပွဲတွေ၊ ကစားနည်းတွေကို စိတ်ကြိုက်လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်တဲ့အတွက် ဉာဏ်ရည်ဉာဏ်သွေးနဲ့ စိတ်ဓာတ်ရေးရာတွေ တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်" ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်သည်။



အဆိုပါကလေးစာပေပွဲတော်ကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် မဟာဗန္ဓုလပုံ အရုပ်ဆက်ခြင်း၊ နှစ်ယောက်တွဲ ခွက်နင်း၊ သုံးယောက်တွဲ ဖိနပ်စီး၊ သုံးယောက်တွဲ ပူဖောင်းညှပ် ကစားပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# သကြၤန်ကာလ မီးဘေးကြိုတင်ကာကွယ်ရေး ဘားအံဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ မေ ၁၁**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၏လမ်းညွှန်မှုဖြင့် သကြၤန်ကာလ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံပြည်သူ့ဆေးရုံကြီးတွင် မေ ၁၀ ရက် နံနက် ၆ နာရီမှ ၈ နာရီအထိ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဆွေ၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကြာညို၊ ဘားအံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်ဦးတို့က အနီးကပ်ကြပ်မတ်၍ ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀၊ ဘားအံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် ရုံးဝန်ထမ်း ၁၅ ဦး၊ ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးထင်လင်းစိုးဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ဘားအံဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်း ၁၅ ဦး၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ခန့်ဖြင့် သကြၤန်ကာလ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပိတ်ပေါင်းတို့အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**



## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ စိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များမောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဘားအံမြို့၌မြန်မာ့ရိုးရာမဟာသင်္ကြန် စည်ကားစွာကျင်းပမည်

**ဘားအံ ဧပြီ ၁၁**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ဟောင်းမှအညစ်အကြေးများအား ဆေးကြောသန့်စင်ပြီး ဘေးရန်ကင်းသောနှစ်သစ်သို့ ကူးပြောင်းသည့် အတာရေသဘင် မဟာသင်္ကြန်ပွဲတော်ကို အစိုးရသစ်လက်ထက် ပထမဦးဆုံးအကြိမ်ကျင်းပမည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ ကရင်ပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေပက်ကစားနိုင်ရေးအတွက် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက်များတွင် ဗဟိုမဏ္ဍပ်၊ ပွဲကြည့်စင်မဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ် ၁၄ ခု ဆောက်လုပ်ထားရှိပြီး ဘားအံမြို့နယ်တွင် စာရင်းအရ ပြိုင်ပွဲဝင် ရပ်ကွက်/ကျေးရွာ ယိမ်းအဖွဲ့ ၂၉ ဖွဲ့၊ ပညာရေးဌာနမှ ကိုးဖွဲ့စုစုပေါင်း ၃၈ ဖွဲ့ရှိကြောင်း၊ ဗဟိုမဏ္ဍပ်တွင် အဆို၊ အက၊ အရေး စသည့် ကိုယ်ပိုင်သံစဉ်ဖြင့်ယှဉ်ပြိုင်မည့် ယိမ်းအဖွဲ့ ၁၂ ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၂၆ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည်ဖြစ်ကာ ဆုများအနေဖြင့် မဏ္ဍပ်အလှပြိုင်ပွဲဆု၊ ယိမ်းအကဆု၊ ယိမ်းအဆိုဆု၊ တစ်ပင်တိုင်အကဆု၊ တစ်ပင်တိုင်အဆိုဆု၊ ဂီတစာဆိုဆုများကို ဧပြီ ၁၆ ရက်ညတွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်အကြိုကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းများ၊ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးခြင်းများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း သင်္ကြန်ကာလအတွင်း ထိခိုက်ဒဏ်ရာများရရှိနိုင်သည့်အတွက် ဆရာဝန်နှင့်သူနာပြုများ၊ လိုအပ်သည့်ဆေးဝါးများနှင့် သွေးအစရှိသည်များ အသင့်ရှိစေရေးအတွက် ညွှန်ကြားချက်များထုတ်ပြန်၍ ကျန်းမာရေးဝန်ထမ်းများအားနေ့စဉ် တာဝန်ချထားပေးမည့်အပြင် အရေးပေါ်လူနာတင်ယာဉ်နှင့် ပြည်နယ်ပြည်သူ့ဆေးရုံတွင် အရေးပေါ်အခြေအနေများ ဆောင်ရွက်ထားကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အစိုးရအဖွဲ့ရုံး သင်္ကြန် အကြို ပွဲတော် အခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ဧပြီ ၁၀ ရက် ညနေ ၄ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သင်္ကြန်အကြိုပွဲတော်အခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က အကြိုနှစ်သစ်ကူးသင်္ကြန်ပွဲတော် အဖွင့်အမှာစကားပြောကြားပြီး အကြိုနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဝန်ထမ်းသမီးပျိုလေးများ၏ အကအလှနှင့်အတူ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဌာနဆိုင်ရာများမှ တေးသံရှင်ဝန်ထမ်းများက ရှာပုံတော်မင်းသားကြီး၊ သင်္ကြန်မိုး၊ နွေဦးကဗျာ၊ ရွှေမန်းမာလာ၊ နှုတ်ခွန်းဆက်၊ တူးပို့တူးပို့၊ ရွှင်လန်းချမ်းမြေ့ပါစေ၊ မန်းတောင်ရိပ်ခို စသည့်သင်္ကြန်သီချင်းများဖြင့် သီဆိုကြပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမီးပျိုလေးများမှ ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြကာ ဧည့်ပရိသတ်အပေါင်းများအား စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေး စည်းကမ်းပျက်ယာဉ်များအား စစ်ဆေး

**ပုလဲ ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲ-ဂန့်ဂေါကားလမ်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပုလဲမြို့မရဲစခန်းမှူး ဒု-ရဲမှူးမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေရုံး ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး ဝန်ထမ်းများ၊ တောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က ၂၀၁၇ ခုနှစ် မဟာသင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် စည်းကမ်းပျက်ယာဉ်များအား အရှိန်အဟုန်မြှင့် စစ်ဆေးအရေးယူခြင်းလုပ်ငန်းကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့မရဲစခန်းမှူး ဒု-ရဲမှူးမြင့်အောင်က "ပုလဲမြို့ ပုလဲ-ဂန့်ဂေါကားလမ်းမှာ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ရည်ရွယ်ပြီး ဌာနဆိုင်ရာပေါင်းစုံပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဖြင့် မူးယစ်သောက်စားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို အထူးအလေးထား၍ အသိပညာပေးခြင်း၊ ဆိုင်ကယ်အိတ်ဇောဖြုတ်၍မောင်းနှင်ခြင်း၊ ဆိုင်ကယ်တွင် မူလပါရှိသော အိတ်ဇောကိုဖြုတ်၍ အသံကျယ်လောင်မှုဖြစ်ပေါ်စေရန် ပြောင်းတိုအိတ်ဇောတီထွင်တပ်ဆင်မောင်းနှင်ခြင်းတို့ကို အဓိကစစ်ဆေးဆောင်ရွက်ပြီး လိုက်နာမှုမရှိသော ဆိုင်ကယ်မောင်းနှင်သူများကို စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် စည်းကမ်းပျက်ယာဉ်များအား အရှိန်အဟုန်မြှင့် စစ်ဆေးအရေးယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စည်းကမ်းပျက်မော်တော်ဆိုင်ကယ် ၁၂ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်လျော့ပါးရေး စစ်ဆေးဆောင်ရွက်

**ကျုံပျော် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုလျော့ပါးရေး၊ မော်တော်ယာဉ်များ စည်းကမ်းနှင့်အညီ မောင်းနှင်ရေးကိုရည်ရွယ်၍ ယာဉ်စည်းကမ်းကြီးကြပ်စစ်ဆေးခြင်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းနှင့် ညအချိန်တို့တွင် နှစ်ချိန်ခွဲ၍ မြို့တွင်းနှင့် မြို့ဝင်ဂိတ်များတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိုး၊ မြို့မစခန်းမှူး ဒုရဲမှူးခိုင်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးရဲထက်အောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီများ လိုက်ပါဆောင်ရွက်ခဲ့ကြပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သော ယာဉ် ၂၂ စီး၊ အသံကျယ် အိတ်ဇောပိုက်တပ်ဆင်၍မောင်းနှင်သော ဆိုင်ကယ်နှစ်စီးတို့အား ဥပဒေနှင့်အညီ တရားစွဲဆို၍ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ညပိုင်း ဆက်လက်စစ်ဆေးရာတွင်လည်း ညမီးနှင့် အချက်ပြမီးများ ကောင်းမွန်ရေး၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များပါရှိရေး၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုလျော့ပါးရေးကိုရည်ရွယ်၍ ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အများပြည်သူနားမခံနိုင်အောင် ကျယ်လောင်သော အိတ်ဇောပိုက်များ တပ်ဆင်မောင်းနှင်ခြင်း၊ ဆိုင်ကယ်ကာဗာများဖြုတ်၍ ရိုးတံပုံပျက်မောင်းနှင်ခြင်းများကိုပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ရက်များအတွင်း တွေ့ရှိပါကလည်း မော်တော်ယာဉ်ကို ဖမ်းဆီး၍ မြို့မရဲစခန်းတွင် ခေတ္တထိန်းသိမ်းပေးထားပြီး ရုံးပြန်ဖွင့်ရက်တွင် တရားရုံးသို့ တရားစွဲဆိုတင်ပို့၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မစခန်းမှူး ဒု-ရဲမှူး ခိုင်ကျော်ဦးထံက သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ကျွန်းလှတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကျွန်းလှ ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်တစ်ခု၊ ပိတောက်မြိုင်ရပ်ကွက်နှင့် ပျဉ်းမမြိုင်ရပ်ကွက် ရေကစားမဏ္ဍပ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ကပြဖျော်ဖြေခြင်းနှင့် ရေကစားနိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများဖြင့် လုံခြုံရေးဆောင်ရွက်ထားကြောင်း၊ သင်္ကြန်ကာလလေးရက်ကိုလည်း ဌာနဆိုင်ရာများက စတုဒိသာတိုက်ကျွေးမည်ဖြစ်ကြောင်း၊ သဖန်းဆည်သို့လာရောက်အပန်းဖြေ ရေကစားကြသူများ အန္တရာယ်ကင်းရှင်းရေးအတွက်လည်း စီစဉ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ပြောကြားသည်။

ယင်းနောက် နှစ်ဆန်းတစ်ရက်နေ့တွင် အသက် (၈၅) နှစ်အထက် သက်ကြီးဘိုးဘွား ၇၅ ဦးအား သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## သင်္ကြန် ကာလတွင် စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရန် ဆန်အိတ် ၁၀၀ ထောက်ပံ့လှူဒါန်း

**မလှိုင် ဧပြီ ၁၁**

သင်္ကြန်ကာလတွင် စိတ်အေးချမ်းသာယာစွာဖြင့် ဥပုသ်သီလဆောက်တည်ပြီး ကုသိုလ်ကောင်းမှုများပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မလှိုင်မြို့နေ ငွေတိုက်စိုးမိသားစုက မြို့ပေါ်ရပ်ကွက်လေးခုမှ အိမ်ထောင်စု ၂၄၀ အား ဧပြီ ၉ ရက်တွင် စတုတ္ထအကြိမ်မြောက် ဆန်များ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က မလှိုင်မြို့ အမှတ် (၄) ရပ်ကွက်နေ ဦးတင်ထွန်း+ဒေါ်ခင်ငွေးဦး (ငွေတိုက်စိုး-မိသားစု) တို့က မြို့ပေါ်တစ်ရပ်ကွက်လျှင် အိမ်ထောင်စု ၆၀ နှုန်းဖြင့် ရပ်ကွက်လေးခုရှိ အိမ်ထောင်စု ၂၄၀ တို့အား တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် ဆန်အိတ် ၁၀၀ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့သည်။

"အခုလို ထောက်ပံ့ပေးတာ ဒီနှစ် စတုတ္ထအကြိမ်မြောက်ပါ။ မြန်မာလူမျိုးတို့ရဲ့နှစ်သစ်ကူး သင်္ကြန်ကာလမှာ နောက်ဆံမတင်းရဘဲ ကောင်းမှုကုသိုလ်ပြုလုပ်ပြီး နှစ်သစ်ကို စိတ်အေးချမ်းသာယာစွာဖြင့် ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်၍ လှူဒါန်းပေးခြင်းဖြစ်ပါတယ်" ဟု အလှူရှင်မိသားစုဝင်တစ်ဦးကပြောပြခဲ့သည်။ **အောင်ငွေး(မလှိုင်)**



## ရေတာရှည်မြို့မယ်ဒက်ကယ်ဘုရားပွဲ ညပိုင်းလာရောက်သူများဖြင့်စည်ကား

**ရေတာရှည် မေ ၁၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ အောင်ချမ်းသာကျေးရွာအနီးရှိ သမိုင်းဝင်မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးအား နှစ်စဉ် တန်ခူးလဆန်း (၆) ရက်မှ လပြည့်နေ့အထိ ၁၀ ရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ အစည်ကားဆုံးနေ့ဖြစ်သော ပွဲတော်ကြီးပြီးခါနီး နှစ်ရက်အလိုတွင် လာရောက်သူများဖြင့် ပြည့်ကျပ်လျက်ရှိ သည်ကို တွေ့ခဲ့ရသည်။

မြို့အသီးသီးမှလည်းကောင်း၊ အနီးဝန်းကျင်ကျေးရွာများမှ လှည်းဖြင့်တစ်ဖုံ၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ မော်တော်ယာဉ်များဖြင့် လာရောက်ကြကာ မိမိတို့ အတွက်လိုအပ်သော အသုံးအဆောင်၊ စားသောက်ဖွယ်ရာ၊ အိမ်သုံးပစ္စည်းများ ကိုဝယ်ယူကြ၍လည်း နယ်လှည့်ဈေးရောင်းကြသည့် ၁၂ ပွဲဈေးသည်များ အတွက် အထူးပင်ဈေးရောင်းကောင်းကြောင်း ဘုရားဈေးလာရောက် ရောင်းချသူတစ်ဦးက ပြောကြားသည်။

သနပ်ခါးတုံး၊ ကျောက်ပျဉ်၊ သင်ဖြူးဖျာ၊ အဝတ်အထည်များ၊ ကြက်သွန်၊ အာလူး အစရှိသည့် မီဖိုချောင်သုံးပစ္စည်းများကို အဓိကအများဆုံးဝယ်ယူကြ ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ပဉ္စမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဆင်း



**မင်္ဂလာတောင်ညွန့် မေ ၁၁**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူး ဖွင့်လှစ်သည့် ပဉ္စမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးနှင့် ဦးရန်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **၁၁၈**

## ညောင်ရွှေမြို့ဟူပင်ဟိုတယ်ခန်းမ၌ ဒုတိယအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပ

**ညောင်ရွှေ မေ ၁၁**
ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့ ဟူပင်ဟိုတယ်ခန်းမ၌ ညောင်ရွှေ မြို့နယ် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီက ကြီးမှူး၍ မေ ၈ ရက် နံနက် ၉ နာရီက ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရာ ၁၉၆၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာကြီး နှင့် ဆရာမကြီး ၃၅ ဦးအား တစ်ဦးလျှင် ငွေကျပ် လေးသိန်းခန့် ကန်တော့ငွေ ပေးအပ်ကြောင်းသိရသည်။

ထို့နောက် ဦးအောင်ကျော်စိုး ရေးဖွဲ့သီကုံးသော "မြတ်ဆရာ"သီချင်း ကို ဦးမျိုးညွန့်က ဂုဏ်ပြုဖျော်ဖြေ၍ ဆရာကြီးဦးစံညွန့်နှင့် ဆရာမကြီး ဒေါ်ညိုကြည်တို့က ဩဝါဒစကားပြောကြားကာ ဆရာ ဆရာမများအား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး နာယက ဒေါက်တာဒေါ်ခင်ကျော့ယဉ် က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(ဦးခင်မောင်မြ)**

# (၁၇)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ အခမ်းအနား ဟိုစဲ့ကျေးရွာ၌ပြုလုပ်




**လွိုင်ကော် မေ ၁၁**
မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာ၌ (၁၇) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကို မေ ၁၀ ရက် နံနက် ၆ နာရီက ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ၊ ကယန်းတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကြောင်းများဖြင့် ချီတက်အလံတင် ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုခြင်း၊ ကယန်းအမျိုးသားအလံ အား အလေးပြုခြင်းနှင့် ကယန်းအမျိုးသားသီချင်း သီဆိုခြင်းများ ဆောင်ရွက်ကြသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယန်းအမျိုးသားနေ့ အထိမ်းအမှတ် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟို ကော်မတီဝင်မှ ပေးပို့လာသောမိန့်ခွန်းအား ဦးအာ ဗြာဟန်က ဖတ်ကြားခြင်း၊ ကယန်းလူမျိုးဆင်းသက် လာပုံနှင့် ဒုတိယအကြိမ် ကယန်းအမျိုးသားညီ လာခံ၏သဘောတူညီ စာချုပ်ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြပြီး ဟိုစဲ့ကျေးရွာဒေသခံခေါင်း ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြော ကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီး၊ ဥပဒေချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့အတွင်း ရေးမှူး၊ ဌာနဆိုင်ရာတို့က မေ ၉ ရက် ည ၇ နာရီ တွင် ကယန်းအမျိုးသားနေ့အထိမ်းအမှတ်အနေ ဖြင့် ကယန်းတေးသီချင်းသီဆိုယှဉ်ပြိုင်နေမှုများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပြိုင်ပွဲ ယှဉ် ပြိုင်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တို့အား ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်

**ငါ့သရောက် မေ ၁၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ မေ ၉ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် များ၏ လွှတ်တော်အတွေ့အကြုံဆိုင်ရာ ရှင်းလင်း ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ညောင် ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစော က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ အစည်းအဝေးအတွေ့အကြုံများ၊ ပြည်သူများ၏ လိုအပ်ချက်နှင့် သဘောထားအမြင်များ၊ ကျန်းမာ ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဦးကျော်တုပ်က လွှတ်တော် အတွေ့အကြုံများ၊ ပြည်သူများ လိုအပ်ချက်နှင့် ပြည်သူများ၏ တိုင်ကြားစာကော်မတီအတွေ့အကြုံ များကို ရှင်းလင်းပြောကြားပြီး ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ (၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့် စိန်တို့က တိုင်းဒေသကြီးလွှတ်တော်အတွေ့အကြုံ များနှင့် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင် ရွက်ချက်၊ လိုအပ်ချက်များကို ပြည်သူ့အကျိုးပြု ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရေး တက်ရောက် လာကြသူများနှင့် အပြန်အလှန်ဆွေးနွေး ရှင်းလင်း ပြောကြားခဲ့ကြသည်။

ယင်းနောက် ညောင်ဦးမြို့နယ်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ငါ့သရောက်မြို့ အား မြို့အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပ ရေး ဆောင်ရွက်ရန်လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ် တော်အတွေ့အကြုံဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားသို့ ညောင်ဦးမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးစော၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုပ်၊ ညောင်ဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ် ကြသည့် မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ညောင်ဦး မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် ငါ့သရောက်မြို့ရှိ ဌာနဆိုင်ရာဝန် ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများ တက်ရောက်ခဲ့ကြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကန်ကြီးထောင့်မြို့နယ်တွင် မီးဘေးအန္တရာယ်ကင်းဝေးရေး လိုက်လံသတိပေး



**ကန်ကြီးထောင့် မေ ၁၁**
ပူပြင်းခြောက်သွေ့ပြီး အပူချိန်မြင့်မားသောနွေရာသီ ရောက်ရှိလာသည်နှင့်အမျှ ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှကင်းဝေး စေရေးအတွက် မီးဘေးရှောင်မလောင်ခင်တား ဆိုသည့်အတိုင်း ပြည်သူများ မီးဘေးအသိ၊ သတိ အမြဲရှိနေစေရေးတို့အတွက် ဧရာဝတီတိုင်းဒေသ ကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မီးသတ် ဦးစီးဌာနမှ မေ ၁၀ ရက် ညနေပိုင်းမှစ၍ ညပိုင်း အထိ အသံချဲ့စက်များဖြင့် မီးသတိပေးချက်များ ကို မြို့နယ်တွင်းသို့လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ကင်းဝေးရေး သတိပေးနှိုး ဆော်ချက်များ လှည့်လည်ကြေညာခြင်းကို ကန်ကြီး ထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဒေမီး သတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ကန်ကြီးထောင့်မြို့ပေါ်ရပ်ကွက်များနှင့် တကုန်းကြီးကျေးရွာ၊ အပင်နှစ်ဆယ်ကျေးရွာ၊ ဒါးကကျေးရွာများသို့ သွားရောက်၍ မီးဘေး အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်ထမင်း ပေါင်းအိုး၊ လျှပ်စစ်မီးဖိုများ၊ လျှပ်စစ်ရေနွေးအိုးများ နှင့် ဖုန်းအားသွင်းခြင်းများအတွက် လျှပ်စစ်မီးများ အသုံးပြုရာတွင် သတိထား၍ စနစ်တကျသုံးစွဲကြ ရန်၊ အပြင်သွားလာသည့်အခါများတွင်လည်း လျှပ် စစ်မီန်းချထားကြရန်၊ ထင်း၊ မီးသွေးများသုံးစွဲရာတွင် လည်း မီးဖိုမှ မီးကြွင်းမီးကျန်များကို အမြဲတမ်းသတိ ထားငြိမ်းသတ်ကြရန်၊ ဘုရားမီးပူဇော်ခြင်းများနှင့် ခြင်ဆေးခွေမီးများကိုလည်း သေချာငြိမ်းသတ်ပြီးမှ အိပ်စက်အနားယူကြရန် စသည့်သတိပေးနှိုးဆော် ချက်များကို လှည့်လည်ကြေညာခဲ့ကြောင်း သိရ သည်။ **နန်းထိုက်(ပြန်/ဆက်)**

# အတာသင်္ကြန်ပျော်ရွှင်မှုနွေ Heat Stroke နှင့် သင့်ကျန်းမာရေးအန္တရာယ် သတိပြုဆင်ခြင်ဖွယ်

ကျော်စိုးဦး(မန္တလေး)

အတာသင်္ကြန်ဟူသည် မြန်မာတို့၏ အလှအပရောင်စုံ တို့ပွင့်လန်းရာ အခါသမယပင်ဖြစ်သည်။ မိမိနှစ်သက်ရာ အလှတရားတို့ကို ခံစားသုံးဆောင်နိုင်ကြမည်ဖြစ်သည်။ အလှတရားတစ်ခုက အကုသိုလ် နောက်အလှတရားတစ်ခုက ကုသိုလ်ပေါ့။ ခန္ဓာအညစ်အကြေးတို့ကို သင်္ကြန်ရေဖြင့် ဆေးကြောဖို့လိုအပ်သလို ကျွန်တော်တို့၏ စိတ်အညစ်အကြေးတို့ကိုမူ သီလရေစင် (ဝါ) သူတော်ဥစ္စာခုနစ်ပါးရေစင်ဖြင့် ဆေးကြောသင့်သော အချိန်အခါပင်ဖြစ်သည်။ သင်္ကြန်အကြောင်းကို ပညာရှင်အသီးသီး သတင်းဂျာနယ်တွေမှာ ဖော်ပြခဲ့ပြီမို့ အသေးစိတ် ကျွန်တော်မရေးသားလို။ အနည်းငယ်ပင် ရေးသားတင်ပြလိုပါသည်။

ဘာသာတရား ယဉ်ကျေးမှုရိုးရာအမွေတို့ကို ပေးစွမ်းပြီး စိတ်သစ် လူသစ် ဘဝသစ်တို့ဖြင့် ပွဲကိုင်လှုပ်ရှားမည့်သူမှာ မိမိတို့ကိုယ်တိုင်သာလျှင်ဖြစ်ပေရာ မိမိကြောင့်၊ မိမိအသိုင်းအဝိုင်းကြောင့် ယဉ်ကျေးမှုအလှတရားပေါင်းစုံနေသော သင်္ကြန်မပျက်စီးစေရန်မှာမူ လူတိုင်း၏ တာဝန်ပင်ဖြစ်ပေသည်။ ဘာသာတရား၊ ယဉ်ကျေးမှုဂါရဝတရားများဖြင့် သင်္ကြန်၏အလှကို ပိုမိုတင့်တယ်စေရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းသင့်သော အချိန်အခါပင်ဖြစ်သည်။ သင်္ကြန်တွင် အပူလှိုင်းဖြတ်နိုင်ခြေရှိသည်။ ရေကို ကစားတော့ကစားပါ။ အလွန်အကျွံမဖြစ်ဖို့လိုသည်။ အပျော်မကြူးဖို့လိုသည်။သင်္ကြန်ကို ပျော်ရွှင်ရာတွင် အသွားအလာအနေအထိုင် အစားအသောက် အစစအရာရာ ယနေ့ဂရုပြုဖို့ လိုအပ်လာပြီဖြစ်သည်။ များများဆင်ခြင်နိုင်လေ သက်တမ်းစေ့နေနိုင်လေပင်ဖြစ်သည်။

**နွေ**

ရာသီသုံးလီ လေးလစီဖြင့် လည်ပတ်နေသော ယခုအချိန်အခါသည်ကား နွေရာသီကာလပင်ဖြစ်သည်။ အဆိုပါနွေအလှကို ဖျက်ဆီးစေမည့် အယ်နီညိုသည်ကား မကြာမီကျရောက်နိုင်ခြေရှိသည်ဟု ဇလဗေဒပညာရှင်တို့က ဆိုထားခဲ့လေသည်။ သို့ဆိုသော် အယ်နီညိုဖြစ်လျှင် အပူချိန်မြင့်မားမည်၊ လူတွေ တိရစ္ဆာန်တွေ အစစအရာရာ ဒုက္ခတွေ့စေနိုင်သည်။ သဘာဝတရားတွေ ချက်ချင်းပြောင်းလဲစေနိုင်သည်။ လူတို့၏ အသက်အန္တရာယ်လည်း ပိုမိုခြိမ်းခြောက်လာနိုင်ခြေရှိသည်။ သို့ဆိုသော် ကျွန်တော်တို့ လူ့ဘောင်လောကအတွက် ဘာတွေလုပ်ဆောင်ထားသင့်သနည်း။ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ပညာရှင်တို့ စိတ်ပူပန်နေကြမည့် နည်းလမ်းများစွာရှာဖွေကာ သိသလောက် နည်းလမ်းတွေကို လူထုသို့ ချပြပေးနေရသည်။

အယ်နီညိုဖြစ်လျှင် ရာသီဥတုအပူချိန်မြင့်မားလာမယ်၊ ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေအတွက် စိုးရိမ်စရာဖြစ်လာသလို လူလတ်ပိုင်းတွေအတွက်လည်း အရေပြားပျက်စီးမှုတွေ၊ သီးနှံပျက်စီးမှုတွေမှတစ်ဆင့် စီးပွားရေးများလဲထိခိုက်လာနိုင်ချေရှိသည်။ ပိုမိုပြင်းထန်သော ခရမ်းလွန်ရောင်ခြည်တွေကြောင့် အသားအရေထိုမှ လူ့စွမ်းအားအရင်းအမြစ် အသက်ဝိညာဉ်တို့ကိုပါ နုတ်ယူနိုင်စွမ်းရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ အလဟဿ မဆုံးရှုံးရလေအောင် ကျွန်တော်တို့အားလုံးတွင် တာဝန်ကိုယ်စီရှိသည်။ အဆိုပါတာဝန်သည်က မဖြစ်ခင်ကာကွယ်ရန်၊ ဖြစ်လာလျှင် ရိုင်းပင်းကူညီပြုစုကြရန်ပင် ဖြစ်တော့သည်။

**Heat Stroke (လေသင်တုန်းဖြတ်ခြင်း) သို့မဟုတ် အပူလှိုင်းအန္တရာယ်**

လူတိုင်းက Heat Stroke ဟူသည့်စကားလုံးနှင့် ရင်းနှီးပြီးသားဖြစ်မည်။ ဒီစကားလုံး သင့်ရင်ထဲရောက်ရှိကူးစက်သွားလျှင် သင့်အသက်ဝိညာဉ်ကို ဆွဲနုတ်သွားမည်ဖြစ်ရာ ထိုသို့မဖြစ်စေရန် ကျွန်တော်တို့ စနစ်တကျလေ့လာဆည်းပူးထားသင့်ပေသည်။ Heat Stroke အပူလှိုင်းဖြတ်လျှင် ကျွန်တော်တို့ နှစ်မျိုးလောက်ခံစားရနိုင်ခြေရှိသည်။ ထိုအရာသည်ကား အပူငုပ်ခြင်း (Heat Exhaustion) နှင့် အပူရှပ်ခြင်း (Heat Stroke) ပင်ဖြစ်သည်။ အဆိုပါနှစ်ခုအကြောင်းအမျိုးမျိုးကြောင့် ခံစားရပါက စနစ်တကျ ရှေးဦးမပြုစုတတ်ပါက သက်တမ်းမစေ့ခင် လောကကမ္ဘာမြေမှ သင်စွန့်ခွာသွားနိုင်သည်။

အပူရှပ်တာလား၊ အပူငုပ်တာလားဟူမူ လူတိုင်းလိုလိုက ကွဲကွဲပြားပြားမသိသေးပေ။ သိရန်လိုအပ်သလို အပူရှပ်ရင် ဘယ်လိုရှေးဦးပြုစုမလဲ၊ အပူငုပ်လျှင် ဘယ်လိုရှေးဦးပြုစုမလဲဆိုသည်ကို သိကိုသိထားရန် ယနေ့နွေသင်္ကြန်တွင် လိုအပ်လို့လာချေပြီ။ အဘယ်ကြောင့်ဟူမူ သတင်းတွေအားလုံးက ပညာရှင်တိုင်းလိုလိုက အယ်နီညိုဖြတ်ကာ Heat Stroke ယခုနွေမှ ကျရောက်နိုင်သည်ဟု ခန့်မှန်းထားသောကြောင့်ပင်ဖြစ်သည်။ အဖိုးထိုက်တန်သော လူ့ဘဝသက်တမ်းများ အယ်နီညိုကြောင့် သို့မဟုတ် Heat Stroke ကြောင့် မဆုံးရှုံးရလေအောင် ကျွန်တော်လေ့လာထားသလောက် ဒီဆောင်းပါးလေးကို လူထုအကျိုးငှာ မျှဝေမိပေသည်။

**(က) အပူငုပ်ခြင်း** (Heat Exhaustion)

နေပူပြင်းစွာ မလုံလောက် ပြင်းထန်လေ့ကျင့်ဝန်းကျင်တစ်လျှောက်

ချွေးဖြူ ငတ်မော စိုစွတ်ပျို့ ခေါင်းကိုက် ရံခါ ဝမ်းလျှောလို့

ခုန်နှုန်းမြင့်ကာ အားလည်းနည်း ပူချိန်တက်ကာ ဆေးရုံမြဲလို့ သူ့လက္ခဏာတွေ အလွယ်တကူမှတ်သားထားပေးပါ စာချစ်သူ။

နေပူပြင်းစွာဆိုတာက နေပူပူထဲမှာပြင်းထန်စွာ အလုပ်လုပ်နေမယ်ဆိုရင် မလုံလောက်ဆိုတာ ရေကို လုံလောက်စွာမသောက်ဘဲ အလုပ်များများလုပ်နေမယ်ဆိုရင် ပြင်းထန်လေ့ကျင့်ဆိုတာ ပူပြင်းတဲ့ပတ်ဝန်းကျင်မှာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်းတွေလုပ်နေကြမယ်ဆိုရင် အပူငုပ်ခြင်း (Heat Exhaustion)ဖြစ်တတ်ပါတယ်။

ချွေး ဆိုတာက အပူငုပ်တဲ့လူနာဟာ အလွန်အမင်းချွေးထွက်တတ်ပါတယ်။ ဖြူဆိုတာက အသားအရေတွေဖြူဖပ်ဖြူလျော်ဖြစ်လာမယ်။ ငတ်ဆိုတာ ရေတွေငတ်လာမယ်။ မောဆိုတာ မောပန်းနွမ်းနယ်လာမယ်။ စိုစွတ်ဆိုတာ အသားအရေတွေ စိုစွတ်အေးစက်လာမယ်။ ပျို့ဆိုတာ ပျို့အန်လာမယ်။ ခေါင်းကိုက်ဆိုတာ ခေါင်းကိုက်လာမယ်။ ရံခါဝမ်းလျှောလို့ဆိုတာ တစ်ခါတစ်ရံ ဝမ်းလျှောလာမယ်။ ခုန်နှုန်းမြန်ကာဆိုတာ သွေးခုန်နှုန်းတွေမြန်လာမယ်။ အားလည်းနည်းဆိုတာ အားအင်တွေချည့်နဲ့လာမယ်။ ပူချိန်တက်ကာဆိုတာ သာမန်အပူချိန်ထက် နည်းနည်းအပူချိန်တက်နိုင်မယ်။ သူ့မှာ ခန္ဓာကိုယ်မှ ရေနှင့်ဓာတ်ဆားတွေ ဆုံးရှုံးသွားနိုင်ပါတယ် စာချစ်သူ။ ဒီလက္ခဏာတွေတွေ့ရင် ဒီလူနာကို ကျွန်တော်တို့ အပူရှပ်တဲ့လူနာလို့ ယူဆလို့ရနိုင်ပါပြီ။ အချိန်မီပြုစုဖို့ အရေးကြီးပါတယ်။ ဒါဆို သင်ဘာလုပ်မလဲ စာချစ်သူ။

အပူငုပ် (Heat Exhaustion) လူနာအား ဒီလို ရှေးဦးပြုစုပါစာချစ်သူ။

ရေဖတ်တိုက်ကာ ကိုယ်ပူချ လေကောင်းလေသန့်ရရှိမှ

ချိုရေ ဓာတ်ဆားရေများတိုက် လိုအပ်ရင်တော့ ဆေးရုံပို့လိုက်လို့ ကျက်မှတ်ထားပေးပါ။

ရေဖတ်တိုက်ကာ ကိုယ်ပူချဆိုတာက လူနာကို ရေဖတ်တိုက်ခြင်းဖြင့် ကိုယ်အပူချိန်ကို လျှော့ချပါ။ လေကောင်းလေသန့်ရရှိမှဆိုတာက လူနာကို လေကောင်းလေသန့်ရရှိရာ အရိပ်အာဝါသကောင်းရာသို့ ရွှေ့ပြောင်းထားပါ။ လိုအပ်လျှင် ဆေးရုံပို့ပါ။ ချိုရေ ဓာတ်ဆားရေများတိုက်ဆိုတာက လူနာကို ရေအေးများများတိုက်ပါ (ရေခဲရေမဟုတ်) ဓာတ်ဆားဖျော်ရည်အားဖြည့်အချိုရည်တို့တိုက်ပါ။ (ဆီးချိုသွေးချိုရှိသော လူနာတွေလည်း သတိထားပါဦးစာချစ်သူ)။ ဒါဆိုကျွန်တော်တို့ အပူငုပ်တဲ့လူနာတွေရဲ့ အသက်ကို ကယ်တင်နိုင်ပါပြီ။ တကယ်လို့ သူက ဝမ်းများများသွားနေတယ်ဆိုရင် သွားတဲ့ဝမ်းနဲ့ညီမျှတဲ့ ဓာတ်ဆားရည်ကို တိုက်ဖို့မမေ့ပါနဲ့ (မှတ်ချက် သီးစုံဓာတ်ဆားမဟုတ်)။

**အပူရှပ်ခြင်း** (Heat Stroke)

ရေပန်းစားနေတဲ့ Heat Stroke ဆိုတာ ဘာကိုဆိုလိုပါသလဲ။ သာမန်ထက်ပိုတဲ့အပူချိန်ကြောင့် ကျွန်တော်တို့ခန္ဓာကိုယ်အတွင်းအင်္ဂါတွေရဲ့ လုပ်ငန်းစဉ်တွေ ချို့ယွင်းသွားကာ ချွေးမထွက်ဘဲ အပူချိန်တက်ပြီး နာမကျန်းဖြစ်တာကို Heat Stroke ဖြစ်တယ်လို့ ပညာရှင်တို့ဆိုကြလေရဲ့။

ရာသီဥတုပူပြင်းမယ်၊ ပိတ်လှောင်နေတဲ့နေရာတွေ လုံတဲ့နေရာတွေမှာနေထိုင်တဲ့အခါ အကာအကွယ်မပါဘဲ ပြင်းထန်စွာအလုပ်တွေလုပ်နေရတဲ့အခါ၊ အားကစားလေ့ကျင့်ခန်းတွေကို နေပူကျဲကျဲမှာလုပ်ပြီး အအေးခန်းထဲ ချက်ချင်းဝင်ရောက်တဲ့အခါ၊ အပူထဲမှ ပြန်လာလာချင်း လုံလောက်သော အနားယူချိန်မယူဘဲ ရေချိုးတဲ့အခါတွေ၊ ရာသီဥတုကပူပါတယ်ဆို ဘီယာ၊ အရက်၊ မူးယစ်ဆေးဝါးတွေ အလွန်သုံးစွဲတဲ့အခါတွေ စတဲ့အကြောင်းတရားတွေကြောင့် အပူရှပ်ခြင်း (Heat Stroke) ဖြစ်လာတတ်ပါတယ်။

Heat Stroke ခံစားရပြီဆိုရင် အဲဒီလူဟာ -

သားရေနီခြောက် ချွေးမထွက် အဖျားကြီးလို့လည်း လစ်တယ်ကွဲ့။

သားရေနီဆိုတာက သူဟာ အသားအရေတွေနီရဲလာမယ်၊ ခြောက်ဆိုတာက အလွန်ပူပြင်းသောကြောင့် အသားအရေတွေခြောက်သွေ့နေမယ်၊ ချွေးမထွက်ဆိုတာ ချွေးတွေမထွက်တော့ဘူး၊ အဖျားကြီးလို့လည်းလစ်တယ်ကွဲ့ဆိုတာက အဖျားကြီးလာမယ် (ကိုယ်အပူချိန်တွေ အမြင့်ဆုံးရောက်နိုင်တယ်) စိတ်တွေကယောင်ချောက်ချားဖြစ်မယ်၊ တစ်ခါတစ်ရံ သူဟာ သတိလစ်သွားတတ်ပါတယ်စာချစ်သူ။

အပူရှပ်ခြင်း (Heat Storke) ဖြစ်လျှင် ဒီလိုရှေးဦးပြုစုပါစာချစ်သူ။

သန့်ရိပ်ရေ ထူထူဖယ် ရေဖတ်တိုက်လို့ လေပေးမယ်

မိနစ် ၃၀ မတိုးတက် ရေစိုဝတ်တင်ဆေးရုံကွဲ့။(အရကျက်ပါစာချစ်သူ)

သန့်ရိပ်ရေဆိုတာက အပူရှပ်ခြင်းဖြစ်တဲ့လူနာကို လေကောင်းလေသန့်ရသောအရိပ် သို့မဟုတ် အခန်းမှာ သက်သောင့်သက်သာ လဲလျောင်းထားပါ။လူနာ၏ ခြေထောက်ကို အနည်းငယ်မြှင့်ထားပါ။ ရေဆိုတာက လူနာကို ရေအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ပါ။ ထူထူဖယ်ဆိုတာ လူနာဝတ်စားထားသော ထူထဲသည့် အဝတ်အစားများကို ဖယ်ရှားပေးပါ။ ရေဖတ်တိုက်လို့ဆိုတာက ရေအေးဖတ်တိုက်ပေးပါ။ ရေအေးဖတ်တိုက်ပြီး လေပေးမယ်ဆိုတာက ပန်ကာလေ သို့မဟုတ် ယပ်ခပ်ပေးပါ။ မိနစ် ၃၀ ထိ မတိုးတက်လာပါက ရေစိုဝတ်လူနာမျက်နှာပေါ် တင်ကာ ဆေးကုသမှုခံယူနိုင်အောင် စီစဉ်ပေးပါ။ ကူညီလမ်းညွှန်ပေးပါ။ အပူရှပ်တာလား အပူငုပ်တာလား ပိုမိုရှင်းလင်းစွာသိဖို့ သူတို့လက္ခဏာတွေကို ဇယားလေးနဲ့ယှဉ်တွဲပေးလိုက်ပါတယ်စာချစ်သူ။

**အပူငုပ်ခြင်းလက္ခဏာများ**

၁။ အလွန်ချွေးထွက်
၂။အသားအရေဖြူဖပ်ဖြူလျော်ဖြစ်
၃။ ရေငတ်
၄။ မောပန်းနွမ်းနယ်
၅။ အသားအရေစိုစွတ်အေးစက်
၆။ ပျို့အန်
၇။ ခေါင်းကိုက်
၈။ တစ်ခါတစ်ရံဝမ်းသွား
၉။ သွေးခုန်နှုန်းမြန်၍အားနည်း
၁၀။ သာမန်အပူချိန်ရှိခြင်း (အနည်းငယ်အပူချိန်တက်)
၁၁။ ရေနှင့်ဓာတ်ဆားဆုံးရှုံး
၁၂။ -
၁၃။ -

**အပူရှပ်ခြင်းလက္ခဏာများ**

၁။ ချွေးမထွက်
၂။ အသားအရေနီမြန်း
၃။ -
၄။ -
၅။ အသားအရေခြောက်သွေ့
၆။ -
၇။ -
၈။ -
၉။ -
၁၀။ ကိုယ်ပူချိန်အမြင့်ဆုံးရောက်နိုင် (အဖျားကြီး)
၁၁။ -
၁၂။ စိတ်ကယောင်ချောက်ချားဖြစ်
၁၃။ သတိလစ်တတ်တယ် (Shock)

**Heat Stroke အန္တရာယ်မှ ဘယ်လိုကြိုတင်ကာကွယ်မလဲ**

အပူငုပ်ခြင်း အပူရှပ်ခြင်းမဖြစ်စေရန်မှာ နေပူထဲထွက်လျှင် အကာအကွယ်ရသော ဦးထုပ်၊ ထီးဆောင်းပါ။ ချွေးအလွန်အမင်းထွက်ပါက ဓာတ်ဆားရည်သောက်ပါ။ နေပူထဲတွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းကို ရှောင်ပါ။ ပူအိုက်သောရာသီတွင် အရိပ်ရသော လေကောင်းလေသန့်ရသော နေရာတွင်နေပါ။ ရိုးရိုးရေအေးနှင့်သာ ရေချိုးပါ။ ပါးလွှာချောင်ချိသော အဝတ်အစားများကိုသာဝတ်ဆင်ပါ။ နေပူထဲတွင် ပြင်းထန်စွာ အားကစားလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ ပူအိုက်လွန်းချိန်တွင် အရက်၊ ဘီယာ၊ ဝိုင်၊ မူးယစ်ဆေးဝါးတို့သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။ နေပူပူမှပြန်လာလာချင်းရေမချိုးပါနှင့် လုံလောက်စွာအနားယူပြီးမှ ရေချိုးပါ။ ပူတယ်ဆိုပြီးလည်း ခဏခဏရေချိုး၊ ရေစိမ်နေခြင်းကိုရှောင်ကြဉ်ပါ။ ပူတယ်ဆိုပြီး ရေခဲရေတွေ အအေးတွေ ခဏခဏ မသောက်ပါနဲ့။ ရိုးရိုးသာလျှင် သင့်အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ အရည်ဓာတ်ခန်းခြောက်ခြင်းကို ကာကွယ်နိုင်ရန်အတွက် ရေသို့မဟုတ် အချိုရည်ကို တစ်ရက် ဖန်ခွက်ရှစ်ခွက် သို့မဟုတ် လေးလီတာခန့်သောက်သင့်ပါသည်။ ဓာတ်ဆား သို့မဟုတ် သီးစုံဓာတ်ဆားများကို ဆောင်ထားသင့်သလို သောက်သုံးသင့်ပါတယ်။ (ဆီးချိုသွေးချိုရှိသူများ သီးစုံဓာတ်ဆားကို ရှောင်သင့်သည်။)

Heat Stroke အန္တရာယ်သတိပြုဆင်ခြင်နိုင်ပြီမို့ အသက်ကို ဉာဏ်စောင့်နိုင်ကြပါစေ။

**ပူအိုက်လွန်းချိန်တွင် အရက်၊ ဘီယာ၊ ဝိုင်၊ မူးယစ်ဆေးဝါးတို့ သုံးစွဲခြင်းကို ရှောင်ကြဉ်။ နေပူပူမှပြန်လာလာချင်း ရေမချိုးပါနှင့်။ အရည်ဓာတ်ခန်းခြောက်ခြင်းကိုကာကွယ်နိုင်ရန်အတွက် ရေသို့မဟုတ် အချိုရည်ကို တစ်ရက် ဖန်ခွက် ရှစ်ခွက် သို့မဟုတ် လေးလီတာ ခန့်သောက်သင့် . . .**

## မက်ဂရီဂေါက ကလေးပဲရှိသေးတယ်

အိုင်ယာလန်လက်ဝှေ့ကျော် မက်ဂရီဂေါဟာ ဖလွိုက်မေဝယ်သာနဲ့ ယှဉ်ပြိုင်ထိုးသတ်အပြီး လက်ဝှေ့လောကနေ အနားယူတော့မယ်ဆိုတဲ့ သတင်းတွေထွက်လာတဲ့အပေါ် မက်ဂရီဂေါရဲ့ နည်းပြလည်းဖြစ် ရင်းနှီးတဲ့မိတ်ဆွေလည်းဖြစ်တဲ့ ကာဘာနာ့ချ်က ငြင်းဆန်လိုက်ပါတယ်။ မေဝယ်သာကို ယှဉ်ပြိုင်ထိုးသတ်လို့ ပေါင်ဘီလီယံနဲ့ ချီပြီးရရင်တောင် မက်ဂရီဂေါဟာ အခုမှ အသက်(၂၈)နှစ်သာ ရှိသေးတာကြောင့် လက်ဝှေ့လောကမှာ အချိန်အကြာကြီး ဆက်နေဦးမှာဖြစ်တယ်လို့ အတည်ပြုလိုက်ပါတယ်။

မက်ဂရီဂေါဟာ ၄၉ ပွဲ ရှုံးပွဲမရှိ စံချိန်ယူပြီး လက်ဝှေ့လောကနေ အနားယူထားတဲ့ မေဝယ်သာနဲ့ အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂက်စ်မှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ မက်ဂရီဂေါက ပြီးခဲ့တဲ့ လပိုင်းအတွင်းမှာ သူ့ရဲ့ နံပါတ်(၁)ဦးစားပေးက မေဝယ်သာနဲ့ ယှဉ်ပြိုင်ထိုးသတ်ရေး ဖြစ်တယ်လို့ဆိုခဲ့တာကြောင့် အခုလို အနားယူမယ်ဆိုတဲ့ သတင်းတွေ ထွက်လာတာဖြစ်ပါတယ်။ ဒါပေမယ့် ကာဘာနာ့ချ်ကတော့ ဘားနက်ဟော့ပ်ကင်းတို့ဆိုရင် အသက်(၅၀)လောက်အထိ လက်ဝှေ့လောကမှာ ဆက်လက်ကျင်လည်နေဆဲ ဖြစ်တာကြောင့် ဂရီဂေါဟာ ဒီလို ပုဂ္ဂိုလ်တွေနဲ့ယှဉ်ရင် ကလေးလို့တောင် သတ်မှတ်လို့ ရတယ်ဆိုတဲ့ စကားနဲ့ အနားယူမယ့် ကိစ္စရပ်ကို ငြင်းဆန်လိုက်တာဖြစ်ပါတယ်။





## စီရိုနယ်လ်ဒိုရဲ့ ခြိမ်းခြောက်သံ

ရီးယဲလ်မက်ဒရစ်စူပါစတား ခရစ္စယာနိုရိုနယ်လ်ဒိုက ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်နွေဈေးကွက်အတွင်း ဟာဇက်နဲ့ ဂရစ်ဇ်မန်းတို့ နှစ်ဦးကိုခေါ်ယူရင် ရီးယဲလ်ကနေ သူထွက်ခွာမယ်လို့ ခြိမ်းခြောက်ခဲ့တယ်လို့ သိရပါတယ်။ စီရိုနယ်လ်ဒိုဟာ ဂရစ်ဇ်မန်းနဲ့ ဟာဇက်တို့လို ပုံရိပ်မြင့် ကစားသမားတွေထက် နာမည်ရှိစ မက်ပီ၊ အော့ဘာမီယန်တို့ကိုသာ ခေါ်ယူစေချင်တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုမှာ ဂါရတ်ဘေးလ်ကို ခေါ်ယူခဲ့စဉ်ကလည်း သူရဲ့ ပြောင်းရွှေ့ကြေးစံချိန်ကို ကျော်လွန်သွားခဲ့တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်တဲ့ ပုံစံပြသခဲ့ရာ ရီးယဲလ်အသင်းဘုတ်အဖွဲ့ဝင်များက သူ့ကို ရီးယဲလ်အသင်းရဲ့ လစာအများဆုံးရ ကစားသမားဖြစ်ခွင့်ကို ဖန်တီးပေးခဲ့ရပါသေးတယ်။ ဒါကြောင့် ဟာဇက်၊ ဂရစ်ဇ်မန်းတို့ကို ရီးယဲလ်တွင် အလိုမရှိခြင်းက ရီးယဲလ်၏ အကျော်ကြားဆုံးကစားသမားနေရာကိုခွဲဝေလိုစိတ်မရှိခြင်းကြောင့်သာဆိုတဲ့ သုံးသပ်ချက်တွေလည်း ထွက်လာခဲ့ပါတယ်။

ဟာဇက်ဟာ လတ်တလောမှာ ပရီမီယာလိဂ်ရဲ့ အထင်ရှားဆုံးကစားသမားဖြစ်သလို နည်းပြဇီဒန်းရဲ့ စိတ်ကြိုက်ကစားသမားဖြစ်တဲ့အတွက် စီရိုနယ်လ်ဒို ယခုလို ခြိမ်းခြောက်မှုက ဘယ်လောက်အရာထင်မလဲဆိုတာကို စောင့်ကြည့်ချင်စရာကောင်းပါတယ်။ ယခုနောက်ပိုင်းနှစ်တွေမှာ ကစားသမားတွေရဲ့ တစ်ဦးချင်းကျော်ကြားမှုတွေကြောင့် မက်ဆီက ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အစ္စကိုတို့လို ကစားသမားတွေကို ခေါ်ယူပေးဖို့ တောင်းဆိုပေးတာမျိုးတွေ တွေ့လာရသလို အိုဇေးလ်က တို့လိုနာမည်ရှိတဲ့ ကစားသမားတွေကလည်း သူတို့ တွဲဖက်ကစားချင်တဲ့ ကစားသမားတွေကို တောင်းဆိုတာကိုလည်းတွေ့လာရပါတယ်။

## ဂျိမ်းစ်ရဲ့ ဇီဒန်းအပေါ်ထားရှိတဲ့ ရန်ငြိုးရယ်လား



ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာသူ့အနေနဲ့ နည်းပြ ဇီဒန်းအပေါ် မကျေနပ်ချက်ကို ဘယ်တုန်းကမှ ထုတ်ဖော်ပြောကြားခဲ့ဖူးခြင်းမရှိပေမယ့် လီဂါနက်စ်ကို အနိုင်ရတဲ့ပွဲစဉ်မှာတော့ သူဟာ ဇီဒန်းအပေါ် မကျေနပ်တဲ့စိတ်ရင်ထဲမှာ ကိန်းအောင်နေခဲ့တယ်ဆိုတာ ပေါ်လွင်ခဲ့ပါတယ်။ ဂျိမ်းစ်ဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက ရီးယဲလ်အတွက် ပွဲချိန်ပြည့် ကစားခွင့်မရခဲ့ဘဲ လီဂါနက်စ်နဲ့ ပွဲစဉ်မှာလည်း ပွဲကစားချိန်မိနစ် ၇၀ မှာ လူစားလဲ ခံခဲ့ရပါတယ်။ အရန်ခုံခေါ်ထိုင်နေရတဲ့အချိန်မှာ ဂျိမ်းစ်က ဇီဒန်းကို“. . . . မသား။ ငါ့ကို ပွဲချိန်ပြည့်ထည့်ကစားခိုင်းတော့ ဘာဖြစ်မှာမို့လဲ”ရယ်လို့ ရေရွတ်ခဲ့တာကို ကင်မရာတွေက အမိအရ ရိုက်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီသတင်းကို စပိန်မီဒီယာ ဒီပေ့ါတက်စ်ကော်ထရိုက ဖော်ပြခဲ့တာဖြစ်ပြီး ဒီလိုပြောကြားတာ ပေါ်ပေါက်ခဲ့တဲ့အတွက် ဇီဒန်းအနေနဲ့ ဂျိမ်းစ်ကို အမျက်သင့်နိုင်တယ်လို့ ထင်မြင်ချက်တွေရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပွဲအပြီး ဇီဒန်းကို ဂျိမ်းစ်နဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ရာ “ဇီဒန်းက သူဟာ ဂျိမ်းစ်နဲ့ ပတ်သက်ပြီး ဘယ်လို ဆန့်ကျင်ရေးအမြင်မှ မရှိပါဘူး”လို့ ဖြေကြားခဲ့ပါတယ်။ ဒါအပြင် နည်းပြအဖွဲ့ဝင်တစ်ဦးကိုလည်း မချေမငံတုံ့ပြန်ခဲ့တဲ့အတွက် ဂျိမ်းစ်အနေနဲ့ ရီးယဲလ်က ထွက်ခွာချိန်တစ်စစ နီးကပ်လာပြီလို့တော့ အဖြေထုတ်ရပါမယ်။

## ဂျန်ဆန်ကို လှောင်ပြောင်ခဲ့တဲ့ စပါးပရိသတ်များ

ဝက်ဖို့ဒ်နဲ့ ပွဲစဉ် စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ဝင်ရောက်မကစားနိုင်တဲ့အချိန်မှာ အစားထိုးတိုက်စစ်မှူး ဂျန်ဆန်ရဲ့ အံ့အားသင့်ဖွယ်ရာ ဂိုးပေါက်လွဲချော်မှုဟာ စပါးပရိသတ်တွေအတွက် ဒေါသဖြစ်စရာ ဖြစ်ခဲ့ပါတယ်။ ဂျက်ဆန်ဟာ ဂိုးပေါက်နဲ့ ကိုက်အနည်းသာ ကွာတဲ့ ထရစ်ပီယာရဲ့ ဖြတ်တင်ဘောကို ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တာကြောင့် ပရိသတ်အများအပြားက စပါးအသင်းရဲ့ တွစ်တာစာမျက်နှာပေါ်ကတစ်ဆင့် ဂျက်ဆန်ကို ထိုးနှက်တဲ့မှတ်ချက်စကားတွေကို ဝေဝေဆာဆာ ရေးသားခဲ့တာဖြစ်ပါတယ်။ အချို့ပရိသတ်တွေက အကောင်းဆုံး အခွင့်အရေးကို လွဲချော်ခဲ့တဲ့ ဂျက်ဆန်ကို ဆိုလ်ဒါဒိုလို ဖြစ်မှာကို စိတ်ပူမိတယ်၊ အချို့ကတော့ စပါးအသင်းရဲ့ အဆိုးရွားဆုံးခေါ်ယူမှု စသဖြင့် ရေးသားနေကြတာဖြစ်ပါတယ်။

ဂျက်ဆန်ကို ပြီးခဲ့တဲ့နွေဈေးကွက်က ပေါင်၁၇သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် အခုထိ ပြည့်စုံတဲ့ အဆုံးသတ်ပိုင်းကို ပြသနိုင်ခြင်းမရှိတာကြောင့် နှစ်ရာသီအတွင်း သွင်းဂိုးခုနစ်ဂိုးသာ သွင်းယူနိုင်တဲ့ ဆိုလ်ဒါဒိုရဲ့ အနေအထားကိုဖြစ်လာမှာကို စိုးရိမ်ကြောင်းဆိုသူတွေလည်း ရှိနေလေရဲ့။



## အာဆင်နယ်ပရိသတ်တွေကို သတိပေးစကားဆိုလိုက်တဲ့ ဝင်းဂါး

အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်ဟာ ထိပ်ဆုံးလေးနေရာအတွက် တိုက်ပွဲဝင်နေရာတာဖြစ်ပြီး တန်းဆင်းဇုန်တိုက်ပွဲဝင်နေရတာ မဟုတ်ဘူးဆိုတဲ့စကားနဲ့ သူ့ကို ဆန့်ကျင်နေတဲ့ ပရိသတ်တွေကို သတိပေးပြောကြားလိုက်ပါတယ်။ အာဆင်နယ်ဟာ အစောပိုင်း ပွဲစဉ်တွေမှာ ရလဒ်ပိုင်းအတော်လေး ယိမ်းယိုင်ခဲ့ပေမယ့် နိုင်ငံတကာပွဲစဉ်များအပြီး မန်စီးတီး၊ ဝက်စ်ဟမ်းတို့နဲ့ပွဲမှာ ရလဒ်ကောင်းထွက်ပေါ်ပေမယ့် ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရပြန်ပါတယ်။

အာဆင်နယ်ဟာ တတိယနေရာက လီဗာပူးထက် သုံးပွဲလျော့ကစား၊ စတုတ္ထနေရာရှိ မန်စီးတီးအသင်းထက် နှစ်ပွဲလျော့ကစားထားတာကြောင့် ရာသီသိမ်းချိန် ထိပ်တန်းလေးနေရာကို ဝင်ရောက်နိုင်ဆဲဖြစ်တယ်လို့ ဝင်းဂါးက ယုံကြည်ထားတာပါ။ ဝင်းဂါးက ထိပ်တန်းလေးနေရာဟာ ပြည့်စုံတဲ့အဆင့်တစ်ရပ်ဖြစ်ပြီး ဒီလို ရလဒ်ပိုင်းတွေအတွက် သူ့ကို ကျေးဇူးတင်သင့်တယ်လို့ ဆိုလိုက်တာဖြစ်ပါတယ်။ ပရိသတ်တွေက ဝင်းဂါးနေရာ ဆီမွန်နီ၊ အယ်လီဂရီတို့လို နည်းပြတွေကိုသာအစားထိုးသွားဖို့ဆန္ဒရှိနေကြပေမယ့် ဝင်းဂါးကတော့ အာဆင်နယ်နဲ့နှစ်နှစ် စာချုပ်သက်တမ်းထပ်တိုးဖို့ ပြင်ဆင်နေကြပါတယ်။ ဝင်းဂါးဆန့်ကျင်ရေးစာသားပါ ဆိုင်းဘုတ်တွေ၊ ပဝါစည်းတွေ၊ ဒရုန်းတွေပေါ် တံခွန်တွေ စတဲ့ စတဲ့ ပုံစံအမျိုးမျိုးနဲ့ ဆန့်ကျင်ကြပေမယ့် ဝင်းဂါးကတော့ သူဘာလုပ်ရမလဲဆိုတာ သူကောင်းကောင်း သိတယ်လို့သာ တုံ့ပြန်ထားတာဖြစ်ပါတယ်။



## ချယ်လ်ဆီး ပြီးတော့ စပါး

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ဟာ အစောပိုင်းကနေ ချယ်လ်ဆီးအတွက် အာဆင်နယ်ကနေခွာမယ့် ကစားသမားလို့ သတင်းထွက်ခဲ့ပေမယ့်ခုတော့ နည်းပြပိုချက်တီနိုရဲ့ စပါးကသာသူ့ရဲ့ လားရာလို့ သတင်းသဲ့သဲ့ ထွက်လာပြန်ပါတယ်။ ဆန်းချက်ဇ်ကို ချိတ်နေတဲ့အသင်းတွေထဲမှာ ဂျာမနီ၊ အီတလီကလပ်အသင်းတွေလည်း ပါတာဆိုတော့ အာဆင်နယ်အနေနဲ့ ဆန်းချက်ဇ်ကို မဖြစ်မနေ ထွက်ခွာခွင့်ပေးရမယ်ဆိုရင်တောင် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းကိုတော့ ရောင်းချချင်မှာ မဟုတ်ပါဘူး။ ချယ်လ်ဆီးနည်းပြကွန်တီက ပြိုင်ဘက်ကစားသမားတစ်ဦးကို ခေါ်ယူမယ်ဆိုတဲ့သတင်းက ကာယကံရှင်ကစားသမားကိုရော သူ့ကိုလတ်တလောပိုင်ဆိုင်ထားတဲ့အသင်းအပေါ်မှာ လေးစားမှုလျော့နည်းခြင်းသာ ဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပြီးနောက် စပါးအသင်းကို ပြောင်းရွှေ့နိုင်တယ်ဆိုတဲ့ ယူဆချက်တွေ ထွက်လာတာဖြစ်ပါတယ်။

စပါးအသင်းတိုက်စစ်ပိုင်းအတွက် ဟယ်ရီကိန်း၊ ဒယ်လီအယ်လီနဲ့ အဲရစ်ဆန်တို့လို ကစားသမားမျိုးတွေရှိနေတဲ့အတွက် ဆန်းချက်ဇ်ကို ပိုချက်တီနိုခေါ်မှာ မဟုတ်ဘူးလို့ အချို့က ယူဆကြပါတယ်။ ဆန်းချက်ဇ်ဟာ လန်ဒန်မြို့ ယဉ်ကျေးမှုနဲ့ အသားကျနေပြီးဖြစ်ပြီဖြစ်ပေမယ့် အာဆင်နယ်နဲ့ စပါးအစဉ်အလာပိုင်း လက်ရှိအောင်မြင်မှုအပိုင်းယှဉ်ရင်တောင် အာဆင်နယ်ကသာနေဆဲဖြစ်တာကြောင့် စပါးကိုတော့ ဆန်းချက်ဇ်ပြောင်းစရာ မရှိဘူးလို့ ထောက်ပြသူတွေလည်းရှိပါတယ်။ ဒါပေမယ့် ဆန်းချက်ဇ်လို ကစားသမားအတွက် အာဆင်နယ်နဲ့ နည်းစနစ်တူတဲ့ စပါးအသင်းကသာ ပိုမိုအဆင်ပြေပြီး ကွန်တီရဲ့ နည်းဗျူဟာ ၃-၄-၃ဟာ ဆန်းချက်ဇ်ရဲ့ ကစားဟန်နဲ့ မကိုက်ညီနိုင်တာကြောင့် ဝင်းဂါးနဲ့ အဆင်မပြေတဲ့ ဆန်းချက်ဇ် အသင်းပြောင်းရင် စပါးလို့သာ တစ်လေသံတည်း ထွက်လာကြတာပါ။

မေလှဲ့သင်း
စုစည်းသည်



အေးပြည့်
စုစည်းသည်။

## တေးဂီတလှုပ်ရှားမှုတွေပြန်လည်စတင်တော့မယ့် လီဟိုရီ၏ ဓာတ်ပုံများ မီဒီယာပေါ်မှာ ပျံ့နှံ့

တောင်ကိုရီးယားရဲ့တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီဟိုရီဟာပြီးခဲ့တဲ့ နှစ်တွေအတွင်း တေးဂီတလှုပ်ရှားမှုတွေကနေ အနားယူထားခဲ့ရာမှ မကြာမီမှာ တေးသီချင်းသစ်တွေနဲ့အတူ ဂီတလောကအတွင်း ပြန်လည်ခြေချတော့မှာဖြစ်ကြောင်း သိရပါတယ်။ ဒီလိုတေးဂီတလှုပ်ရှားမှုတွေကို ပြန်လည်စတင်လာပြီဖြစ်တဲ့ လီဟိုရီရဲ့ အလှဓာတ်ပုံတွေကို အွန်လိုင်းမီဒီယာတစ်ခုပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ရာ မကြာမီမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့သွားခဲ့ကြောင်းလည်း သိရပါတယ်။


ပြီးခဲ့တဲ့ ဧပြီ ၅ ရက်မှာ တေးရေးဆရာ ကမ်ဒိုဟွန်က လီဟိုရီရဲ့ ဓာတ်ပုံတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ လီဟိုရီဟာ ယခင်ကသူ့ရဲ့ ထူးခြားပြီး ကိုယ်ပိုင်ပုံစံဖြစ်တဲ့ ဆွဲဆောင်မှုပြင်းပြင်းနဲ့ လှနေဆဲဖြစ်တာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမယ့် ကမ်ဟာလီဟိုရီရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး မကြာမီမှာ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်ကနေ ပြန်လည်ဖျက်သိမ်းပစ်ခဲ့ပါတယ်။

ဒီလိုဖျောက်ဖျက်ခဲ့ပေမယ့် ပရိသတ်အချို့က လီဟိုရီရဲ့ ဓာတ်ပုံတွေကိုကူးယူထားခဲ့တာကြောင့် ယခုလိုအလျင်စလို ဖျက်ခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ဓာတ်ပုံတွေဟာ အခြားသော လူမှုကွန်ရက်မီဒီယာတွေနဲ့ အွန်လိုင်းမီဒီယာတွေအကြားမှာ ပျံ့နှံ့နေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

တောင်ကိုရီးယားအွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ကိုရီးယားဘိုးဒေါ့ကွန်းကတော့ လီဟိုရီရဲ့ ဓာတ်ပုံတွေပေါ်ထွက်လာခဲ့ခြင်းဟာ သူ့ရဲ့ တေးသီချင်းသစ်နဲ့ပတ်သက်ပြီး နောက်ထပ်သတင်းတစ်ခုရလိုက်ခြင်းဖြစ်တာကြောင့် စိတ်လှုပ်ရှားစရာကောင်းကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ လီဟိုရီရဲ့ ပေါ်ထွက်လာခဲ့တဲ့ ဓာတ်ပုံတွေကိုကြည့်ကာ သူ့ရဲ့တေးသီချင်းသစ်နဲ့ပတ်သက်တဲ့ ဝေဖန်မှုတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ဓာတ်ပုံတွေထဲမှာ လီဟိုရီရဲ့ အပြစ်ကင်းတဲ့အလှကို တွေ့မြင်ခဲ့ရပြီး သူ့ရဲ့ဆံပင်ရှည်ကြီးကိုလည်း ထိန်းသိမ်းထားဆဲဆိုတာ တွေ့ခဲ့ရတယ်လို့လည်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လီဟိုရီဟာ လာမယ့် မေလအတွင်း တေးဂီတလှုပ်ရှားမှုတွေကို ပြန်လည်စတင်တော့မှာဖြစ်ပြီး သူ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုကို ထွက်ရှိဖို့ ပြင်ဆင်နေကြောင်းလည်း သိရပါတယ်။ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးထွက်ရှိခဲ့တဲ့ လီဟိုရီရဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာဖြစ်ပါတယ်။ လီဟိုရီဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း လီဆန်းဆွန်းနဲ့ လက်ထပ်ခဲ့ပြီးနောက်ပိုင်း အနုပညာလှုပ်ရှားမှုတွေကို ရပ်တန့်ထားခဲ့ရာ ယခုအခါမှသာ ပြန်လည်စတင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## “2017 MTV Movie and TV Awards” ဆုပေးပွဲဆန်ခါတင်စာရင်းကို ဦးဆောင်နေတဲ့ ရုပ်ရှင်များ




ဟောလိဝုဒ်ရဲ့ နှစ်စဉ်ကျင်းပမြဲအနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲ ဖြစ်တဲ့ “MTV Movie and TV Awards” ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ဆုပေးပွဲဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ “Get Out”၊ “Beauty and the Beast”နဲ့ “Stranger Things”ရုပ်ရှင်တွေက ဆုအရေအတွက် အများဆုံး ထင်ကြေးပေးခံထားရကာ ဆန်ခါတင်စာရင်းကို ဦးဆောင်နေကြကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ ဆန်ခါတင်စာရင်းမှာ ဆုပေါင်းခြောက်ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ “Get Out”ရုပ်ရှင်ဟာ ယခုနှစ်မှာ ဆုအများဆုံးထင်ကြေးပေးခံထားရတဲ့ ရုပ်ရှင်ဖြစ်ပြီး ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် သီတင်းပတ်နှစ်ပတ်ဆက်တိုက် ရပ်တည်နိုင်ခဲ့တဲ့ “Beauty and the Beast”ကတော့ ဆုပေါင်းလေးဆုနဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေကာ ဒုတိယမြောက်ဆု အများဆုံးလျာထားခံရတဲ့ ရုပ်ရှင်အဖြစ်ရပ်တည်နေပါတယ်။ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ ရုပ်ရှင် “Beauty and the Beast”နဲ့အတူ ဆုပေါင်းလေးဆုအတွက် စာရင်းဝင်နေတဲ့ အခြားသော ရုပ်ရှင်တစ်ကားလည်းရှိနေတာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကတော့ နက်ထ်ဖလစ်ဇ်ရဲ့ရုပ်ရှင် “Stranger Things”ဖြစ်ကြောင်း လည်း သိရပါတယ်။

ယခုနှစ်ဆုပေးပွဲရဲ့ တစ်နှစ်တာအတွက် အကောင်းဆုံးရုပ်ရှင်စာရင်းမှာ ပါဝင်နေတဲ့ရုပ်ရှင် ငါးကားကတော့ "Beauty and the Beast (2017)"၊ "Get Out"၊ "Logan"၊ "Rogue One: A Star Wars Story" နဲ့ "The Edge of Seventeen" တို့ ဖြစ်ကြပါတယ်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်နေသူတွေကတော့ "Beauty and the Beast (2017)"ရုပ်ရှင်မှ အမ်မာဝပ်ဆန်၊ "The Edge of Seventeen"မှ ဟေလီစတိန်းဖီးဒ်၊ "Get Out"ရုပ်ရှင်မှ ဒန်နီယယ်ကာလူယာ၊ "Logan" ရုပ်ရှင်မှ ဟက်ဂ်ဂျက်ခ်မန်း၊ “Split”ရုပ်ရှင်မှ ဂျိမ်းစ် မက်ခ်အေဗွိုင်နဲ့ "Hidden Figures"မှ တာရက်ဂျ်ပီဟန်စန်တို့ ဖြစ်ကြပြီး အမျိုးသားဇာတ်ဆောင်ဆုအတွက်ကိုတော့ "Atlanta" မှ ဒေါ်နယ်လ်ဂလော့ဗ၊ "Game of Thrones" မှ အီမီလာ ကလာ့ခ်ကီ၊ "Jane the Virgin"မှ ဂီနာရော့ဒရီဂွက်စ်၊ “The Walking Dead”မှ ဂျက်ဖရီဒန်မော်ဂန်၊ “This Is Us” မှ မန်ဒီ မော်ရီနဲ့ “Stranger Things”မှ မီလီဘော်ဘီဘရောင်းတို့က လျာထားခံထားရတာ ဖြစ်ပါတယ်။

ယခုနှစ်အတွက် ကျင်းပသွားမယ့် “MTV Movie and TV Awards” ဆုပေးပွဲကြီးကိုတော့ လာမယ့် မေ ၇ ရက်မှာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

❖



## “Mission Impossible 6”ရုပ်ရှင်၏ ရိုက်ကူးရေး စတင်

အက်ရှင်ဇာတ်ကားအမျိုးအစားတစ်ခုဖြစ်ပြီး အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ “Mission Impossible”ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို မကြာသေးမီက စတင်ရိုက်ကူးခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ စတင်ရိုက်ကူးလျက်ရှိတဲ့ ရုပ်ရှင်ဟာ ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ခြောက်ကားမြောက်ရုပ်ရှင်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်ကြောင်းကို “Mission Impossible 6”ကို တာဝန်ယူရိုက်ကူးပေးလျက်ရှိတဲ့ ဒါရိုက်တာ ခရစ်စတိုဖာမက်ခ်ကွာရီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၈ ရက်မှာ ခရစ်စတိုဖာက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရိုက်ကွင်းပေါ်က ဓာတ်ပုံတစ်ပုံနဲ့အတူ ရိုက်ကူးရေးစတင်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ရိုက်ကွင်းအခြေတည်ရာ နေရာတွေကိုတော့ အတိအကျ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် မြို့ကြီးတွေဖြစ်ကြတဲ့ ပဲရစ်၊ လန်ဒန်နဲ့ နယူးဇီလန်နိုင်ငံတို့မှာ သွားရောက်ရိုက်ကူးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

“Mission Impossible 6”မှာ ယခင်ပြသခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်နေကျဇာတ်ဆောင်တွေဖြစ်ကြတဲ့ တွမ်ခရူးစ်နဲ့ ရေဘက်ကာဖာဂူဆန်တို့လည်း ပြန်လည်ပါဝင်ထားပြီး အခြားသော သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဗင်းန်ရိန်းမ်၊ ဆိုင်မွန်ပက်ဂ်နဲ့ စီရန်ဟဲရစ်တို့လည်း ပါဝင်အားဖြည့်ထားပါတယ်။ ဇာတ်ကောင်အသစ်တွေအနေနဲ့ ပါဝင်လာတဲ့သူတွေကတော့ ဟင်နရီစေဗယ်လ်နဲ့ ဗန်နစ်ဆာကဲဘီတို့ဖြစ်ကြပါတယ်။ ယခင်ရုပ်ရှင်ဟောင်းတွေမှာ ပါဝင်ခဲ့တဲ့ မင်းသား ဂျာရေမီရန်းနားကတော့ ရုပ်ရှင်သစ်မှာ ပါဝင်တော့မှာမဟုတ်ကြောင်းလည်း သိရပါတယ်။

ရုပ်ရှင်သစ်ရဲ့ ဇာတ်လမ်းအကျဉ်းနဲ့ ပတ်သက်ပြီး လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ဖူးခြင်းမရှိပေမယ့် ယခင်ရုံတင်ခဲ့ပြီးသားရုပ်ရှင်တွေနဲ့ မတူဘဲ တစ်မူထူးခြားမှာဖြစ်ကြောင်းနဲ့ မင်းသား တွမ်ခရူးစ် ပါဝင် သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် အီသန်ဟန့်ထ်ဟာ ယခင်ရုပ်ရှင်တွေမှာထက် ပိုမိုလေးနက်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၇ ရက်မှာ “Mission Impossible 6” ကို အမေရိကန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## လက်ထပ်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကျင်းပသွားမယ့် ရိန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးလည်းဖြစ်ပြီး တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ရိန်းဟာ ယခုနှစ် နှစ်စပိုင်းမှာ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ ကမ်တေဟီးနဲ့ တိတ်တဆိတ်လက်ထပ်ခဲ့ပါတယ်။ ဒီလိုမင်္ဂလာပွဲဆင်နွှဲပြီးတဲ့နောက် ကြယ်ပွင့်စုံတွဲဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ကျော်ကြားတဲ့ မောင်နှံတွေအနက် အပါအဝင်ဖြစ်လာခဲ့ပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်လာတဲ့ ရိန်းက သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို မကြာမီပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အမ်ဝေ့ဗ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း လက်ထပ်ခဲ့တဲ့ ရိန်းဟာ မင်္ဂလာပွဲပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်သွားဖို့ စီစဉ်ခဲ့တာဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံမှာမဟုတ်ဘဲ ဂျပန်နိုင်ငံမှာ ကျင်းပသွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဧပြီ ၇ ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

“2017 RAIN JAPAN FANMEETING THE CONFESSION” လို့ အမည်ပေးထားတဲ့ ရိန်းရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို ဂျပန်နိုင်ငံမှာရှိတဲ့ မြို့ကြီးသုံးမြို့မှာ လာမယ့် ဧပြီ ၂၇ ရက်၊ ၂၉ ရက်နဲ့ မေ ၇ ရက်တို့မှာ အသီးသီးပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

# မြန်မာ့ရိုးရာမဟာသင်္ကြန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ၁၃၇၉ ခုနှစ်အတွက် ရေကိန်း၊ မိုးကိန်းအပါအဝင် ဆောင်ရန်၊ ရှောင်ရန်များ

oajyxG

**မဟာသင်္ကြန်ကျချိန်**

၁၃၇၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၃) ရက်၊ သောကြာနေ့။ မြန်မာစံတော်ချိန် နံနက် စက် ၄ နာရီ ၅၆ မိနစ် ၂၉ စက္ကန့် [၁၄-၄-၂၀၁၇]

**မဟာသင်္ကြန်အကြတ်ရက်**

၁၃၇၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၄) ရက်၊ စနေနေ့ [၁၅-၄-၂၀၁၇]

**မဟာသင်္ကြန်တက်ချိန်**


၁၃၇၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၅) ရက်၊ တနင်္ဂနွေနေ့။ မြန်မာစံတော်ချိန် နံနက် စက် ၉ နာရီ ၁ မိနစ် ၁၀ စက္ကန့် [၁၆-၄-၂၀၁၇]

**မင်္ဂလာနှစ်ဆန်းတစ်ရက်**

၁၃၇၉ ခု၊ တန်ခူးလပြည့်ကျော် (၆) ရက်၊ တနင်္လာနေ့။ (သုဒ္ဓဒိန်-၁) [၁၇-၄-၂၀၁၇] (သူရိယသိဒ္ဓန္တ မန္တလေး မဟာသင်္ကြန်စာ)




1378-ckt wdrfbmoemawmES(2560)




1379-ckomoemawmES(2561)

အတာကျူးသည့် လတန်ခူးသည် မြို့ပြကျေးလက် အရပ်ရပ်တို့၌ ပိတောက်၊ ငုဝါ၊ ကံ့ကော်၊ သရဖီစသည့် အတာကြို၊ နှစ်သစ်ကြိုတောပန်း၊ တောင်ပန်းများ ရပ်ရိပ်၊ ရွာရိပ်၊ မြို့ပြရိပ်နှင့် ဝန်းကျင်တခိုတွင် မြိုင်မြိုင် စွင့်၍ လှိုင်လှိုင်ပွင့်သောကာလဖြစ်ပါသည်။ "ဂိမှာနံ၊ ဥတ္တုဂူ၏၊ ဂုဏ်ယူပြင်းပြ၊ နွေဦးလတို့တွင်၊ ပထမသိမ့် ဂိမေ ရှေးဦးအစနွေကာလဖြစ်သော၊ မာသေ-စိတြနှင့် မိဿရာသီ ခါညီဝေါဟာ ကောဇာအသစ်၊ သင်္ကရာဇ် ပြောင်းကူး နှစ်နှောင်းဦးသား၊ တန်ခူးခေါ်သောလ၌ ဖုဿိတဂ္ဂေ-ခါညီစရိုက် ရာသီလိုက်၍ အကိုက်ညွှန့် ရှင် လန်းလန်းရွှင်လျက် ဝန်းကျင်ပတ်ကုံး ရှုမြင်၍မဆုံး အောင် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ပင်ငယ် တသီး၊ ပင်ကြီးတစ်ရပ်၊ ပင်လတ်တချို့၊ ကင်းငုံစို့နှင့် အချို့ကြီးရင့် သီးကာပွင့်သဖြင့်။ (ဆရာကြီး ဦးသုခ၊ ရတန သုတ်၊ စာ-၁၆၅) ဆိုသကဲ့သို့ နွေကြိုဥသြနှင့် မိုးခေါ် ပိန်ညင်း (ရွှေတိန်ညင်းငှက်) စစ်ခင်းကြသည့်ကာလ လည်းဖြစ်ပါသည်။ တန်ခူးရေကုန် ကဆုန်ရေခမ်းဆို သကဲ့သို့ တန်ခူးလသည် ရေခတ်ခမ်းခြောက်သော ကာလ၊ ရေပြတ်ရေနည်းဖြစ်တတ်သောကာလလည်း ဖြစ်တတ်သကဲ့သို့ တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးဟု ဆိုထားပြန်သဖြင့် သင်္ကြန်မိုးရွာတတ်သော အခါသမယလည်းဖြစ်ပါပေသည်။

**ရက်ကောင်းရာဇာ**

"မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန်" ဟူသော သူရိယမာသ မြန်မာ လတစ်ဆယ့်နှစ်ပါးတွင် တန်ခူးလ (မိဿ) ရာသီသည် နှစ်တစ်နှစ်၏ အဦးအစသမယလည်းဖြစ်ပါပေသည်။ "တန်ခူးသာလှ၊ ထွန်းပကဆုန်၊ နယုန်ညွှန့်ပ၊ အောင်လ ဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း၊ သီတင်း ကျွတ်ဆီမီး၊ သောရီတန်ဆောင်မုန်း၊ သံလုံးနတ်တော်၊ မနော်ပြာသို၊ မိညိုတပို့တွဲ၊ အဲဝင်တပေါင်းမြပင်ကောင်း သည့် ရက်ကောင်းရာဇာတည်း"ဟူသော ဗေဒမကုဋ္ဋ မာလာလင်္ကာအရ တန်ခူးလတွင် ဗုဒ္ဓဟူးနှင့် သောကြာ သည် ရက်ရာဇာဖြစ်ကြောင်း ဖော်ပြ၍ တန်ခူး၊ ဝါခေါင် တိမ်တောင်ထွန်းပေါ် လနတ်တော် မလျော်မွေ့နှင့် ကြွက်ဟု ဆိုထားပြန်သဖြင့် စနေနှင့် ကြာသပတေးသည် ပြဿဒါးရက်များဟု မှတ်သားရပါသည်။

"ပတ်-သံ-တာ-ရှည်-တီး-သံ-မြည်-လက်-ဆီ-ကန်-စာ-ရေး၊ တဆတိုးထမ်းပိုးတင် ညဥ့်လျင်အကြွင်းဆေး" ဟူသော ရှေးမြန်မာနာရီအချိန်သတ်မှတ်မှုအရ တစ် ရက်တာကာလတွင် မြန်မာနာရီ ၆၀ ရှိရာ တန်ခူးလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိ၍ နေ့နှင့်ည အချိန်ညီမျှမှုရှိ ကြောင်းသိရသည်။ တစ်ဖန် "နတ်လူ၏ ကြတ္တိကာ၊ သံရာကန်ဆင်းကြာညင်းသရဝဏ်၊ မွန်လောကြက်မြေ လူး၊ တောဆူးသံမြိတ်လုံ၊ ဆုံအာနဂါးနေရောင်လွှတ်၊ နွတ်သင်းမုယင်းကောက် သားဝင်၊ ကုန်စင်အတာတက်၊ ရက်ပေါင်းမောင်သာညို"ဟု ရှေးဆရာမြတ်များ၏ လမ်း အဖုံဖုံ ကျမ်းအစုံစုံတို့မှ ကောက်နုတ်ချက်များအပေါ် အခြေခံလျက် အတာတက်သည့် ရက်မြတ်အမှန် သင်္ကြန် လက်ရိုး အမျိုးမျိုးစီရင်တွက်ထုတ်ခဲ့ကြပါသည်။ အဿ ဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟနီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ ပြုပ္ပဘရဂုဏ္ဏီ၊ ဥတ္တရာဘရဂုဏ္ဏီ၊ သရဝဏ်၊ ဟသတြ၊ စိတြ၊ သွာဒိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ ပြုဗ္ဗာပရပိုက်၊ ဥတ္တရာပရပိုက်၊ ဓနသိဒ္ဓိ၊ သတ္တဘိသျှ၊ ရေဝတီ"အစရှိသော နက္ခတ်ကြီး ၂၇ လုံးတို့ဖြင့် ဆုံးဖြတ်ပါက ရေဝတီနက္ခတ် ဥဗျိုင်းတာရာ နှင့် ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်ပြီး စိတြကြယ်ထွန်းလင်း သော တန်ခူးကာလတွင် အတာသင်္ကြန်ကျ၍ ရေသဘင် ပွဲတော်ကျင်းပလေ့ရှိပါသည်။

**ကြည်နူးရွှင်မြူးစွာဖြင့် နှစ်ဦးကိုကြို**

"သင်္ကြန္တ"ဟူသော အခေါ်အဝေါ် ဝေါဟာရသည် သက္ကဋပုဒ်မှ ဆင်းသက်လာသော စကားစုဖြစ်ပြီး ကူး ပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်ရကြောင်း ပညာရှင်တို့က ဖွင့်ဆိုသည်။ ထို့အပြင် သီတဂူဆရာ တော်ကြီး ကလည်း "မြန်မာတို့ပြောလေ့ရှိသည့် သင်္ကြန် ဆိုသည်မှာ သင်္ကန္တပုဒ်မှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ သင်္ကန္တဆိုသည်မှာ ပြောင်းခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ယင်းသင်္ကန္တဆိုသည့်ပုဒ်အား လောက၊ ဓမ္မ နှစ်ဌာနရှု ထောင့်ကကြည့်လျှင် မွန်မြတ်သောအဓိပ္ပာယ်များစွာ ရှိကြောင်း၊ ရေလောင်းခြင်းဖြင့် အရေပြားပေါ်ရှိ အညစ် အကြေးပင် အကုန်မစင်ကြောင်း၊ တိတ္ထိပရဗိုဇ်တွေ ဂင်္ဂါ နှင့် ယမုံနာတွင် ရေစိမ်ကျ၊ ရေချိုးကြသော်လည်း မည် သည့်ကိလေသာမှ စင်ကြယ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် သင်္ကန္တဆိုသောစကားရပ်အရ အမြတ်ဆုံးသောပြောင်း လဲခြင်းဖြစ်အောင် လောဘကို ဒါန သံဝိဘာဂီသို့လည်း ကောင်း၊ ဒေါသကို မေတ္တာသို့လည်းကောင်း၊ အဝိဇ္ဇာကို ဝိဇ္ဇာသို့လည်းကောင်း ပြောင်းနိုင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း"ဟူ၍ ဟောပြောဆုံးမခဲ့သည်။

ထိုသို့သောအခါသမယတွင် ဗုဒ္ဓဘာသာ မြန်မာများ အနေဖြင့် အတိတ်ရှိသော၊ သမိုင်းကြီးသော၊ ယဉ်ကျေးမှု မြင့်မားသော လူမျိုးများပီပီ၊ နူးညံ့သိမ်မွေ့စွာ တစ်ဦးနှင့် တစ်ဦး သပြေခက်နှင့်ရေပက်၍ ကြည်နူးရွှင်မြူးစွာဖြင့် နှစ်ဦးကို ကြိုဆိုကြမြဲဖြစ်သည်။ အဟောင်းအညစ်တို့ နေရာတွင် အကောင်းအသစ်တို့ဖြင့် အစားထိုးကူး ပြောင်းနိုင်ရန်လည်းကောင်း၊ ပူပြင်းသော ဂိမ္ဟန္တကို ရေစင် ဖြင့် အေးမြစေရန်လည်းကောင်း ရည်ရွယ်လျက် သင်္ကြန် အတာ ရေသဘင်ပွဲဆင်နွှဲကြခြင်းဖြစ်ပါသည်။

**ရောင်ခြည်တစ်ထောင် အလင်းဆောင်**

ရှေးမင်းစဉ်မင်းဆက်၊ နန်းစဉ်နန်းဆက်၊ ဘိုးစဉ် ဘောင်ဆက်၊ လက်ထက်အခါသမယ ဘိသိက်တော် ဆက်၊ ရှစ်ပါးရိုးရာ၊ ဓမ္မရာဇာဓိ၊ ရာဇဂုရုဘွဲ့အမည် ဝိသေသများရရှိခဲ့သော ပုဏ္ဏားဝန်ပညာရှိ ကစ္စနာ မောဟန၏ မြစ်၊ မြန်မာနိုင်ငံပြက္ခဒိန်တော်ဆက် အကြံ ပေးအဖွဲ့ဝင် နက္ခတ်ဗေဒင်ပညာရှိ(ဗေဒစိန္တာဗလ) ဆရာ ကြီး ဦးပိုလ်ထွေး၏သား၊ (ဗေဒစိန္တာမဃ)ဆရာကြီးဦးလှ ကြိုင်၊ ဆရာကြီးဦးဘလှိုင်နှင့် မြေးဆရာကြီး ဦးမင်းသိန်း၊ B.Sc (Hons:)H.G.P တို့မှ တွက်ချက်စီမံထုတ်ဝေသော မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်အတွက် သူရိယသိဒ္ဓန္တ မန္တလေးမဟာသင်္ကြန်စာအလိုအရ သိရှိဆောင်ရွက် နိုင်ရန် အကျဉ်းမျှကောက်နုတ်တင်ပြရသော် -

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနု ရာဇာမည်သော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ် သော မိန်ရာသီ၊ အဿဝဏီနက္ခတ်၊ စတုတ္ထပါဒ်၊ အဝသာန် နဝင်းမှ တန်ခူးဖြစ်သော မိဿရာသီ အဿဝဏီနက္ခတ် ပထမပါဒ် အာဒိနဝင်းထက်သို့ တွက်စစ်ကောဇာနှစ် သချ်ာကား ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၃) ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၄) ရက်၊ သောကြာနေ့ မြန်မာစံတော်ချိန် နံနက် စက် (၄)နာရီ (၅၆) မိနစ်၊ (၂၉) စက္ကန့်၊ မြန်မာဗဟိုရ်ညဉ့် (၃)ချက်တီး ကျော် (၅) နာရီ၊ (၀) ပါဒ်၊ (၁၀) ဗီဇနာ၊ (၂၈)ခရာအချိန်၊ မိန်ရာသီလဂ်၊

**နတ်အပေါင်းတို့ကို ပူဇော်ကန်တော့ပြီး**

ဗြိစ္ဆာရာသီစန်း တနင်္လာဟောရက်၊ တနင်္လာတြင်း၊ သောကြာနဝင်း၊ တနင်္လာဒွါဒသင်း၊ ကြာသပတေးတိံ သင်း၊ နက္ခတ်(၂၅) လုံး၊ (၂) ပါဒ်၊ (၁၁) ဃဋီ၊ (၁၂) ဝိဃဋီ၊ (၈) အနုဃဋီ ပြည့်ထက်လင်္ဂစီးလျက် ထိုနာရီ မွန်းတည့်နက္ခတ်သော်ကား ပြုပ္ပာသဠ် နက္ခတ် (၂၅၃) အံသာ၊ (၂၅) လိတ္တာတွင် ဘိသျှတိကရိုဏ်းနှင့်ယှဉ်လျက် တနင်္ဂနွေဂြိုဟ်မင်းသည် ခရုသင်းအဆင်းနှင့်တူသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် နွားလားဥဿဘ စီး၍ လက်တစ်ဖက်ကား ပုဆိန်၊ ကျန်လက်တစ်ဖက်ကား တံစဉ်ကိုင်လျက် အရှေ့တောင်ထောင့်မှသည် အနောက် သို့ဝင်၏ စသဖြင့်ပြဆိုရာ မိုးဦး၊ မိုးလယ်တန့်အံ့၊ မိုးနှောင်း ကောင်းအံ့၊ လူတို့ ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်၊ ကုသိုလ် ကောင်းမှုပြုသည်များကုန်အံ့၊ ယုတ်သောထမိန်ဝတ် ကြောင့် မြတ်သောထမိန်ဝတ်တို့ ပျက်စီးကုန်အံ့၊ ကျွဲ၊ နွားစသော အခြေလေးခုတို့ ဥပဒ်ဖြစ်အံ့၊ ပြည်ကြီး၊ ပြည်ငယ်ချောက်ချား ကြကုန်အံ့၊ ပိုးချည်ရှားအံ့။(ဤကား မဟာသင်္ကြန်ကျ အဟောတည်း။)

"သင်္ကြန်သုံးပါးတို့တွင် သမန္တမဟာသင်္ကြန်ဖြစ်သော ကြောင့် သင်္ကြန်ကျပြီးနောက် ၂၄ မိနစ်သို့ရောက်သော အချိန်၌ ဦးခေါင်းဆေးမင်္ဂလာပြုရာ၏။ ထို့အပြင် သင်္ကြန် အကျမြေခံ စနေနေ့ဖွားသားသမီးနှင့် သင်္ကြန်အကျနေ့ သောကြာနေ့ဖွားသားသမီးတို့မှလွဲ၍ ကျန်သောနေ့ သားသမီးတို့သည် မိမိတို့၏ ဂဟပတိအရပ်ဖြစ်သည့် တနင်္ဂနွေသားသမီးကား အနောက်တောင်အရပ်၊ တနင်္လာသားသမီးကား အနောက်အရပ်၊ အင်္ဂါသားသမီး ကား အနောက်မြောက်အရပ်၊ ဗုဒ္ဓဟူးသားသမီးကား မြောက်အရပ်၊ ကြာသပတေးသားသမီးကား အရှေ့ အရပ်၊ ရာဟုနေ့သားသမီးကား အရှေ့တောင်ထောင့် အရပ်များသို့ မျက်နှာမူပြီး မိမိတို့၏အမြစ်နံဖြစ်သော တနင်္ဂနွေသားသမီးကား ဒန်းညွှန့်၊ တနင်္လာကား အုန်း ညွှန့်၊ အင်္ဂါကား ကံ့ကော်ညွှန့်၊ ဗုဒ္ဓဟူးကား မြေစာညွှန့်၊ ကြာသပတေးကား ရွက်လှညွှန့်၊ ရာဟုကား မြေစာညွှန့် အစရှိသည်တို့ကို နင်းကြမ်းပြု၍ မိမိတို့၏အညွှန့်ပန်း ဖြစ်သော တနင်္ဂနွေကား ကံ့ကော်ညွှန့်၊ တနင်္လာကား မြေစာညွှန့်၊ အင်္ဂါကား ရွက်လှညွှန့်၊ ဗုဒ္ဓဟူးကား သပြေ ညွှန့်၊ ကြာသပတေးကား သီးညွှန့်၊ ရာဟုကား သပြေ ညွှန့်နှင့် နံ့တူပန်းညွှန့်တို့ကို အသီးသီးဆောင်လျက် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမား၊ သိကြား၊ ဗြဟ္မာ၊ စတုလောကပါလ သမ္မာဒေဝနတ်မြတ်နတ် ကောင်း နတ်အပေါင်းတို့ကို ပူဇော်ကန်တော့ပြီး မိမိတို့ လိုရာဆုတောင်း ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာ၏။

**ဦးခေါင်းဆေးမင်္ဂလာ**

ထို့ပြင် သင်္ကြန်အကျ မြေခံနေ့သားသမီးဖြစ်သော စနေသားသမီးတို့သည် အရှေ့မြောက်အရပ်ရှိ သစ်ပင် အရင်းတွင် သီးညွှန့်ကို အခင်းပြု၍ အုန်းညွှန့်ကိုဆောင် လျက် အရှေ့မြောက်အရပ်သို့ မျက်နှာမူကာ သင်္ကြန် အကျနေ့တွင် ဦးခေါင်းဆေးမင်္ဂလာပြုရာ၏။ အလားတူ သောကြာနေ့သားသမီးတို့မှာလည်း သင်္ကြန်အကြတ်နေ့ တွင် တောင်အရပ်ရှိသစ်ပင်အရင်းတွင် သပြေရွက်ကို အခင်းပြုလျက် ဒန်းညွှန့်ကိုကိုင်ဆောင်ပြီး စနေနေ့ ၌ တောင်အရပ်သို့မျက်နှာမူပြီး ဦးခေါင်းဆေးရာ၏" ဟု သူရိယသိဒ္ဓန္တ သင်္ကြန်စာက အဟောပြုထားသည်။

တစ်ဖန် သင်္ကြန်ကာလရှောင်ကြဉ်ရမည့် အကြောင်း အရာများကား မင်္ဂလာစကား လင်္ကာကြားအံ့၊ ကြောင်း လျားစုံစေ့၊ သင်္ကြန်နေ့၌ မတွေ့ဝေးစွာ ရှောင်ကုန်ရာ သား၊ မသာနှလုံး ညှိုးချုံးစိုးရိမ် မငြိမ်ပူဆွေး ငိုကြွေးကုန် ထ၊ ကာမအရာမေထုနာနှင့် ဟဏာသတ်ပုတ်၊ သောက် ထုတ်သေရက်၊ မျက်ထွက်မာန၊ ပရိယနှင့် ဒေါသကိုငြိမ်း ဆီလိမ်းပွတ်စင် သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်၊ အရောင်းအဝယ် လဲလှယ်ဟူသည် ဤဆယ်မည်ကိုလှူ ပြည်လူ့ခွင် လူကိုပင်ထား မြင့်မိုရ်ဖျားဝယ် သိကြားသော် မျှ မပြုကြရာ ရှောင်ကြဉ်ရာဟု ကျမ်းလာသော်ကား လင်္ကာကြားသည် ဤကား မဟာသင်္ကြန်အလိုတည်း ဟူ၍။

**အထင်ရှားဆုံးနှင့် အထူးမြတ်ဆုံးပွဲ**

၁၃၇၉ ခုနှစ်အတွက် အတာစားသောနေ့မှာ တနင်္ဂနွေ ဖြစ်ပြီး၊ နှစ်အလိုဟောကိန်းအနေဖြင့် ကောက်နုတ် တင်ပြရသော် မိုးရွာသွန်းမှုများအံ့၊ အချို့နေရာတွင် မိုးသီးကြွေခြင်း၊ ငလျင်ကိန်းကြုံခြင်း၊ မူးယစ်ဆေးဝါး မှုများ၊ ဒုစရိုက်မှုများ၊ ရာဇဝတ်မှုများ၊ လူကုန်ကူးမှု များ၊ ဆူပူလှုပ်ရှားမှုများကို ထိရောက်စွာ ဖော်ထုတ် အရေးယူနိုင်ပြီး အသိပညာပေးမှုကြောင့် လျော့နည်းလာ အံ့ဟုလည်းကောင်း၊ ရဟန်းသူတော်မြတ်များသည် ပြည်တွင်း၊ ပြည်ပ ကျယ်ပြန့်စွာ သာသနာပြုနိုင်ခြင်း၊ ဆန်စပါးနို့ထွက်ပစ္စည်းများ၊ ကြေးနီ၊ နံ့သာနီ၊ ကျောက် မျက်ရတနာ၊ ပုလဲထွက်ရှိမှုအားကောင်းခြင်း၊ ကြံ၊ ကြံသကာ၊ သကြား၊ ဆီ၊ နှမ်း၊ အဝတ်အထည်၊ သစ်၊ ဝါး၊ ကြိမ်၊ နွယ်ဈေးကောင်းခြင်း၊ ငွေ၊ ငွေထည်ပစ္စည်း၊ ဝါ၊ ထောပတ် ဈေးပေါအံ့၊ ဂျုံ၊ ဆန်၊ မတ်ပဲ၊ သကြား၊ ဆီ၊ နှမ်း၊ ကွမ်းသီး၊ ကုလားပဲဈေးတက်အံ့ဟူ၍လည်း ကောင်း၊ တစ်ဖန် ဤနှစ်တွင် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ လာသည်နှင့်အမျှ အပြန်အလှန်ထိန်းကျောင်းမှုကို အခြေခံသော ဒီမိုကရေစီယဉ်ကျေးမှုအသွင်သစ်ကို အခက်အခဲများကျော်လွှားနိုင်ပြီး ပြောင်းလဲလာနိုင် အံ့၊ လွတ်လပ်သောဈေးကွက်ဖြစ်ပေါ်လာအံ့၊ နိုင်ငံ တကာဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုတို့ကို အရှိန်အဟုန်မြင့်ပြီး လုပ် ဆောင်လာနိုင်အံ့၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် အခက်အခဲများကို နည်းပရိယာယ်ကြွယ်ဝမှန်ကန်စွာ ဖြင့် ပြေလည်အောင်ဖြေရှင်းနိုင်အံ့ စသည်ဖြင့်လည်း ကောင်း၊ ထိရောက်သည့် အခွန်စည်းကြပ်မှုပြုလုပ်နိုင် ခြင်း၊ ကုန်ထုတ်စွမ်းအားများ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ စတော့ရှယ်ရာ ဈေးကွက်ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးလာအံ့၊

**စာမျက်နှာ (၂၄) သို့**

# အလွမ်းတွေကို ကျုံးရေထဲမှာ မျှောလိုက်မည်



ခ မင်းထက်အောင်(မန်းကိုယ်ပွား)

ရွက်ဟောင်းတွေမြေမှာခပြီး ရွက်သစ်တွေဝေခါစရာသီဖြစ်တဲ့ နွေကာလကို ရောက်ရှိလာပြီမို့ မန္တလေးမြို့ရဲ့ သဘာဝအတိုင်း နေရဲ့အပူဒဏ်ကို စတင်ခံစားနေရပြီပေါ့လေ။ လမ်း(၈၀)ကျုံးတစ်လျှောက်နေပူပူအောက်မှာ ဆိုင်ကယ်စီးရင်း တစ်ချက်တစ်ချက် ကျုံးရေကိုဖြတ်ပြီးတိုက်ခတ်လာတဲ့ လေအေးအေးလေးရဲ့ အရသာကို ခံစားရင်း လေနဲ့အတူလွင့်ပါလာတဲ့ ပိတောက်ရနံ့တွေကို ရှူရှိုက်မိလိုက်တော့မှ 'သြော်-ဒီနှစ်ပိတောက်တွေတောင် ဝီရိယကောင်းကောင်းနဲ့ စောပြီး ပွင့်နေကျပါလား' လို့ သတိပြုမိလိုက်တယ်။

မကြာမီရက်ပိုင်းတွင်းမှာ ကျင်းပတော့မယ့် မြန်မာတို့ရဲ့ နှစ်သစ်သင်္ကြန်ပွဲတော်ကြီးကလည်း နီးကပ်လာတာနဲ့အမျှ ကျုံးတစ်လျှောက်မှာ ဆင်နွှဲကြမယ့် မဏ္ဍပ်တွေကလည်း အပြိုင်အဆိုင်ဆောက်လုပ်နေကြပြီလေ။ ဒီပုံရိပ်တွေကို ငေးကြည့်ရင်း တစ်ဆက်တည်းမှာပဲ ဒီနှစ်သင်္ကြန်ရဲ့ ထူးခြားတဲ့အစီအစဉ်လေးတွေကို တွေးနေမိတယ်။

ဒီနှစ်မှ မန္တလေးမြို့ရဲ့ အတိတ်ကသင်္ကြန်ပွဲတော်တွေမှာ မန္တလေးပြည်သူတွေ ပါဝင်ဆင်နွှဲခဲ့တဲ့ လမ်းလျှောက်သင်္ကြန်ကို ပြန်လည်ဖော်ထုတ်ပြီး မြန်မာ့ရိုးရာသင်္ကြန်အစစ်အမှန်အတိုင်း ကျင်းပမယ်။ ဒါ့အပြင် ရိုးရာသင်္ကြန်ကို ပြသပြီး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းအတွက် ခရီးစဉ်အသစ်တစ်ခုဖြစ်အောင် ဆွဲဆောင်သွားမယ့်အစီအစဉ်လေးတွေ ပါဝင်နေတယ်။ ဒီလမ်းလျှောက်သင်္ကြန်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ကျင်းပသလို မန္တလေးမြို့မှာရှိတဲ့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေကလည်း ပူးပေါင်းပြီးစီစဉ်တာဖြစ်တယ်လို့ သိရတယ်။

ဒါ့အပြင် ပျောက်ကွယ်နေတဲ့ အတိတ်ကသင်္ကြန်ဖျော်ဖြေမှုတွေဖြစ်တဲ့ အလှပြယာဉ်နဲ့ သင်္ကြန်မဏ္ဍပ်တို့တစ်လှည့်စီ အပြန်အလှန် သီဆိုကြတဲ့ဖျော်ဖြေမှုတွေကိုလည်း ဒီနှစ်မှာ မြို့မအလှပြယာဉ်နဲ့ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တို့က ပြန်လည်ဖော်ထုတ်ပေးမယ်လို့ ကြားသိရတဲ့အပြင် သင်္ကြန်သီချင်းဆိုပြိုင်ပွဲတွေလည်း ထည့်သွင်းထားတယ်ဆိုတော့ ဒီနှစ်သင်္ကြန်ပွဲတော်အပေါ်မှာ မန္တလေးဒေသခံတွေ အတွေးမျိုးစုံနဲ့ ရင်ခုန်နေကြတယ်လေ။

ဒီနှစ်သင်္ကြန်ပွဲတော်မှာ ထူးခြားချက်နောက်တစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ မန္တလေးသင်္ကြန်ပွဲတော်မှာ ၁၀ နှစ်ကျော်ကြာ နိုင်ငံကျော်အနုပညာရှင်ပေါင်းများစွာနဲ့ သင်္ကြန်တွင်းမှာ မန္တလေးပြည်သူတွေကို ဖျော်ဖြေမှုပေးနေတဲ့ Alpine မဏ္ဍပ်ရဲ့ ဖျော်ဖြေမှုတွေ ပါဝင်မှုမရှိတော့တာပါပဲ။ မန္တလေးမြို့တော်မှာ နန်းဆန်တဲ့ မန်းသင်္ကြန်ရဲ့ပုံရိပ်ဟာ မြို့မအလှပြယာဉ်ကြီးဖြစ်သလို ယနေ့လူငယ်တွေရဲ့ ခေတ်သင်္ကြန်ပုံရိပ်ဟာလည်း Alpine မဏ္ဍပ်ပဲဖြစ်မယ်လို့ ထင်ပါတယ်။

မြို့မအသင်းကြီးဟာ ငွေငန်းဖြူကြီးနဲ့ ဝင့်ကြွားစွာ သင်္ကြန်တွင်းကာလမှာ နှစ်စဉ်မပြတ် မန္တလေးပြည်သူတွေကို မြို့လုံးအနှံ့ လှည့်လည်ဖျော်ဖြေပေးမှုကြောင့် ဒေသခံတွေ ကျေနပ်ကြရသလို ဒီကာလမှာပဲ မနက်ကနေ ညနေအထိ နိုင်ငံကျော်အနုပညာရှင်တွေကို အနီးကပ်မြင်တွေ့ရပြီး သူတို့ရဲ့သီဆိုဖျော်ဖြေမှုတွေကို အားပေးကခုန်ရင်း စိတ်အပန်းဖြေမှုကိုလည်း ရရှိစေခဲ့တာပါ။ ဒါ့အပြင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှာလည်း ညစဉ်ဖျော်ဖြေတင်ဆက်ပေးခဲ့ကြတဲ့ နိုင်ငံကျော်အနုပညာရှင်တွေရဲ့ သီဆိုမှုကိုလည်း မန္တလေးပြည်သူတွေက စောင့်မျှော်အားပေးလျက်ရှိနေကြပါတယ်။

ဒီနှစ်ရဲ့ မန္တလေးသင်္ကြန်ဖျော်ဖြေမှုအစီအစဉ်မှာ ယခုအချိန်ထိကြားသိရသလောက် Alpine မဏ္ဍပ်ရဲ့ ဖျော်ဖြေမှုမရှိတော့သလို မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရဲ့ ဖျော်ဖြေမှုအပိုင်းမှာလည်း နိုင်ငံကျော်အနုပညာရှင်တွေရဲ့ ပါဝင်မှုအပိုင်းတွေ အားနည်းနေတာသိရှိရတဲ့အတွက် နေ့ဘက်မှာ ပျော်ရွှင်လိုသူတွေနဲ့ ညဘက် အိမ်က TV ကနေကြည့်ပြီး အပန်းဖြေလိုသူတွေရဲ့ စိတ်ဘဝင်မှာ အားမလိုအားမရ ဖြစ်နေကြလေရဲ့။ အဲဒီအထဲမှာ ကျွန်တော်တို့လို သတင်းထောက်တွေလည်း ပါတာပေါ့။ သင်္ကြန်ကာလမှာ မြို့တော်ရဲ့ သင်္ကြန်ပွဲတော်အကြောင်းကို သတင်းရေးသားစုဆောင်းဖို့ဆိုရင် မန္တလေးကို လာရောက်သီဆိုဖျော်ဖြေကြတဲ့ အနုပညာရှင်တွေရဲ့ သင်္ကြန်ခံစားမှုတွေကိုလည်း ပြည်သူတွေက သိချင်ကြတယ်လေ။

ဒါကြောင့် ကျွန်တော်တို့ သတင်းသမားတွေဟာ နိုင်ငံကျော်အနုပညာရှင်အများစုလာရောက်တဲ့ Alpine မဏ္ဍပ်ကိုလည်း အားကိုးတကြီးနဲ့ သွားရောက်သတင်းယူကြရပါတယ်။ သူတို့ရဲ့သီဆိုမှုတွေကို အနီးကပ်ရိုက်ကူးပြီး မန္တလေးကို လာရောက်ဖျော်ဖြေတဲ့ရသနဲ့ ခံစားမှုလေးတွေကို ပြည်သူတွေကို ချပြဖို့အတွက် သူတို့ရဲ့ ရင်တွင်းစကားသံတွေကိုလည်း မေးမြန်းရေးသားကြရတယ်။

ဒီလိုတွေးနေတုန်းမှာပဲ မနှစ်က သင်္ကြန်တွင်းမှာ လာရောက်ဖျော်ဖြေပေးကြတဲ့ အနုပညာရှင်အချို့ရဲ့ စကားသံတွေကိုလည်း ပြန်ပြီးကြားယောင်နေမိတယ်။ အဲဒီတုန်းကဆိုရင် အကယ်ဒမီရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်က မန္တလေးပရိသတ်ကြီးကိုချစ်လို့ နှစ်စဉ်လာရောက်ဖျော်ဖြေပေးတာပါလို့ ပြောကြားခဲ့သလို အကယ်ဒမီရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူကလည်း မန္တလေးပရိသတ်ကြီးနဲ့ တစ်နှစ်ကိုတစ်ခါပဲ ဆုံတွေ့နိုင်တဲ့အပြင် မန္တလေးက အနုပညာမြို့တော်ဖြစ်ပြီး အနုပညာရှင်တွေကို လှိုက်လှိုက်လှဲလှဲချစ်တာကို တွေ့ရတဲ့အတွက် နှစ်စဉ် လာရောက်ဖျော်ဖြေပေးတာပါလို့ ဖြေကြားခဲ့ပါတယ်။

ဒါ့အပြင် နှစ်စဉ် Alpine မဏ္ဍပ်ကြီးဆောက်ပြီး နိုင်ငံကျော်အနုပညာရှင်များစွာကို ငွားရမ်းဖျော်ဖြေမှုပေးနေတဲ့ လွယ်ဟိန်းကုမ္ပဏီပိုင်ရှင် ဒေါက်တာစိုင်းဆံထွန်းကလည်း အများပျော်ရွှင်အောင် ဒီအစီအစဉ်ကို လုပ်ပေးခြင်းဖြစ်ပါတယ်။ သင်္ကြန်အချိန်ကိုရောက်ရင် ကျွန်တော်မနေနိုင်ပါဘူး။ ကျွန်တော့်လုပ်ငန်းကရရှိတဲ့ အကျိုးအမြတ်တွေထဲက ပြည်သူတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လုပ်ပေးတာပါလို့ အင်တာဗျူးမှာဖြေကြားခဲ့သလို မန္တလေးပရိသတ်ကြီးကို တွေ့ချင်လို့ လာရောက်ဖျော်ဖြေသီဆိုပေးတာပါ။ အခုလို ကျွန်တော်တို့ အနုပညာရှင်တွေကို တစ်ခဲနက်အားပေးတာတွေ့ရတဲ့အတွက် အထူးကျေနပ်မိပါတယ်လို့ ရုပ်ရှင်သရုပ်ဆောင် မြင့်မြတ်ပြောကြားခဲ့တဲ့ စကားသံလေးတွေကိုလည်း ပြန်ပြီး ကြားယောင်နေမိပါတယ်။

အကယ်၍များ ဒီနှစ်မှာ သူတို့တွေရဲ့ ဖျော်ဖြေမှုတွေရှိခဲ့ရင် ဘယ်လိုများရင်တွင်းစကားသံတွေ ပြောကြားပေးဦးမလဲလို့ ကြားချင်နေမိပါသေးတယ်။ ဒီလိုတွေးနေတုန်းမှာပဲ "ဘယ်ဆီကို မင်းရောက်နေလဲ××ဘာတွေကို မင်းလုပ်နေမလဲ××ဘယ်သူနဲ့မင်းရှိနေမယ်××တွေးမိပါတယ်××လွမ်းမောရင်းနဲ့××စဉ်းစားရင်းနဲ့××ငါသတိရပါတယ်" ဆိုတဲ့ အဆိုတော်လေးဖြူရဲ့သီချင်းလေးကို ဘေးကဖြတ်သွားတဲ့ ထီသည်ကားပေါ်က ကြားလိုက်ရတော့ 'သြော်-ဟုတ်ပါရဲ့။ ဒီနှစ်သူတို့တွေ ဘယ်မှာသွားပြီး ဖျော်ဖြေကြမလဲ။ ဒီမန္တလေးရဲ့ ဘယ်မဏ္ဍပ်မှာများရှိနေမလဲ' ဆိုတဲ့ သတိရစိတ်တွေနဲ့အတူ ဒီနှစ်သင်္ကြန်အတွက် အနုပညာရှင်တွေကို လွမ်းမိနေလေရဲ့။

"ဆရာ ဒီနှစ် Alpine မဏ္ဍပ်မရှိတော့ မန္တလေးသင်္ကြန်က တစ်ခုခုလိုနေသလိုပဲ။ ကျွန်တော်ရဲ့စိတ်ထဲဟာတာတာကြီးဖြစ်နေတယ်။ ကျွန်တော်တို့သတင်းသမားတွေအတွက်လည်း အနုပညာရှင်တွေရဲ့ သတင်းကို တစုတဝေးတည်း ယူလို့မရတော့ဘူးပေါ့" ဟု နှစ်စဉ် Alpine မဏ္ဍပ်ပေါ်မှာ သတင်းယူရင်းစုံနေကျ သတင်းထောက်ကိုတုတ်ကြီးကလည်း သူ့ရဲ့ ခံစားချက်ကို ပြောပြလာတယ်။

ဒါ့အပြင် နှစ်စဉ် ကျွန်တော်နဲ့အတူ Alpine မဏ္ဍပ်ကို လိုက်ပါပြီး အနုပညာရှင်တွေရဲ့ သီဆိုမှုကို အနီးကပ်အားပါးတရ ကြည့်ရှုနေကျဖြစ်တဲ့ ဌာနကဝန်ထမ်းတွေကလည်း "ဒီနှစ်လည်း Alpine မဏ္ဍပ်ပေါ်လိုက်ပို့ပေးဦးနော်" လို့ ပြောလာကြပြီလေ။ "ဒီနှစ် Alpine မဏ္ဍပ်မရှိတော့ဘူး"လို့ ပြန်ပြောလိုက်တဲ့အခါ တအံ့တသြဖြစ်သွားတဲ့ သူတို့ရဲ့မျက်နှာလေးတွေ၊ နှစ်စဉ်သင်္ကြန်ကာလမှာ သတင်းလိုက်ရင်း Alpine မဏ္ဍပ်အောက်မှာ မြူးထူးပျော်ရွှင်စွာ ကခုန်နေကြတဲ့ မန္တလေးဒေသခံတို့နဲ့အတူ အားပေးမှုကို ကြည်နူးနေကြတဲ့ အနုပညာရှင်တွေရဲ့ အပြုံးတွေကို ပြန်လည်မြင်ယောင်ရင်း အလွမ်းတွေဖြစ်တည်ခဲ့ပေမယ့် တစ်ဆက်တည်းမှာပဲ သတင်းသမားပီပီ ဒီနှစ်ရဲ့ ထူးခြားစွာကျင်းပမယ့် မန္တလေးမြို့တော်ကြီးရဲ့ သင်္ကြန်သရုပ်ကို ပြည်သူကို ချပြနိုင်ဖို့ ကြိုးပမ်းရဦးမယ်ဆိုတဲ့ အသိနဲ့ ဒီအလွမ်းတွေကို လမ်းလျှောက်သင်္ကြန်ပွဲတော်မှာ စီးဆင်းလာမယ့် ကျုံးရေတွေနဲ့အတူ မျှောချလိုက်ဖို့ ဆုံးဖြတ်ချက်တွေလည်း ချလိုက်မိပါတယ်။ ။

## မြန်မာ့ရိုးရာမဟာသင်္ကြန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ၁၃၇၉ ခုနှစ်အတွက် ရေကိန်း၊ မိုးကိန်းအပါအဝင် ဆောင်ရန်၊ ရှောင်ရန်များ

စာမျက်နှာ(၂၃)မှ

အတက်အကျမြန်အံ့၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတိုးမြှင့်လုပ်ဆောင်သွားအံ့၊ လူမှုကူညီရေးပရဟိတအသင်းများ၊ သဘာဝဘေးဒုက္ခကူညီကယ်ဆယ်ရေးအဖွဲ့များ တိုင်းပြည်နေရာအနှံ့အပြားတွင်ပေါ်ပေါက်အံ့၊ အရေးကြီးထင်ရှားသည့်ပုဂ္ဂိုလ်များဘေးရှိအံ့ ဟူ၍လည်းကောင်း၊ ဂန္ထန္တရရေကိန်း မိုးကိန်းကား မိုးဦး၊ မိုးလယ်ကောင်း၍ မိုးနှောင်းတန့်အံ့၊ ရေဦးရေကြီး၍ ရေလယ်၊ ရေနှောင်းရေနည်းအံ့ဟူ၍လည်းကောင်း၊ အဟောထုတ်ကြံပြုထားသည်တို့ကို တွေ့ရှိရသည့်အပြင် နေ့အလိုက်ဟောကိန်း၊ လအလိုက်ဟောကိန်း၊ အတာစက္ခုအလိုဟောကိန်း၊ ရသေ့အလိုဟောကိန်း၊ တောင်သူလယ်သမားများအတွက် ထွန်ချ၊ ပျိုးကြဲ၊ ကောက်သားဝင်ရက်ဟောကိန်းနှင့် ရဟန်းတော်များအတွက် ဝါဆိုဝါကပ်ရက်များအပါအဝင် အသေးစိတ်အဟောပြုထားသည်ကိုလည်း လေ့လာဖတ်ရှုခြင်းဖြင့် သိရှိ၍ ဆောင်ရန်၊ ရှောင်ရန်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ မြန်မာ့ရိုးရာအတာသဘင်သင်္ကြန်ပွဲသည် မြန်မာတို့၏ ဓလေ့ထုံးတမ်း ဆယ့်နှစ်လရာသီပွဲတော်များထဲတွင် အထင်ရှားဆုံးနှင့်အထူးမြတ်ဆုံးပွဲတစ်ခုဖြစ်ပါသည်။ ထိုသို့သောပွဲတော်ကာလအတွင်း ယဉ်ကျေးမှုနှင့်လျော်ညီစွာ အတာရေသဘင်ကို ပါဝင်ဆင်နွှဲနိုင်ကြပါသည်။ ရေကစားခြင်း၊ မုန့်လုံးရေပေါ်ပြုလုပ်ဒါနပြုခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အလှူဒါနပြုခြင်း၊ နိဗ္ဗာန်ဈေးပြုကုသိုလ်ယူခြင်း၊ သက်ကြီးပူဇော်ပွဲကျင်းပခြင်း၊ သက်ကြီးရွယ်အိုများအားတစ်ကိုယ်ရေသန့်ရှင်းကုသိုလ်ပြုခြင်း၊ နှစ်ဦးဆွမ်းကပ်ခြင်း၊ ရေလှူခြင်း၊ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ရွာဦးရွာထိပ် မြို့ဦးမြို့ထိပ်တို့၌ ကမ္မဝါ၊ ပရိတ်၊ ပဌာန်း ရွတ်ဖတ်ပူဇော်ခြင်းစသည့် မြတ်နိုးတန်ဖိုးထားအပ်သောအစဉ်အလာကောင်းများဖြင့် စည်ကားသာယာခဲ့သည့်မြန်မာများဖြစ်သည်နှင့်အညီ ဤအစဉ်အလာကောင်းများ နှစ်ရှည်လများ တည်တံ့စေချင်ပါသေးသည်။

ပလ္လင်ရှစ်ခန်း ထီးဖြူတော်ရှစ်စင်းနှင့် ခမ်းနားထည်ဝါစွာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေလာခဲ့ကြသော မြန်မာလူမျိုး တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ခုနစ်ရက်သားသမီးအားလုံး သင်္ကြန်ကာလကိုပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်း၍ ဦးခေါင်းဆေးမင်္ဂလာပြုကာ မင်္ဂလာနှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေ၊ မကောင်းသောဘေး၊ မကောင်းသောဒဏ်၊ မကောင်းသောရန်၊ မကောင်းသောကံကြမ္မာ၊ မကောင်းသောဂြိုဟ်ဇာတာများရာသက်ပန်ကင်းဝေးခြင်း၊ နေလသဖွယ် စည်းစိမ်ကြွယ်၊ ကိုယ်ဝယ်နေ့တိုင်း ရကြပါစေ၊ ရန်သူတကာ သတ္တဝါလည်း လွတ်ကင်းသောပုဂ္ဂိုလ်များဖြစ်ခြင်း။

သိဒ္ဓိရာဇာလူတကာလည်း မြင်လျှင်မြင်တိုင်း ချစ်ခင်နှစ်သက်ခြင်း၊ ကိုင်ရာဆေး၊ ရေးရာအက္ခရာဖြစ်၍၊ လက်ဆယ်ချောင်း ဆေးဆယ်လက်ဖြစ်ခြင်း၊ ရတနာရွှေငွေအိမ်တိုက်ခြံကား ဆယ့်တစ်ပါးသော လောကီစည်းစိမ်ဥစ္စာရတနာများလည်း ပိုင်ဆိုင်ဝင်ရောက်နိုင်ခြင်း၊ စိန်၊ ကြောင်၊ နီလာ၊ သန္တာ၊ ပုလဲ၊ ဂေါ်မုတ်၊ ဥဿဖရား၊ ပတ္တမြား၊ မြစသည့် နဝရတ်ကိုးပါးများ တိုးပွားရရှိပိုင်ဆိုင်ခြင်း၊ ပြောသမျှဆိုသမျှ လုပ်သမျှကိုင်သမျှ ကြံသမျှ စည်သမျှအဝဝမှာလည်း အောင်မြင်နိုင်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားများ အားထုတ်နိုင်ခြင်း၊ ပီယသိဒ္ဓိ၊ ခနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ မနောမယ သိဒ္ဓိစသည့် လောကီသိဒ္ဓိ ဆယ်ပါးဖြင့် နေ့ရောည့်ပါ အခါခပ်သိမ်းပြီးပြည့်စုံနိုင်ကြ၍ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် အခါခပ်သိမ်းပြည့်စုံနိုင်ကြပါစေဟု တောင်းဆုမင်္ဂလာ ဆန္ဒပြုရင်း။ ။

EBfhfawmfvnfqmuf&mwifEBfhfawmf c;yf t;jcm tmPm \ cufo;jrmzpfonf Oya'jy;a&;? t;jcyf;a&;? w&m;pD&if a&; [bnfr@cfuD;Dlyfzifht c;if;if t;jyeft v&f xe;faumif;faqmif;ufbnf [kqkt;m;&m Oya'qlfm taumif;t&mm;ufdjynfbl;rm; obv;bmE;Bfef pma&;ol armifpm*\ Oya'E;Bfyfqlf;ton aqmif;y;rm;ufd azmfjyay;om;y;rnfaqmif;y;wifjy&Bnft aumif;t&mm;onfpma&;ol \ tmab;mbmjzpfjyonf (pmwnftzJU)



# ပြစ်မှုများကို ပူးပေါင်းစွဲဆိုခြင်း၊ သီးခြားစီ စွဲဆိုရခြင်းဟူသည်

မောင်စာဂ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ တွင် တစ်ဦး တစ်ယောက်ကိုစွပ်စွဲသော အသီးအခြားဖြစ်သည့် ပြစ်မှုအရပ်ရပ်အတွက် စွဲချက်အသီးအခြားစီ ရှိနေရမည်။ ယင်းစွဲချက်အရပ်ရပ်ကိုလည်း ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၉ တွင် ဖော်ပြလျက်ပါရှိသည့် အချက်များတွင် "မှတစ်ပါး အသီးအခြားစီစစ်ဆေးရမည်" ဟု ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ အရ တစ်နှစ်အတွင်းကျူးလွန်သော အလားတူပြစ်မှုများနှင့် ပတ်သက်၍ စွဲချက်သုံးရပ်ထက်မပိုလျှင် တစ်မှုတည်းတွင် စွဲဆိုနိုင်မည်ဖြစ်သော်လည်း ယခုအမှုတွင် တရားခံဦးကျော်မြင့်သည် အမျိုးတူမဟုတ်သော ပြစ်မှုများကို သီးခြားစီရက်များတွင် ကျူးလွန်ခဲ့ကြောင်း ငြိစွန်းပေါ်ပေါက်ပေရာ အဆိုပါပြစ်မှုများအတွက် တစ်မှုစီ သီးခြားစွဲဆိုရမည်သာ ဖြစ်သည်။

အကြောင်းခြင်းရာ ဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့်အတွက် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိသဖြင့် ပြစ်မှုနှစ်ရပ်ကို တစ်မှုစီခွဲ၍ ဥပဒေနှင့်အညီ အစမှပြန်လည်စစ်ဆေးရန် ချမှတ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်သည် မှားယွင်းမှုမရှိပေ။ ထို့ကြောင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ပလပ်လိုက်သည်။

ဤသည်မှာ ၂၀၁၂ ခုနှစ်က ထုံးပြုခဲ့သော ဦးကျော်မြင့်နှင့် နိုင်ငံတော်ပါ ၂၊ စာမျက်နှာ ၁ အမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခဲ့သော စီရင်ချက်အမိန့်မှ ကောက်နုတ်ချက်ဖြစ်သည်။

စိတ်ဝင်တစားရှိ၍ အမှုဖြစ်ပွားပုံကို လေ့လာမိသည်။ အမှုဖြစ်ရခြင်းအကျဉ်းချုပ်မှာ လက်မှတ်ရေးထိုးထားသော စာချုပ်အလွတ်တွင် စွပ်စွဲခံရသူ ဦးကျော်မြင့်က စာသားများဖြည့်သွင်းကာ ၂၆-၁၁-၂၀၀၃ ရက်စွဲဖြင့် အိမ်ခြံမြေ နှစ်ဦးသဘောတူစာချုပ်ဟု စာချုပ်အတုပြုလုပ်ကာ ဝန်းခြံတိုက်တာများကို မတရားရယူခဲ့ကြောင်းနှင့် ၈-၂-၁၉၉၈ ရက်နေ့က ကွယ်လွန်ခဲ့သော မိခင်ဒေါ်ခင်ချစ်၏ ၅-၈-၂၀၀၅ ရက်စွဲဖြင့် စွပ်စွဲခံရသူ ဦးကျော်မြင့်ထံ အထွေထွေကိုယ်စားလှယ်လွှဲစာများကို အဆိုပြု၍ ဘဏ်မှ ဦးပိုင်အမှတ် ၆ (က) မြေဂရန်ကို ရယူဆောင်ရွက်ခဲ့ကြောင်း စသည်ဖြင့် အတုပြု၍ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

မုံရွာမြို့နယ်တရားရုံးက ၂၀၀၉ ခုနှစ် ပြစ်မှုကြီးအမှတ် ၉၉၆ ဖြင့် လက်ခံ၍ တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးခဲ့သည်။ ထို့နောက် စွပ်စွဲခံရသူ ဦးကျော်မြင့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ အတုပြုလုပ်မှုနှင့် ပုဒ်မ ၄၂၀ လိမ်လည်မှုတို့ဖြင့် စွဲချက်တင်ခဲ့သည်။ ယင်းအမိန့်အပေါ် နှစ်ဖက်စလုံးက မကျေနပ်သဖြင့် အဆင့်ဆင့်ပြင်ဆင်မှုများ တက်ရောက်ခဲ့ကြရာမှ နောက်ဆုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

စိတ်ဝင်စားသည်ဟုဆိုခြင်းမှာ သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသောအမှုများကို တစ်မှုတည်းတွင် ပေါင်း၍စွဲဆိုခဲ့ခြင်း၊ မူလတရားရုံးက လက်ခံစစ်ဆေးခဲ့ခြင်း၊ ထိုသို့စစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့်အတွက် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိခြင်းတို့ကြောင့် ပြစ်မှုနှစ်ရပ်ကို တစ်မှုစီခွဲ၍ ဥပဒေနှင့်အညီ အစမှပြန်လည်စစ်ဆေးစေရန် အမြင့်ဆုံးတရားရုံးက ချမှတ်ပေးရခြင်းတို့ဖြစ်သည်။ မူလမြို့နယ်တရားရုံးသည် ယင်းအမှုမှ ပြစ်မှုနှစ်ရပ်ကို တစ်မှုစီခွဲ၍ အစမှပြန်လည်စစ်ဆေးရတော့မည်။

အမှုကို စတင်စွဲဆိုသည်မှာ ၂၀၀၉ ခုနှစ်ကဖြစ်သည်။ တရားလိုနှင့် တရားလိုပြသက်သေများ စစ်ဆေးပြီးမြောက်ပြီးဖြစ်သည်။ နှစ်နှစ်ကျော်ကြာမှ ယင်းအမှုများ တစ်မှုစီခွဲ၍ အစမှပြန်လည်စစ်ဆေးရတော့မည်။ နှစ်ဖက်အမှုသည်တွေ အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ကြရတော့မည်။ တရားရုံးများအနေဖြင့်လည်း အချိန်တွေထပ်ပြီးပေးရတော့မည်။ နိုင်ငံတော်အတွက် ကုန်ကျစရိတ်ကလည်း ပို၍ဖြစ်ပေါ်လာရတော့မည်။ ဤအချက်အပေါ် သတိပြုဆင်ခြင်မိသည်။

ဤကဲ့သို့သော အမှုမျိုးတွေ ယခင်ကလည်း ကြုံခဲ့ဖူးပါသည်။ အမှုသည်တွေ ငွေကုန်လူပန်းဖြစ်ခဲ့ကြရသည်။ အမှုအချို့ကို ကောက်နုတ်၍ ဖော်ပြပါရစေ။

ဦးကျော်ထင်ပါ ၉ နှင့် နိုင်ငံတော်အမှုတွင် ၁၉၇၄-၇၅ ခုနှစ်အတွင်းက ရေနံဆီလျော့နည်းခဲ့သော ပြစ်မှုနှင့် ၁၉၇၅-၇၆ ခုနှစ်အတွင်း ဆေးခန်းမှ လိုငွေပေါ်ပေါက်ခဲ့သော ပြစ်မှုတို့သည် သီးခြားစီဖြစ်သော ပြစ်မှုများဖြစ်သောကြောင့် တစ်မှုစီခွဲ၍ ဥပဒေနှင့်အညီ အစမှ ပြန်လည်စစ်ဆေးရန် ညွှန်ကြားလိုက်သည်ဟူ၍ ဗဟိုတရားရုံးက ဆုံးဖြတ်ခဲ့သည်။ [၁၉၈၂ ခုနှစ်၊ မတစ ၃]

ဦးသန်းမြင့်နှင့် နိုင်ငံတော်အမှုတွင် စွဲဆိုထားသော အမှုမှာ သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ အရ ဦးသန်းဝင်းနှင့် ဦးညိုဝင်းတို့ကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်သဖြင့် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိပေသည်ဟု ဆုံးဖြတ်ခဲ့သည်။ [၁၉၈၃ ခုနှစ်၊ မတစ ၂၃]

မခင်ခင်စောနှင့် နိုင်ငံတော်အမှုတွင် မခင်ခင်စောကဒေါ်ကျင်အေးအား ပါးရိုက်သည်ဟု စွပ်စွဲသောနေ့မှာ ၂၃-၁၁-၈၂ ရက်နေ့ဖြစ်၍ မောင်ဝင်းမြင့်က ဒေါ်ကျင်အေးအား ဆဲဆိုကြိုးဝါးသည့်နေ့မှာ ၂၄-၁၁-၈၂ ရက်နေ့ ဖြစ်သည်။ ထို့ကြောင့် မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့အပေါ် စွဲဆိုထားသောအမှုများသည် အကြောင်းခြင်းရာဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာသော အမှုများမဟုတ်ပါ။ သီးခြားတစ်ခုတည်းမှ ပေါ်ပေါက်လာသောအမှုများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ အရ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့ကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်။ စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိသည်ဟု ဆုံးဖြတ်သည်။ [၁၉၈၆ ခုနှစ်၊ မတစ ၇]

ဒေါ်ခင်မာကြည်နှင့် နိုင်ငံတော်အမှုတွင် အချင်းဖြစ်မြေကွက်ထဲသို့ တဲငယ်တစ်လုံး ကျူးကျော်ဝင်ရောက်ဆောက်လုပ်သည့်နေ့မှာ ၂၀-၇-၉၀ ရက်နေ့ဖြစ်ပြီး ကြိမ်းမောင်းခြိမ်းခြောက်သည်ဆိုသောနေ့မှာ ၂၇-၇-၉၀ ရက်နေ့ ဖြစ်သည်။ သီးခြားစီရက်များတွင် ပေါ်ပေါက်လာပါလျက် တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ မူလအစကပင် ပျက်ပြယ်နေသည်ဟု ဆုံးဖြတ်သည်။ [၁၉၉၁ ခုနှစ်၊ မတစ ၈]

ဤသည်တို့မှာ ပြစ်မှုများကို တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ပူးပေါင်းစွဲဆိုခဲ့ကြသည့်အခါ ဖြစ်ပေါ်လာသော အကျိုးဆက်မှာ တရားစွဲဆို တင်ပို့လာသည့်အတိုင်း တရားရုံးက စစ်ဆေးမှုပြုခဲ့ခြင်းသည် အစကနဦးကပင် ပျက်ပြယ်နေသော စစ်ဆေးမှုဖြစ်နေသည်။ နောက်ထပ်ဤကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်မျိုးတွေ မပေါ်ပေါက်စေလိုပါ။ ဤသို့မဖြစ်ပေါ်ရအောင် မည်ကဲ့သို့ ကုစားကြရပါမည်နည်း။

အဓိကအချက်မှာ ပြဋ္ဌာန်းဥပဒေများကို သေသေချာချာ နားလည်သဘောပေါက်မှု အားနည်းနေကြခြင်းဖြစ်သည်။ သဘောပေါက်နားလည်မှု ရှိသော်လည်း သတိမမူမိကြခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ပြစ်မှုများကို ပူးပေါင်းစွဲဆိုခြင်းနှင့် သီးခြားစီ စွဲဆိုရခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေဖြစ်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို ကိုးကား၍ အနှစ်ချုပ်မျှဝေပါရစေ။

## သီးခြားစီစွဲဆိုရခြင်း

သူတစ်ဦးသည် ပြစ်မှုများကို တစ်ခုနှင့်တစ်ခု သီးခြားစီ ကျူးလွန်ကြလျှင် ယင်းသို့ကျူးလွန်သည့်အတိုင်း သီးခြားစီ အမှုများကိုခွဲ၍ စွဲဆိုရပါမည်။

ဥပမာပြရလျှင် A ဆိုသောသူသည် နံနက် ၈ နာရီခန့် အချိန်တွင် B နေထိုင်သောခြံဝင်းအတွင်း ကျူးကျော်ဝင်ရောက်ကာ ငှက်ပျောပင်များကို ဓားဖြင့်ခုတ် ဖျက်ဆီးခဲ့သည်။ ၁၁ နာရီခန့်အချိန်တွင် ဓားကိုကိုင်လျက် B ၏ နေအိမ်ခြံဝင်းအပြင်ဘက်မှနေ၍ B ကိုသတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ နေ့ခင်း ၁၃ နာရီ အချိန်ခန့်တွင် အိမ်ခြံဝင်းထဲမှထွက်လာသော B ထံမှ လက်ပတ်နာရီကိုဖြုတ်ယူလုယက်ခဲ့သည်။ ညနေ ၁၆ နာရီခန့်တွင် B က A ၏ နေအိမ်သို့ သွားရောက်ခဲ့ရာ A ကဆီး၍ တုတ်ဖြင့်ရိုက်သဖြင့် လက်မောင်းရိုးကျိုးအက်ကာ ပြင်းထန်ဒဏ်ရာရရှိသည်။

ဤဖြစ်ရပ်တွင် A သည် ကျူးကျော်၍ အကျိုးဖျက်ဆီးမှု၊ ခြိမ်းခြောက်မှု၊ လုယက်မှုနှင့် အပြင်းအထန် နာကျင်စေမှု လေးခုကို တစ်ရက်တည်း၊ တစ်နေ့တည်းတွင်ဖြစ်သော်လည်း အချိန်များကွဲလွဲကာ သီးခြားစီ ကျူးလွန်ခဲ့သဖြင့် အမှုလေးမှုကို သီးခြားစီစွဲ၍ စွဲဆိုရမည်။

## ပူးပေါင်းစွဲဆိုရခြင်း

သူတစ်ဦးသည် ပြစ်မှုများကို တစ်ချိန်တည်း တစ်ဆက်တည်း ပြုလုပ်ကျူးလွန်ခဲ့သော် ထိုကျူးလွန်ခဲ့သော ပြစ်မှုများကို တစ်မှုတည်းတွင် ပူးပေါင်းစွဲဆိုနိုင်သည်။

ဥပမာပြရလျှင် A ဆိုသောသူသည် B ၏နေအိမ်ခြံဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်သည်။ တစ်ဆက်တည်း ငှက်ပျောပင်များကို ဓားဖြင့်ခုတ်၍ ဖျက်ဆီးသည်။ တစ်ဆက်တည်း B ကို ဓားဖြင့်ခုတ်သတ်မည်ဟု ခြိမ်းခြောက်စကားများပြောဆိုပြီး ထွက်ပြေးသွားရာ C ဆိုသူက ဆီးဖမ်းမည်အလုပ်တွင် ပါလာသောဓားဖြင့် C ကို ခုတ်သဖြင့် C တွင် ပြင်းထန်ဒဏ်ရာရရှိသည်။

ဤဖြစ်ရပ်တွင် A သည် B ၏ခြံအတွင်းသို့ ကျူးကျော်ဝင်ရောက်မှု၊ ငှက်ပျောပင်များကို ဓားဖြင့်ခုတ်၍အကျိုးဖျက်ဆီးမှု၊ B ကိုသတ်မည်ဟု ခြိမ်းခြောက်မှု၊ C ကို ဓားဖြင့်ခုတ်သည့် အပြင်းအထန်နာကျင်မှု၊ အမှုလေးမှုကို တစ်ဆက်တည်း၊ တစ်ချိန်တည်း ဆက်တိုက်ပြုလုပ် ကျူးလွန်သဖြင့် ယင်းအမှုလေးမှုကို တစ်မှုတည်းတွင် ပူးပေါင်း၍ စွဲဆိုနိုင်သည်။

## မျိုးတူပြစ်မှုများကိုကျူးလွန်ခဲ့သော်

မျိုးတူပြစ်မှုဆိုသည်မှာ တူညီသောပုဒ်မများဖြစ်ပြီး တူညီသောပြစ်ဒဏ်များ ချမှတ်နိုင်သည့်အမှုများသည် မျိုးတူပြစ်မှုများဖြစ်သည်။

ထို့ပြင် နေအိမ်အတွင်းကျူးလွန်သည့် ခိုးမှု ပုဒ်မ ၃၈၀ နှင့် နေအိမ်ပြင်ပခိုးမှု ပုဒ်မ ၃၇၉ တို့မှာ မျိုးတူပြစ်မှုများဖြစ်သည်။ ပြစ်မှုတစ်ခုကျူးလွန်ခြင်းနှင့် ထိုပြစ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်းသည်လည်း မျိုးတူပြစ်မှုများဖြစ်သည်။

သူတစ်ဦးသည် တစ်မှုထက်ပိုပြီး မျိုးတူဖြစ်သော ပြစ်မှုများကို ကျူးလွန်ခဲ့သည်မှာ ပထမကျူးလွန်သည့်ပြစ်မှုမှ နောက်ဆုံးကျူးလွန်သည့်ပြစ်မှုအထိ တစ်ဆယ့်နှစ်လအတွင်း ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံရသည့်အခါ ထိုသို့ကျူးလွန်သည့်ပြစ်မှုများအနက် သုံးမှုထက်မပိုသော ပြစ်မှုများကို အမှုတစ်ခုတည်းတွင် ပူးပေါင်း၍ စွဲဆိုနိုင်သည်။

ဥပမာ A သည် ၁-၁၀-၂၀၁၆ ရက်နေ့က မော်တော်ဆိုင်ကယ်ကိုလည်းကောင်း၊ ၁-၁၂-၂၀၁၆ ရက်နေ့က မော်တော်ကား၏ နောက်မီးခွက်များကိုလည်းကောင်း၊ ၁၂-၂-၂၀၁၇ ရက်နေ့က စက်ဘီးကိုလည်းကောင်း၊ ၁-၃-၂၀၁၇ရက်နေ့က လေအေးစက်များကိုလည်းကောင်း ခိုးမှုများကျူးလွန်ခဲ့ခြင်းဖြင့် ဖမ်းဆီးခံရသည်။

ဤဖြစ်ရပ်တွင် A သည် တစ်ဆယ့်နှစ်လအတွင်း မျိုးတူဖြစ်သော ခိုးမှုလေးမှုကို ကျူးလွန်ခဲ့သည်။ သုံးမှုအထိ ပူးပေါင်း၍ စွဲဆိုနိုင်သဖြင့် မော်တော်ဆိုင်ကယ်၊ ကား၏ နောက်မီးခွက်များနှင့် စက်ဘီးတို့ကို ခိုးယူခဲ့သည့် အမှုသုံးမှုကို တစ်မှုတည်းတွင် ပူးပေါင်း၍လည်းကောင်း၊ လေအေးစက်များခိုးမှုကို နောက်ထပ်သီးခြားတစ်မှုဖြင့်လည်းကောင်း စွဲဆိုနိုင်သည်။

## မည်သည့်ပြစ်မှုကို ကျူးလွန်ကြောင်း မဝေခွဲနိုင်ခဲ့သော်

သူတစ်ဦး၏ပြုလုပ်မှုသည် ပြစ်မှုအမြောက်အမြားအနက် မည်သည့်ပြစ်မှုမြောက်မည်ကို မဝေခွဲနိုင်သည့်အခါ ၎င်းပြစ်မှုအရပ်ရပ်ကို ကျူးလွန်ကြောင်းဖြင့် ထိုသူကို တရားရုံးက တစ်မှုတည်းတွင်ပူးပေါင်းကာ စွဲချက်တင်စစ်ဆေးနိုင်သည်။

ဥပမာပြရလျှင် A သည် ခိုးမှု၊ ခိုးရာပါပစ္စည်းလက်ခံမှု၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ လိမ်လည်မှုဖြစ်မြောက်နိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းခံရသည့်အခါ A အပေါ် ထိုပြစ်မှုများဖြင့် တစ်မှုတည်းတွင် တရားရုံးကစွဲချက်တင်စစ်ဆေးနိုင်သည်။

## ပြစ်မှုကျူးလွန်သူများကို တစ်မှုတည်းတွင် ပူးပေါင်းစွဲဆိုနိုင်ခြင်း

ပြစ်မှုတစ်ရပ်တည်းကို ကျူးလွန်ရာတွင် ပါဝင်သူများ၊ ပြစ်မှုကျူးလွန်သူနှင့် အားပေးကူညီသူများ၊ ကျူးလွန်ရန် အားထုတ်သူများ၊ မျိုးတူပြစ်မှုများကို အတူတကွ ကျူးလွန်သူများ၊ မှုခင်းတစ်ရပ်တည်းတွင် အမျိုးအစားမတူ ကွဲပြားခြားနားသည့် ပြစ်မှုကျူးလွန်သူများ၊ ခိုးမှုကျူးလွန်သူနှင့် ခိုးရာပါပစ္စည်းလက်ခံ၊ ထုခွဲရောင်းချ၊ သိုလှောင်သိုဝှက်ရာတွင် ပါဝင်ကျူးလွန်သူများ စသည်ဖြင့် ထိုသူများကို တစ်မှုတည်းတွင် ပူးပေါင်း၍ စွဲဆိုနိုင်သည်။

ဤသည်တို့မှာ အခြေခံအနှစ်ချုပ်သဘောမျှသာဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆နှင့် ၂၃၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ရာ စီရင်ထုံးများကို လေ့လာမှတ်သားကြဖို့လိုပါမည်။ သို့မှသာ မည်သို့သောပြစ်မှုများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးနိုင်သည်။ မည်သို့သောပြစ်မှုများကို သီးခြားစီစစ်ဆေးရမည်ဆိုသည်ကို သိရှိနိုင်ကြမည်။ ထိုသို့သိမှသာလျှင် တရားစွဲဆိုသူ သို့မဟုတ် တရားစွဲအဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တရားစွဲဆိုတင်ပို့ခြင်းများ ပြုလုပ်နိုင်မည်။


ယခုတွေ့ကြုံရသော မှုခင်းဖြစ်ရပ်များအပေါ် ဆင်ခြင်ကာ အချက်တစ်ချက်ကိုတော့ အကြံပြုလိုသည်။ အမှုတစ်ခုတည်းတွင် ဥပဒေနှင့်အညီ ပူးပေါင်း၍ စွဲဆိုခြင်း မပြုနိုင်ပါဘဲလျက် ပူးပေါင်းပြီးစွဲဆိုလာခဲ့သော် သို့မဟုတ် အမှုများကို တစ်မှုတည်းတွင်ပူးပေါင်း၍ စစ်ဆေးနိုင်ခြင်း မပြုနိုင်သည့်အမှုများနှင့်ကြုံလာခဲ့သော် မူလမြို့နယ်တရားရုံးများသည် ဥပဒေနှင့်အညီ အမှုများကို သီးခြားခွဲကာ စစ်ဆေးမှုပြုလုပ်သင့်ကြသည်။

ထိုသို့မဟုတ်ဘဲ စွဲဆိုတင်ပို့လာသည့်အတိုင်း စစ်ဆေးသွားမည်ဆိုပါက ယင်းစစ်ဆေးချက်သည် အစကတည်းက ပျက်ပြယ်နေမည်ဖြစ်သည်။ အစကတည်းက ပျက်ပြယ်နေမှန်းသိလျက် စစ်ဆေးနေမည်ဆိုပါက အမြင့်ဆုံးတရားလွှတ်တော်ချုပ်သို့ ရောက်သည့်အခါ အမှုများကို သီးခြားစီခွဲ၍ အစမှပြန်စစ်စေဆိုသောအမိန့်မျိုးတွေ ထပ်မံ၍ ပေါ်ပေါက်လာဦးမည်သာ။ တရားစီရင်ရေးလမ်းကြောင်း မဖြောင့်ဖြူး အထစ်အငေါ့တွေ ကြုံရဦးမည်သာ။

တရားစီရင်မှု ဆောင်ရွက်ကြရာတွင် အမှုသည်များ၊ တရားစွဲအဖွဲ့အစည်းများ၊ တရားရုံးများ၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းသက်သာစေရာရောက်သည့်အပြင် တရားစီရင်ရေးလမ်းကြောင်း အထစ်အငေါ့မရှိ ဖြောင့်ဖြောင့်ဖြူးဖြူးဖြင့် မှန်ကန်စွာ စီရင်ဆုံးဖြတ်နိုင်ကြပေမည်။

တရားစီရင်ရေးလမ်းကြောင်း ဖြောင့်ဖြူးမှန်ကန် စီရင်နိုင်ကြပါစေ။

❑




# ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် မြန်မာပြည်အရပ်ရပ်မှ ကြွရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓ သံဃာတော်အရှင်သူမြတ် (၂၉၀၀၀)ခန့်တို့အား နေ့စဉ် အရဂ်ဆွမ်းအတွက် မပင်ပန်းကြစေရန် တစ်နှစ်လျှင် (တပေါင်းလပြည့်၊ ဝါဆိုလပြည့်၊ တန်ဆောင်မုန်းလပြည့်) သုံးကြိမ် အစဉ်အလာမပျက် ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိရာ၊ တစ်နှစ်လျှင် ဆွမ်းဆန်တော်အိတ်(၂၇၀၀၀)ကျော် တန်ဖိုးအားဖြင့် သိန်း(၇၁၀၀)ကျော်လှူဒါန်းနိုင်ခြင်း၊ အသင်းကြီးမှ ဆွမ်းဆန်တော်လှူဒါန်းထောက်ပံ့သည့် စာသင်တိုက်များရှိ တိပိဋကဓရ၊ ဓမ္မာစရိယ၊ နိကာယ်၊ သာမဏေကျော်၊ ပထမပြန်၊ စေတိယင်္ဂဏစာမေးပွဲ အသီးသီးအောင် စာအောင်အရှင်သူမြတ်တို့အား စာအောင်သံဃာလှူဒါန်းပူဇော်လျက်ရှိရာ နှစ်စဉ်သိန်း(၆၈၀)ကျော် လှူဒါန်းနိုင်ခြင်း၊ ထို့ပြင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော အခါကြီးရက်ကြီးအခမ်းအနားများနှင့် အခြားထည့်ဝင်လှူဒါန်းမှုများအဖြစ် နှစ်စဉ်သိန်း(၁၅၀)ကျော် လှူဒါန်းပူဇော်ခြင်းတို့ကို ဆောင်ရွက်လာသည်မှာ (၉၁)နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်ရှိသောမြို့နယ်များသို့ အသင်းကြီးမှ ချမှတ်ထားသော စည်းကမ်းများနှင့် ကိုက်ညီသည့် ပရိယတ္တိစာသင်တိုက်များကိုလည်း တိုးချဲ့လှူဒါန်းသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရန်ကုန်ဆန်လှူအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ရဟန်းရှင်လူပြည်သူအများအား ပိဋကတ်စာပေ၊ သုတ၊ ရသစာပေများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စာကြည့်တိုက်နှင့်အတူ သာသနာတော် ပြန့်ပွားရေးအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ ပိဋကတ်မြန်မာပြန် သင်တန်းများ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာမြတ်ပညာ သင်တန်းများအခမဲ့ ဖွင့်လှစ်လျက်ရှိပါသည်။

ဤကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှု၊ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံ စုဘူးရယူစုဆောင်း လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသူ၊ အသင်းသား၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြလျက် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**အမှတ်(၇၇/၇၉)၊ (၈၉) အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ဖုန်း-၀၁-၉၃၁၇၃၅၀၊ ၀၁-၅၂၃၆၉၄၊ ၀၉-၂၅၄၈၉၁၆၇၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကျုံမရေကျေးရွာ ဦးအေးခိုင်(ခ)ဦးအောင်သူ-ဒေါ်သိန်းငွေးတို့၏သားဖြစ်သူ မောင်သက်နိုင်ထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**အဖ-ဦးအောင်သူ[၁၂/ခရန(နိုင်)၀၈၉၄၇၆]**
**အမိ-ဒေါ်သိန်းငွေး[၁၂/ခရန(နိုင်)၁၃၂၃၉၈]**

## အများသိစေရန်

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်[၁၂/သကတ(နိုင်)၁၈၉၃၄၃]က ဒေါ်ခင်မိမိဇော်+၃(TKA-၀၉၇၅၁၀)ပိုင်ဆိုင်သော သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက်(၁၆)လမ်း၊ အမှတ်(၇၁၁)ရှိ ပေ(၁၀×၆၀)အိမ်ခြံမြေကို တန်ဖိုးငွေကျပ်သိန်း(၁၇၀)ဖြင့် ရောင်းချသူထံမှ ဝယ်ယူရန်သဘောတူခဲ့ပါသည်။ ၇-၄-၂၀၁၇ ရက်တွင် စရန်တန်ဖိုးငွေ၏ စရန်ငွေအချို့ပေးခဲ့ပြီး ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်သူရှိပါက (၇)ရက်အတွင်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း အကယ်၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ချုပ်ဆို သွားမည်ဖြစ်ကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးသိန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၈)**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

## ကျေးဇူးဆပ်မည်

၃-၄-၂၀၁၇ရက် မွန်းလွဲ(၁)နာရီနှင့်(၂)နာရီအကြား၊ ရွှေခင်သာမြို့ပတ်လမ်း၊ အငှားယာဉ်ပေါ်တွင် လက်ကိုင်ဖုန်း (MPT-09-43110878)နှင့် Telenor 09-792816562) ကျန်ခဲ့ပါသည်။ တွေ့ရှိက ကျေးဇူးဆပ်မည်။

ဦးလှမြင့် (Ph:09-424870766, 09-769737403)

## အမည်နှင့်မွေးသက္ကရာဇ် ပြောင်းလဲခြင်း

အဖ ဦးဇိုးတူနှင့် ဒေါ်ဆိုဟဲတို့၏ သမီး မအေးအေးနီ မွေးသက္ကရာဇ် ၅-၁၂-၁၉၉၁ အားကျောင်းတက်နာမည် မနုနုအေးနေ မွေးသက္ကရာဇ် ၅-၁၂-၁၉၉၀ ဖြစ်ပြောင်းလဲလိုက်ပါသည်။

## အမည်ပြောင်း

အဖ ဦးအောင်ငွေး၏ သား မောင်မြင့်မြတ်အောင်ငွေး၊ နဝမတန်း(7-1)၊ အထက-သိမ်ဇရပ်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်အား မောင်မြတ်မင်းသွင် [၁၀/ကထန(နိုင်)၁၅၃၁၂၀]ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်မင်းသွင်**

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**လေ ၁၁၈၇**

**ဒုတိယဗိုလ်မှူးကြီး ထိန်လင်း(လေ) (ငြိမ်း)**

**အသက် (၈၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ (၈)မိုင်၊ နဝဒေးဝင်းနေ ဒေါ်ခင်ထွေးတင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ထိန်လင်း (လေ)(ငြိမ်း)သည် ၁၀-၄-၂၀၁၇ ရက်(တနင်္လာနေ့) ည ၇း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဆွေဝင်း**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**သစ်တောဦးစီးဌာန**

**အသက်(၈၄)နှစ်**

သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေဝင်းသည် ၁၀-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသစ်တောအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်းဒါယကာ

**ဦးတင်မောင်ဝင်း(ခ)မောင်မောင်**

**အသက်(၅၉)နှစ်**

Capital Construction Ltd. ၏ Managing Director ဦးတင်မောင်ဝင်း(ခ)မောင်မောင်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၅း၅၅နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မောင်ဝင်း(ခ)ဦးမောင်မောင်**

**Managing Director, Capital Construction Ltd.**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ် (၂၂)နေ [ဗိုလ်မှူးကြီး ဝင်းမောင်(ငြိမ်း)]-ဒေါ်တင်တင်အေးတို့၏သား၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မောင်အောင်သက်၏ဖခင် ခင်မင်လေးစားရပါသော အန်ကယ် ဦးတင်မောင်ဝင်း (၅၉)နှစ်သည် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ပိုင်စိုးဦး Managing Director**
**Capital life insurance Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

**ဦးတင်မောင်ဝင်း(ခ)ဦးမောင်မောင်**

**အသက်(၅၉)နှစ်**

**MD, Capital Construction Ltd.**

**MD, Myanmar Liwayway Food Industries Limited**

**ဒုတိယဥက္ကဋ္ဌ၊မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ် (၂၂)နေ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ ဦးတင်မောင်ဝင်း(ခ)မောင်မောင် အသက် (၅၉)နှစ်သည် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၅၅ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Bagan Royal Star**
**Construction Co., Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မောင်ဝင်း(ခ)ဦးမောင်မောင်**

**အသက်(၅၉)နှစ်**

**MD, Capital Construction Ltd.**

**MD, Myanmar Liwayway Food Industries Limited**

**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ်(၂၂)နေ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ ဦးတင်မောင်ဝင်း(ခ)ဦးမောင်မောင် အသက် (၅၉)နှစ်သည် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၅၅ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်စံ၊ ဒေါ်သူဇာဝင်း**
**Alpha Power Engineering Co., Ltd. မိသားစု**

## လေ-၁၁၈၇ ဒုတိယဗိုလ်မှူးကြီး ထိန်လင်း

အသက် (၈၉)နှစ်

**တပ်မတော်(လေ) အငြိမ်းစား**

**B.Sc (Armt. Engg) R.A.F Technical College**

**Henlow U.K**

**စစ်ဦးစီးမှူး ပထမတန်း (လက်နက်) ကက-လေ**

**အကြံပေးအရာရှိ၊ တတ်ကျွမ်းသူပညာရှင်**

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး**

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရ)**

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ စစ်ကဲဦးဘိုးလမ်းနေ စစ်ကဲဦးမောင်ကြီး-ဒေါ်ဒေါ်အုန်းတို့၏မြေး၊သစ်တောမင်းကြီး ဦးထွန်းငွေ-ဒေါ်မမကြီးတို့၏သား၊ အရေးပိုင်ဦးဘတင်(၅)-ဒေါ်တင်တင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ (၈)မိုင်၊ မြေအမှတ် (၈/၄)၊ အေးရိပ်သာလမ်းသွယ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ နဝဒေးဝင်းနေ (ဒေါ်ခင်ထွေးတင်)၏ခင်ပွန်း၊ ဒေါ်မြစန္ဒာလင်း (တရားလွှတ်တော်ရှေ့နေ)၊ ဦးသက်ရှည်လင်းတို့၏ချစ်လှစွာသောဖခင်၊ ဦးတင်ဆွေ(စက်မှုတက္ကသိုလ်)-ဒေါ်တင်မျိုးငွေ(ရက္ခဗေဒဌာန)၊ ဦးတင်ကြည်(စက်မှု/စားကုန်)-ဒေါ်မေမျိုးငွေ(ဗဟိုတရားရုံး)၊ ဦးခင်မောင်ကြည်-ဒေါ်အေမီတင့်ဆွေတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ (ဦးမျိုးနိုင်ဆွေ)၊ (ဦးရွှေဦး)-ဒေါက်တာမေသင်းဆွေ(ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ ဦးအောင်မျိုးကြည်၊ ဦးချိုမျိုးကြည်(SKY NET)-ဒေါ်တင်မျိုးမျိုးလင်းတို့၏ဘကြီး ဒုတိယဗိုလ်မှူးကြီးထိန်လင်းသည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) ည ၇း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သီ (၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ (၆၄-B)၊ ကမ္ဘာဇလမ်းနှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၁၇)၊ (၂၇)လမ်းနေ (ဦးကျော်မြင့်)၏ဇနီး၊ ဒေါက်တာသန်းလွင်-ဒေါ်အေးသိမ်း၊ ဦးကျော်ထူး၊ ဦးစိန်မွေး-ဒေါ်ခင်ခင်လေးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်သီဟထက်၊ မယွန်းမြတ်သွယ်၊ မောင်ကျော်စွာလင်း၊ မအိပန်းဖြူမွန်တို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်သီသည် ၉-၄-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ဖူးကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၁၇)၊ (၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်မည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီမရှာဘန်ဘီ(ခ)ဒေါ်ပု(ခ)ဒေါ်ခင်စန်းမြင့် (၆၁)နှစ်**

**တောင်ကြီးမြို့(ညဈေး/ငါးတန်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၇၇)၊ အင်းစိန်လမ်းနေ ဦးအောင်ကျော်စိုး-ဒေါ်သီသီနွယ်တို့၏မိခင်၊ မေဖြူသီကျော်၊ ဇူဇင်သီကျော်တို့၏အဘွားသည် ၇-၄-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၄-၂၀၁၇ (စနေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးစွန်နီ မွတ်စလင်မ်ကဘာရ်စတန်ဥယျာဉ်တော်၌ အစ္စလာမ်တရားတော်နှင့်အညီ ဒါဖနာမြှုပ်နှံပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီမရှာဘန်ဘီ(ခ)ဒေါ်ပု(ခ)ဒေါ်ခင်စန်းမြင့် (၆၁)နှစ်**

**တောင်ကြီးမြို့(ညဈေး/ငါးတန်း)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၂၆၁၊ ဒု-ယာ)၊ (၃၉လမ်း (အထက်)နေ ဟာဂျီဦးလှမင်း(စီးပွားပန်းခင်း)-ဟာဂျီမဒေါ်ချိုချို လွင်(ရွှေရည်ချိုပိုးထည်ဆိုင်)တို့၏ မိခင်၊ ဟာဂျီမရွှေရည်လှမင်း၊ ဟာဂျီမအေးချမ်းလှမင်းတို့၏အဘွားသည် ၇-၄-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၄-၂၀၁၇ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးစွန်နီ မွတ်စလင်မ်ကဘာရ်စတန်ဥယျာဉ်တော်၌ အစ္စလာမ်တရားတော်နှင့်အညီ ဒါဖနာမြှုပ်နှံပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

**ဦးတင်မောင်ဝင်း (ခ) ကိုမောင်မောင်**

**အသက် (၅၉)နှစ်**

**MD, Capital Construction Ltd.,**

**MD, Myanmar Liwayway Food Industries Limited**

**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ် (၂၂)နေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ ဦးတင်မောင်ဝင်း(ခ)ကိုမောင်မောင် အသက် (၅၉) နှစ်သည် ၉-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၅၅နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Barors Group of Companies (BFE)**

## ကျေးဇူးတင်ရှိခြင်း

**ဒေါ်သီဂီဝင်း (လ/ထ ကထိက၊ IT ဌာန PTU)**

**အသက်(၄၃)နှစ်**

၅-၄-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဦးထွန်းမင်းဦး (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန)၏ဇနီး ဒေါ်သီဂီဝင်း (လက်ထောက်ကထိက၊ ပြည်မြို့၊ နည်းပညာတက္ကသိုလ်)၏ ဈာပနတွင် ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသူများ၊ နေအိမ်သို့ လာရောက်အားပေးကြသူများ၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

## အနိစ္စ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြင့်အောင် (၈၉)နှစ်**

**တက္ကသိုလ်များ သင်္ချာတွက်စက်ဌာန (အငြိမ်းစား)**

လက်ပံတန်းမြို့နေ (ဦးဘစော-ဒေါ်ငွေရင်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးဘသင်-ဒေါ်ဒေါ်ဆက်)တို့၏သားသမက်၊ အမှတ် (၈)၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဒေါ်မေမေသန်း) ၏ ချစ်လှစွာသောခင်ပွန်း၊ ရေကျော်၊ နှင်းပန်းလမ်း၊ အမှတ်(၁၀)နေ (ဦးသိန်းဝင်း)-ဒေါ်ခင်စိုးနွဲ့တို့၏အစ်ကို၊ ဒေါ်ကြူကြူညွန့် (စက်မှု၊ သီးနှံ၊ အငြိမ်းစား)၊ ဦးဗစ်တာအောင်-ဒေါ်သစ်သစ်လွင်၊ ဒေါ်မြိုင်မြိုင်အောင် (ရန်ကုန်တိုင်း ငါးဦးစီးဌာန)၊ ဦးတင်မောင်ဝင်း [Mangrove Service Network (MSN)]-ဒေါ်လဲ့လဲ့အောင် (လပွတ္တာမြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးမျိုးမြင့်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်နိုင်မင်းအောင်၊ မောင်သီဟန်ဇော်၊ မအေးမြင့်မြတ်မျိုး၊ မောင်အောင်ကောင်းမြတ်တို့၏အဘိုး ဦးမြင့်အောင်သည် ၁၀-၄-၂၀၁၇(တနင်္လာနေ့) ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဆိုင်းခင်(လပွတ္တာ)

**အသက် (၇၃)နှစ်**

လပွတ္တာမြို့နေ (ဦးအရှိုက်-ဒေါ်ကျင်ဆိုင်)တို့၏သမီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးတင်းငါး-ဒေါ်ယု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးစစ်စိန်-ဒေါ်ဆိုင်းတင်တို့၏ညီမ၊ ရန်ကုန်မြို့၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၇)၊ အခန်း(၁၈)နေ ဦးမောင်မောင်ရည်(တာမွေ-၁၊ငြိမ်း)၏ဇနီး၊ မောင်သန်းထွန်းမင်း၏မိခင် ဒေါ်ဆိုင်းခင်သည် ၁၁-၄-၂၀၁၇ ရက် နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [၁၇-၄-၂၀၁၇ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မြေပုံမြို့နယ်အသင်း (ရန်ကုန်)

**ရာသက်ပန်အသင်းဝင်**

**အရာခံဗိုလ် ဦးအေးထွန်း**

**အသက် (၇၂)နှစ်**

မြေပုံမြို့၊ တောင်ပိုင်းရပ်ကွက်နေ (ဦးဖြူထွန်းအောင်-ဒေါ်အေးမြ)တို့၏သား၊ ကြိမ်ချောင်းကျေးရွာနေ (ဦးဆိတ်တောင်း-ဒေါ်စိန်ခက်)တို့၏ သားသမက်၊ အမှတ်(၂၅၈)၊ ကျောက်စိမ်းလမ်းသွယ် (၃)၊ ပတ္တမြားမြို့သစ်နေ ဒေါ်နီနီ၏ခင်ပွန်း၊ ကိုအေးသိန်းထွန်း-မခင်သီတာဝင်း၊ ကိုအောင်ကျော်-မခင်မျိုးသိန်း၊ ကိုဝင်းမင်းဦး-မစန္ဒာအေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၇ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်စောမြင့် (၇၁)နှစ်

**ထိန်တောမိုးညို**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့၊ ထိန်တောကျေးရွာနေ (ဦးညွန့်တင်-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးဖိုးရေ-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ မိုးညိုမြို့၊ သခင်လှရှိန်ရပ်ကွက်နေ ဦးစန်းမောင်(သ/မ)၏ ချစ်လှစွာသောဇနီး၊ ကိုဝင်းမြင့်-မပွင့်ဖြူသင်း၊ ရဲအုပ် အောင်ကျော်စိုး-မတိုးတိုးလွင်တို့၏မိခင်၊ မောင်သုတအောင်၊ မမိုးသက်စင်၊ မောင်ဇေရဲထက်နိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၈-၄-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် မွန်းလွဲ ၁ နာရီတွင် သခင်လှစိန်ရပ်ကွက်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြင့်သိန်း(သထုံ) (၉၅)နှစ်**

သထုံမြို့နေ (ဦးဉာဏ်-ဒေါ်ခွာယံ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ Central Tower အခန်းအမှတ်(၉၀၆)နေ ဦးတင်စိန်(ခ)ဦးကောင်းရင်၏ဇနီး၊ (ဦးပါစုံ)-ဒေါ်ခင်ညိုညို၊ ဦးတင်အေး-(ဒေါ်အေးအေး)တို့၏ညီမ၊ (ဦးသြဝါ)-ဒေါ်လှသိန်း၊ ဒေါ်ညွန့်သိန်း၊ ဒေါ်ခိုင်ဉာဏ် (တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ သင်္ချာ)၊ ဒေါ်မြင့်ဉာဏ် (ပါမောက္ခ၊ ငြိမ်း၊ သင်္ချာ)၊ [ဦးအုံးကျော် (ဝန်ကြီး၊ ငြိမ်း၊ အလုပ်သမားဝန်ကြီးဌာန)]-ဒေါ်သက်ဉာဏ် (အထပြဆရာမ၊ ငြိမ်း၊ အထက-၂၊ ကမာရွတ်)၊ ဒေါက်တာဦးသိန်းလှိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)-ဒေါ်ရီရီ(USA)တို့၏အစ်မကြီး၊ ဒေါက်တာမင်းသော်-ဒေါ်အေးအေးမော်(USA)၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး၊ ဒေါက်တာမြင့်မော်-ဒေါ်ခင်ညိုမိ(USA)၊ ဒေါ်ခင်သီတာတို့၏ကျေးဇူးရှင်မိခင်၊ ဒေါက်တာလှမွန်-ဒေါက်တာစုမြတ်စန္ဒီဦး၊ ဒေါက်တာနုမြတ်သီရိဦး၊ မခင်မြဦး၊ Randy Webster-မခင်မြထူး၊ မအေးမြတ်သရဖီ၊ မောင်သိန်းသန်းဌေး၊ မမိုးမြတ်မေဇာခြည်တို့၏ အဘွား၊ မောင်ဘုန်းထက်သီဟ၏ဘွားဘွားကြီး ဒေါ်မြင့်သိန်းသည် ၁၁-၄-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၀၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၄-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်(၂၅)၊ သုံးလွှာနေ (ဦးရွှေရုပ်-ဒေါ်ကျင်မြ)တို့၏ သား၊ (ဦးမွန်ချောင်း-ဒေါ်ကျင်မြ)တို့၏သားသမက်၊ ဒေါ်ခင်မာဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးအေးဝင်း-ဦးသိန်းဌေး၊ ဦးသန်းတိုးအောင်-မစောကျင်တီ၊ ဦးကျော်နိုင်-ဒေါ်လှလှထွေး၊ ဦးကျော်တိုးမြင့်၊ ဒေါ်သင်းသင်းဝင်းတို့၏ဖခင်၊ မောင်ပြည့်ဖြိုးအောင်၊ Jame၊ မကေဇင်လင်း၊ မမြတ်သဇင်၊ Justin Htet Aung တို့၏ အဘိုးသည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) ည ၈နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးခင်အောင်(မော်လမြိုင်)**

**အသက်(၈၅)နှစ်**

**ပြည်နယ်လုပ်ငန်းစုမန်နေဂျာ၊ (စာရေးကိရိယာ-ငြိမ်း)**

မော်လမြိုင်မြို့၊ ပန်းဘဲတန်း၊ ညောင်ပိုင်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၄၄၆)နေ ဒေါ်အေးသန့် (အထပြ၊ အထက-၆၊ မော်လမြိုင်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးတင်မောင်မြင့်-ဒေါ်ချိုချိုအောင်၊ ဒေါ်အေးအေးအောင်၊ ဦးဝင်းနိုင်-ဒေါ်မာလာရှိန်၊ ဒေါ်ဥမ္မာအောင် (အထပြ၊ အထက-၆၊ မော်လမြိုင်)တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်ကြီး၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်ဇောဟိန်း၊ မအိမ့်မှူးနိုင်၊ မောင်ထူးခြားပြည့်အောင်တို့၏ ချစ်လှစွာသောအဘိုး ဦးခင်အောင်သည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၇ (သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းစိန်သန်း(ရွာလွတ်) (၇၄)နှစ်

**(ဦးစီးအရာရှိ-ငြိမ်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲရပ်၊ အမှတ်(၄၆)နေ (ဦးသာဇီ-ဒေါ်သန်းခင်)တို့၏ သားကြီး၊ (ဦးဘဖေ-ဒေါ်ခင်ရွှေ)တို့၏ သားသမက်၊ ဒေါ်ညွန့်ရည်(သ/မဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်သန်းထွန်း-ဒေါ်စန်းမြင့်ရီ (ဒေါ်စောတင်)၊ ဦးမြင့်စိုး-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ ကိုနေလင်းဆန်း (Htoo Catering Service Co. Ltd)-မအေးခိုင်မြင့်၊ မယဉ်မင်းဆန်း (မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂၊ မော်လမြိုင်)၊ ကိုသက်ဝေဆန်းတို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုး ဦးမင်းစိန်သန်းသည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်နိုင်လင်း(ခ)**

**ဦးအောင်ကြီး(B.Sc Bot)**

**ရွှေမြန်မာရွှေပန်းထိမ်လုပ်ငန်း**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးမောင်ငွေ-ဒေါ်မြင့်မြင့်ကြည်တို့၏သားကြီး၊ ဦးလှမောင်-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဦးမင်းမင်း-ဒေါ်ခင်နွေလင်း၊ မောင်ဇော်နိုင်လင်းတို့၏ အစ်ကို၊ ဒေါ်ကြည်ကြည်လွင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုထက်အောင်၊ မထက်အိအိလင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်အေးမိ (၈၄)နှစ်**

**စက်မှုထွေ/ထိန်း ဘဏ္ဍာရေးရုံးချုပ်**

**ယခင်စက်မှု(၁)ဝန်ကြီးဌာန**

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ အမှတ်(၃၄၈)နေ (ဦးစောထွန်းဝင်း-ဒေါ်ထုံးမေ)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နေ (ဦးအေးချမ်း-ဒေါ်ဒေါ်ဝင်းရင်)၊ [ဒေါ်မိမိတည် (ကျောင်းအုပ်-ငြိမ်း၊ အထက-၄၊ တ/ဥက္ကလာ)၊ [ဒေါ်မိမိကြည်(ခ)ဒေါ်မိတ်)၊ [ဦးရောဘတ်ထွန်းဝင်း(ခ) ဆရာနဂါးအင်းတကော]-(ဒေါ်မြကျင်)-ဒေါ်ကျင်မွေးတို့၏ညီမ၊ ဦးတင်ဖေ-(ဒေါ်ဝင်းခမ်း)တို့၏အစ်မ၊ ဦးသန်းနိုင်ထွန်း-နော်ကော်ခူ(ခ)ပို့ပို့တို့၏ မိခင်ကြီး ဒေါ်အေးမိသည် ၁၀-၄-၂၀၁၇ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု



ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားစဉ်။

# ရခိုင်ပြည်နယ်အခြေအနေနှင့် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ဆုံရှင်းလင်း

**ရန်ကုန်　　မေ　　၁၁**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်အခြေအနေနှင့် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

# အာရှဖလားခြေစစ်ပွဲ အောင်မြင်ရေး အဆုံးအဖြတ်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်ကို ရှုံးနိမ့်

**ဗီယက်နမ်　မေ　၁၁**

၂၀၁၈ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ အုပ်စု(ယ) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင် ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ။

မြန်မာအသင်းသည် ခြေစစ်ပွဲ အောင်မြင်ရေးအဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အမာခံကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းလည်း ပါဝင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းသာ ဗီယက်နမ်ကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အိမ်ရှင်ဗီယက်နမ်အသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက

**စာမျက်နှာ ၇ ကော်လံ ၅ သို့** ○

## အချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ နိုင်ငံရေးကဏ္ဍ အချုပ်ပို (၄)မျက်နှာ ပါရှိပါသည်။

# မန္တလေးမြို့ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်

**မန္တလေး　　မေ　　၁၁**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲက ကျုံးတောင်ဘက်(၂၆)လမ်းရှိ အဆိုပါမဏ္ဍပ်တွင် ပြုလုပ်သည်။ **(ယာပုံ)**

မဟာသင်္ကြန်မဏ္ဍပ်ကို ဂီတအနုပညာရှင် မန္တလေးဂုဏ်ဆောင် မြို့မ အသင်းနာယက ဦးရွှန်းမြိုင်၊ စာရေးဆရာ သတင်းစာဆရာ မောင်သစ်လွင်(လူထု)နှင့် မြို့မိမြို့ဖများဖြစ်ကြသော လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ဦးမင်းမောင်၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာတို့က မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန်းစည်ပင်ယိမ်းအဖွဲ့နှင့် ကျောင်းသူယိမ်းအဖွဲ့ဝင် ၃၀၀ တို့က အစမ်းလေ့ကျင့်ကပြဖျော်ဖြေခဲ့ကြရာ

**စာမျက်နှာ ၇ ကော်လံ ၃ သို့** ❖






# တမူးမြို့မှ အိန္ဒိယသို့ ယခင်နှစ်ကထက် ငါးကျပ်တင်ခြောက် ၁၀ တန် ပိုမိုတင်ပို့နိုင်ခဲ့

**စစ်ကိုင်း ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်ပငါးတင်ပို့မှုမှာ တမူးမြို့နယ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ငါးကျပ်တင်ခြောက်တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ယခင်နှစ်ကထက် ငါးကျပ်တင်ခြောက် ၁၀ တန်ခန့် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဌာန တာဝန်ရှိသူထံမှ သိရသည်။

"ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေနဲ့ တမူးမြို့နယ်ကို ဝင်ရောက်လာတဲ့ ရေထွက်ပစ္စည်းတွေကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ကြီးကြပ်ပြီး အိန္ဒိယနိုင်ငံကို တင်ပို့နေတာပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ်၂၈ ဒသမ ၃၅ သန်း တန်ဖိုးရှိတဲ့ ငါးကျပ်တင်ခြောက် တန် ၃၀ ကို တင်ပို့နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် အခုနှစ်မှာ ၁၀ တန် ပိုပြီးတင်ပို့နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က တန် ၂၀ တင်ပို့တာ ငွေကျပ် သန်း ၁၈ ဒသမ ၉၀ ရရှိခဲ့ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ရောက်လာတဲ့ ရေခဲငါးရိုက်ကတော့ ပြည်ပပို့တာမရှိပါဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေချိုငါးမျိုးစုံဝင်ရောက်ရာတွင် ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ မုံရွာဒေသတို့မှဝင်ရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြစ်ကြီးနား၊ မန္တလေး၊ တမူး၊ ချင်းပြည်နယ်တို့သို့ တင်ပို့ပေးရကြောင်း သိရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးသို့ ရေချိုငါးဝင်ရောက်မှု ၁၁၃၉၄၅ ပိဿာရှိရာ ရန်ကုန်မှ ရွှေဘိုသို့ ရေချိုငါး ၇၂၀၂၅ ပိဿာဖြင့် အများဆုံးဝင်ရောက်သလို ရန်ကုန်နှင့် ရွှေဘိုတို့မှ မုံရွာခရိုင်သို့ ရေချိုငါး ပိဿာ ၂၂၉၅၀ ဝင်ရောက်မှုသည် ဒုတိယအများဆုံးဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရွှေဘိုခရိုင်မှ မြစ်ကြီးနားသို့ ပိဿာ ၆၈၂၀၀ တင်ပို့မှုသည် အများဆုံးဖြစ်ပြီး မုံရွာခရိုင်မှ တမူးခရိုင်သို့ ပိဿာ ၁၁၄၀၀ တင်ပို့မှုသည် ဒုတိယအများဆုံးတင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ စီမံကိန်းငါးထုတ်လုပ်မှုအနေဖြင့် မွေးမြူရေးငါး ၁၂၆၂၃ ဒသမ ၈၂ ပိဿာ ထုတ်လုပ်နိုင်ခဲ့သလို အင်းငါး ၂၆၉၀၈ ဒသမ ၁၂ ပိဿာထုတ်လုပ်နိုင်ခဲ့ပြီး ဘုံငါးအနေဖြင့် ၄၂၄၅၇ ဒသမ ၇၈ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ပေါင် ဧပြီ ၁၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျခတ်ငူကျေးရွာအုပ်စု ဇရိုးကျေးရွာတွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေလှူဒါန်းပွဲတွင် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မုတ္တမနယ်မြေရဲစခန်းတို့မှ ငါးဂါလန်ဆံ့ ရေသန့်ဘူး ၁၀၀၊ တစ်လီတာ ရေသန့်ဘူးငယ် ခြောက်ဘူးပါ ၅၈ ကတ်၊ သုံးရေ ၈၂၅ ဂါလန်ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီးနှင့် ပေါင်မုန့်ခြောက်ထုပ် ၃၇၀ တို့ကို အိမ်ခြေ ၅၀၊ အိမ်ထောင်စု ၆၀ တို့အား ပေးအပ်လှူဒါန်းခဲ့ရာ ကျခတ်ငူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ဇရိုးကျေးရွာ တာဝန်ခံ ဦးအုန်းရီနှင့် ရပ်မိရပ်ဖများက လက်ခံပြီး ရွာသူ ရွာသားများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်အလွတ်လာရသော်လည်း အဝေးပြေးကုန်သယ်ကားခနှုန်း ဈေးမတက်

**ရန်ကုန် ဧပြီ ၁၀**

သင်္ကြန်ပိတ်ရက်မတိုင်မီ နယ်ပို့ကုန်များပြားလာရာ အဝေးပြေးကုန်တင်ယာဉ်များ ရန်ကုန်သို့ ကုန်မပါဘဲ ယာဉ်အလွတ်(ခါလီ)ပြန်လာနေရခြင်းများကို ယခုရက်တွင် မြင်တွေ့နေရသည်။ နယ်အသွား၊ အပြန်ခရီးစဉ်တစ်ကြောင်းတွင် ယာဉ်အလွတ် ကုန်မပါဘဲလာရပြီး နယ်သို့အပြန်ခရီးတွင်မူ ကုန်အပြည့်တင်ဆောင်ရသည်။ သို့သော် တင်ဆောင်နေကျကုန်ပို့သူများအဆင်ပြေရန် ကုန်ပို့ကားခ ဈေးမတက်ကြောင်း ဘုရင့်နောင်ပွဲရုံခရေလမ်းမှ ကုန်တင်ယာဉ်ဂိတ်ပိုင်ရှင် ဦးအောင်မြင့်က ပြောသည်။ အောက်ခံကုန်ကျစ် တစ်ပိဿာလျှင် ရန်ကုန်-ပဲခူးကားခ ၁၃ ကျပ်ဝန်းကျင်၊ ကုန်ပွတစ်ပိဿာ ၁၉ ကျပ်ဝန်းကျင်နှုန်းရှိသည်။ ဆန်တစ်အိတ်ကားခ ကျပ် ၄၀၀၊ ငရုတ်အိတ်ကြီးတစ်အိတ် ကျပ် ၄၀၀ ရှိရာမှ ကုန်ပေါ၊ ကားရှားနေသည့် ယခုအချိန်တွင် ဈေးနှုန်းမတက်ဘဲ ကုန်တင်ယာဉ်များ ခါလီလာပြေးဆွဲနေခြင်းဖြစ်သည်ဟု သိရသည်။ အလားတူ မြစ်ဝကျွန်းပေါ်ဒေသသွား ခရီးစဉ်များတွင်လည်း ပုံမှန်ကားခ သကြားတစ်အိတ် ကျပ် ၈၀၀၊ ကြက်သွန်တစ်အိတ် ကျပ် ၁၀၀၀ နှုန်းဖြင့် ကုန်ကားခများ ဈေးနှုန်းမပြောင်းလဲဟု သိရသည်။ ကုန်ရှား၊ ကားပေါချိန်တွင်မူ ကုန်တင်ပို့သူများ၏ ဈေးနှုန်းဈေးဆစ်မှုကြောင့် ကားခအချို့ ပုံမှန်ဈေးနှုန်းထက် အနည်းငယ်ဈေးချပေးခြင်းမျိုး ရှိခဲ့သည်။

ဧပြီ ၇ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်တွင် သင်္ကြန်ပိတ်ရက် ကားခပိုတောင်းခြင်း သို့မဟုတ် စီမံခန့်ခွဲမှုပြဿနာခေါင်းစဉ်ဖြင့် အယ်ဒီတာအာဘော်ဖတ်ရှုရသည်။ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလ ရန်ကုန်မှ ဌာနေပြန်သူများ အဝေးပြေးကားခ နှစ်စဉ်ကဲ့သို့ ယခုနှစ်တွင်လည်း နှစ်ဆနီးပါးနှုန်းဖြင့် ဝယ်ယူနေရခြင်းမှာ ယာဉ်ပိုင်ရှင်များ၏အခက်အခဲနှင့် လောဘကြောင့်ဟု သာမန်အားဖြင့်ဆိုနိုင်သည်။ ထို့ထက်ပိုကြည့်ပါက စီမံခန့်ခွဲမှုပြဿနာဟု ဆိုနိုင်သည်။

အပြန်ယာဉ်အလွတ် လူမပါသလောက်ဖြစ်နေ၍ စရိတ်ကာမိရန် ဈေးတင်တောင်းရသည်ဟု ယာဉ်ပိုင်ရှင်များ၏ပြောဆိုချက်မှာ ဟုတ်သယောင်ယောင်ရှိသည်။ ယာဉ်လိုင်းနာမည်ဖြင့်ပြေးဆွဲပါက ယာဉ်တစ်စီးချင်းအနေဖြင့် မိမိတို့စိတ်ကြိုက်ဈေးနှုန်း သတ်မှတ်တောင်းခံခွင့်မရှိသောကြောင့် သက်ဆိုင်ရာယာဉ်လိုင်း၏ စီမံခန့်ခွဲမှုအားနည်းချက်က ပို၍အဓိကကျသည်။ တစ်နှစ်တာကာလ ယာဉ်ပြေးဆွဲမှုမှရရှိသောအကျိုးအမြတ်ထဲမှ အနည်းငယ်ခန့်မျှ ဝေပေးသည့်အနေဖြင့် ယာဉ်စီးခကို ပုံမှန်အတိုင်း ရောင်းချလျှင်မရနိုင်သလောဟု မေးစရာရှိလာသည်။ သင်္ကြန်ပိတ်ရက်တွင် မိသားစုဆွေမျိုးများထံ ပြန်ကြမည့်သူများကို ပုံမှန်ဈေးနှုန်းရောင်းချပေးခြင်းဖြင့် ယာဉ်လိုင်းနှင့်ဆက်နွှယ်နေသူများက ကူညီရာရောက်သည်ဟု စဉ်းစားပေးနိုင်ခြင်းမရှိကြပါ။

စီးပွားရှာခြင်းကို အလှူဒါနနှင့် သီးခြားစဉ်းစားကြသည့်အပြင် အကျိုးမျှော်ကိုးသော လုပ်ငန်းများဖြစ်၍ တစ်နှစ်တာအမြတ်ငွေထဲမှ တစ်ရက်တာယာဉ်အလွတ်အပြန်ခရီး အရှုံးစရိတ် အနည်းငယ်ကျခံပေးရန် တိုက်တွန်းပြောဆိုရန် အခက်အခဲရှိသည်ဟု အထက်ဖော်ပြပါ အယ်ဒီတာ အာဘော်ဖော်ပြမှုမှ သိရသည်။

မတ် ၂၄ ရက် အသိပေးထုတ်ပြန်ချက်အရ ပိတ်ရက်ဌာနေပြန်ကားခ ၅၀ ရာခိုင်နှုန်း တိုးကောက်ခံခွင့်ကို သက်ဆိုင်ရာမှ ခွင့်မပြုဟုသိရသည်။ သို့သော် ကားခအများစုမှာ ပုံမှန်ဈေးနှုန်းထက် များစွာပိုပေးဝယ်ယူနေရသည်။ ကားလက်မှတ်ပေါ်တွင်မူ ပုံမှန်ဈေးသာ ရေးထားသည်။ ဧပြီ ၈ ရက်ညပိုင်း ရန်ကုန်မှ အောင်လံသို့ ပုံမှန်ယာဉ်စီးခ ကျပ် ၅၅၀၀ အစား ကျပ် ၉၀၀၀ ပေး၍ စီးလာရသည်ဟု ရန်ကုန်တွင် အလုပ်လာလုပ်၍ ပိတ်ရက်ဌာနေပြန်သွားသူတစ်ဦးက ဖုန်းဖြင့်ပြောသည်။

ယာဉ်စီးခများသာမက ရေလမ်းခရီးသင်္ဘောခများပါ နှစ်စဉ်မြင့်တက်လေ့ရှိသည်။ အများပြည်သူအတွက် သင်္ကြန်ပိတ်ရက်ရှည်သည် သယ်ယူပို့ဆောင်ရေးလုပ်ကိုင်သူများအတွက် အကျိုးအမြတ်များပြားသော လုပ်ငန်းခွင်ဟုဆိုသော်လည်း အဝေးပြေးခရီးသည် ယာဉ်လိုင်းများသာ သက်ဆိုင်နေသကဲ့သို့ ရှိသည်။

အဝေးပြေးကုန်တင်ယာဉ် လုပ်ငန်းအများစုနှင့် သက်ဆိုင်ခြင်းနည်းသည်။ ကုန်တင်ယာဉ်ဂိတ်အများစုသည် ကုန်မပါယာဉ်အလွတ်(ခါလီ) ခရီးစဉ်တစ်ခြမ်းပြန်လာရသော်လည်း ကျန်ကုန်အပြည့်တင်ရသည့်ခရီးစဉ်တွင် ကုန်ပို့ကားခနှုန်းမြင့်တက်မှုမရှိပါဟု ကုန်တင်ယာဉ်ဂိတ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ **(မောင်စေအောင်)**



# ဘားအံမြို့ ရေရှားပါးသောကျေးရွာများအား သောက်သုံးရေများလှူဒါန်း

**ဘားအံ ဧပြီ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်သည် ၂၀၁၆ ခုနှစ် နွေရာသီတွင်ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုရာသီဥတုဖြစ်ပွားပြီးနောက် ကျေးရွာ ၂၀ ခန့်တွင် နွေရာသီရေရှားပါးမှုများအတွက် သောက်သုံးရေများ အလှည့်ကျ တစ်ပတ်လျှင် တစ်ကြိမ် ကျေးရွာအရောက် သွားရောက်လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၁၀ ရက်က ကျေးရွာလေးရွာအား ကျေးလက်ဦးစီးဌာနမှ တတိယအကြိမ် လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း လှုကာ၊ ဘန့်ဘွေးကုန်း၊ အလယ်ရွာ၊ ကွီးသခေါ၊ နော်ဖားဒို၊ ဝင်းဒရယ်၊ ကရင်ဖာလင်၊ ကွန်းရွာ၊ ကော့သုန်၊ ကမား၊ ဥသျှစ်ကုန်း၊ သာမညာ၊ ကော့ကျိုက်၊ တောကြီးကုန်း၊ ငနက်ပြာ၊ ရှောက်ကုန်း၊ ကော့မူးနုတ်၊ နောင်ယာဖေး၊ ကျုံဖဲ၊ ခရားအတွင်း၊ အီဟယ်ရွာကြီးနှင့် အီဟယ်ရွာလေး ကျေးရွာ စုစုပေါင်း ၂၀ သည် နွေရာသီရေရှားပါးလျက်ရှိရာ အဆိုပါနေ့က အီဟယ်ကျေးရွာ၊ ဘန့်ဘွေးကုန်းကျေးရွာ၊ လှုကာကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာများသို့ တတိယအကြိမ်အဖြစ် ရေသယ်ယာဉ်များဖြင့် ယာယီရေလှောင်ကန်များပြုလုပ်ကာ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆင်တပ်မြစ်ရေတင်ဖြင့် စနစ်ကျလယ်ယာ ၁၈၅ ဧကတွင် နွေစပါးစတင်စိုက်ပျိုး

**မုံရွာ ဧပြီ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သမဝါယမဦးစီးဌာနမှချေးငွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ တို့ဖြင့် ဖော်ဆောင်ပေးခဲ့သည့် စနစ်ကျလယ်ယာ ၁၈၅ ဧကတွင် စစ်ကိုင်းမြို့နယ် ဆင်တပ်မြစ်ရေတင်မှ စိုက်ပျိုးရေဖြင့် နွေစပါးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စနစ်ကျလယ်ယာများကို သမဝါယမဦးစီးဌာနမှ ချေးငွေ ၂၅ ဒသမ ၅ သန်းဖြင့် ၈၅ ဧက၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ သန်း ၅၀ ဖြင့် ဧက ၁၀၀ စုစုပေါင်းဧက ၁၈၀ တို့ကို ဆင်တပ်မြစ်ရေတင်ရေသောက်ဧရိယာအတွင်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တင်ဒါစနစ်ဖြင့် ခေါ်ယူဖော်ဆောင်ခဲ့ပြီး ယခုအခါ နွေစပါးများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"စနစ်ကျလယ်ယာတွေကို တောင်သူတွေ စိတ်ဝင်စားမှုနည်းသေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ၊ သမဝါယမဦးစီးဌာနချေးငွေတွေနဲ့ ဖော်ဆောင်တာပါ။ အဲဒီစနစ်ကျလယ်ယာရဲ့ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေပေါ်မှာ မူတည်ပြီး တခြားတောင်သူတွေလည်း လိုက်ပါပြီး ဖော်ဆောင်လာအောင်လို့ သရုပ်ပြတယ်လို့ ပြောရမှာပါ"ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်ရှိ ကျေးရွာငါးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် စနစ်ကျလယ်ယာ ဧက ၅၀၀၊ သမဝါယမဦးစီဌာန၏ ချေးငွေဖြင့် ၈၅ ဧက စုစုပေါင်း ၅၈၅ ဧကကို ဖော်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

**ဝန်းကျင်သာယာလှပစေဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်စို့**

ကြေးမုံ

# မယ်စဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဧပြီ ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ညွှန်ကြားရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီက မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာ၌ (၁၇)ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကို တက်ရောက်သည်။

ရှေးဦးစွာ သဘာပတိဖြစ်သူ ကယားပြည်နယ် ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါလူချမ်းက အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ဟိုစဲ့ကျေးရွာမှ ပြန်လည်ထွက်ခွာလာရာ



BP-14 မယ်စဲ့လမ်းမပေါ်ရှိ မြို့ရှောင်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့နယ် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်း၊ အထက(မယ်စဲ့)ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း၊ မြို့မကျောင်းရှေ့ရှိ အုတ်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ မယ်စဲ့မြို့ရေပေးဝေရေးလုပ်ငန်းအတွက် ရေစစ်ကန် တည်ဆောက်ခြင်းလုပ်ငန်း၊ BP-13 မယ်စဲ့လမ်းမပေါ်ရှိ မြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း၊ OSS ရုံး လျာမြေနေရာနှင့် ကြက်ခြေနီရုံး လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြား၍ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်မည်

**နေပြည်တော် ဧပြီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း Certified Pesticide Applicator (CPA) အမှတ်စဉ်(၄)ကို မေလဒုတိယပတ်တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲကကြီးမှူး၍ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

CPA လက်မှတ်မရှိသေးသော လက်လီ/လက်ကားအရောင်းဆိုင်များ၊ ပိုးသတ်ဆေးကုမ္ပဏီဝန်ထမ်းများ၊ ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုနေသူများ၊ ခြင်ဆေးခွေထုတ်လုပ်ရောင်းချသူများ၊ ဟိုတယ်၊ မိုတယ်နှင့် နေအိမ်အဆောက်အအုံခန်းမများတွင် Pest Control လုပ်ငန်း၌ ဝန်ဆောင်မှုလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် ကျေးလက်လယ်ယာလုပ်ငန်းခွင်မှ တောင်သူများ၊ ပိုးသတ်ဆေးအကြောင်းကို စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

ပိုးသတ်ဆေးများအကြောင်းနှင့် ပိုးသတ်ဆေးဥပဒေနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရန် လူနှင့်သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်း၍ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ(GAP)နှင့် အသိပညာများ တိုးတက်ရရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မောင်ဇော်**

## အများပြည်သူသို့ အသိပေးပန်ကြားချက်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ Partial Shut-down လုပ်ငန်းအား ၁၂-၄-၂၀၁၇ ရက်မှ ၁၆-၄-၂၀၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ရတနာကမ်းလွန် Shut-down ဆောင်ရွက်ခြင်းကြောင့် တစ်နိုင်ငံလုံးတွင် ဓာတ်အားထုတ်လုပ်မှု အနည်းငယ်လျော့နည်းသွားမည်ဖြစ်သော်လည်း သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ခြင်းမပြုဘဲ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# အင်ပါယာတေးဂီတအဖွဲ့နှင့် အနုပညာရှင်များ (၆)မိုင်တွင် သင်္ကြန်တွင်း ဖျော်ဖြေမည်

**မန္တလေး ဧပြီ ၁၀**

နိုင်ငံကျော်အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ အဆိုတော်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို (၆)မိုင်ရှိ ရတနာမိုးနန်းတော်ပန်းခြံတွင် သင်္ကြန်အကြိုရက်မှစတင်၍ တင်ဆက်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူထံမှ သိရသည်။

ရတနာမိုးနန်းတော် ပန်းခြံဂီတဖျော်ဖြေပွဲဟု အမည်ပေးထားသည့် အဆိုပါပွဲတွင် နိုင်ငံကျော်အဆိုတော်ဇော်ဝင်းထွဋ်၊ ရင်ဂို၊ အီတိုး၊ Melody World ဆုရအဆိုတော် လှိုင်းလေးနှင့် အနုပညာရှင်များ၊ အဆိုတော်များအပြင် မန္တလေးမြို့ပေါ်တွင် သင်္ကြန်ပွဲတော်ရက်အတွင်း ဖျော်ဖြေကြမည့် အဆိုတော်များကိုလည်း ဖိတ်ခေါ်ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခါတိုင်းနှစ်တွေမှာ ရတနာမိုးဗလာစာအုပ်က သင်္ကြန်မဏ္ဍပ်တို့၊ Show တို့လုပ်တယ်။ အင်ပါယာအဖွဲ့ကို ငှားဖြစ်တာက ကိုထွဋ်ကြီးနဲ့ အဖွဲ့ရဲ့ဖျော်ဖြေမှုတွေကို ကြိုက်လို့၊ သင်္ကြန်ကာလမှာ ကိုယ့်လူမျိုးအချင်းချင်းလည်း စျေးသက်သက်သာသာနဲ့ ဒီလိုဖျော်ဖြေပွဲတွေ၊ Show တွေကို ကြည့်စေချင်လို့ပါ။ အားလုံးကို ဖိတ်ခေါ်ပါတယ်" ဟု ရတနာမိုးကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာ မစုစန္ဒီဟိန်းက ပြောသည်။

ဒုဋ္ဌဝတီမြစ်အနီး ရဲရွာရေအားလျှပ်စစ် အသွားလမ်း (၆)မိုင်တွင်ပြုလုပ်မည့် ယင်းဖျော်ဖြေပွဲကို သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်နေ့တို့တွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိပြုလုပ်မည်ဖြစ်ကြောင်း၊ နံနက် ၉ နာရီနှင့် ၁၀ နာရီအကြား၊ ညမွန်းလွဲ ၂ နာရီနှင့် ညနေ ၃ နာရီအကြားတွင် DJ အစီအစဉ်များ၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအကြားနှင့် ညနေ ၃ နာရီမှ ၆ နာရီအကြားတွင် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ရန်လျာထားကြောင်း၊ ဥယျာဉ်



ဝင်ကြေးအား သက်သာသည့်နှုန်းထားဖြင့် ကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

"ဥယျာဉ်မှာ တစ်နေကုန်ပဲနေနေ၊ ပြန်ဝင်၊ ပြန်ထွက်ပဲလုပ်လုပ် အဆင်ပြေပါတယ်။ ဖျော်ဖြေမယ့်စင်ရှေ့မှာ မြက်ခင်းပြင်ရှိမယ်။ မြက်ခင်းပေါ်မှာ ရေပန်းတွေနဲ့ ဖျန်းပေးနေမယ်။ နားနေဆောင်လည်းရှိတယ်။ အစားအသောက်ရောင်းတဲ့ ဆိုင်တန်းရှိမယ်။ ရေကူးကန်ရှိမယ်" ဟု ပွဲတော်ကာလ နေရာစီစဉ်မှုများအား ၎င်းက ဆက်လက်ပြောသည်။

ဥယျာဉ်သည်တည်ဆောက်နေဆဲဖြစ်သော်လည်း မိတ်ဆက်သည့်အနေဖြင့် ဖျော်ဖြေပွဲအား ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ အလုံးစုံပြီးစီးပါက International Water Pound အနေဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ်ဒီဇင်ဘာတွင် ပြီးစီးနိုင်မည်ဟု ခန့်မှန်းကြောင်း၊ လက်ရှိတွင် ပေ ၄၀၀× ၁၀၀ ရေကူးကန်၊ အုတ်မြို့ရိုး၊ ဖျော်ဖြေရေးစင်မြင့်များ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ဖျော်ဖြေပွဲများကို မကြာခဏပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဥယျာဉ်က ရတနာမိုးနန်းတော်အနေနဲ့ဖွင့်မှာပါ။ တခြားနိုင်ငံတွေကိုသွားရင် အဆင့်မြင့်ရေကစားတဲ့နေရာတွေ၊ Water Pound တွေရှိတယ်။ ဒီမှာ မြန်မာလူမျိုးတွေအတွက် စျေးနှုန်းသင့်တင့်တဲ့ ဒါမျိုးမရှိသေးဘူး။ အဲဒါကို လုပ်ချင်တယ်ဆိုပြီးရည်ရွယ်လုပ်ဖြစ်တာပါ။ တကယ်လို့ အပြီးဖွင့်ဖြစ်ခဲ့ရင် International Water Pound အနေနဲ့ဖွင့်မှာပါ။ ရေအပြာပါပဲ။ လှိုင်းစီးတာတွေပါမယ်။ ကလေးတွေအတွက် ရေကူးကန်သီးသန့်ပါမယ်။ လျှောစီးတာတွေလည်းပါမယ်။ အဆင့်မြင့်စားသောက်ဆိုင်တွေလည်းပါမယ်။ ပန်းခြံနဲ့ Photo corner တွေလည်းပါမယ်။ Buggy စီးလို့ရတာတွေလည်းပါမယ်" ဟု ပန်းခြံအတွက် အကောင်အထည်ဖော်မည့်အခြေအနေကို ၎င်းက ရှင်းပြသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် ဥယျာဉ်အတွင်း ဖျော်ဖြေပွဲ လုံခြုံရေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိသော လုံခြုံရေးများစွာငှားရမ်းထားကြောင်း၊ ဒေသခံများကိုလည်း ငှားထားပြီး လုံခြုံရေးဆောင်ရွက်နိုင်အောင် သင်ကြားပေးနေကြောင်း၊ နယ်မြေခံရဲတပ်ဖွဲ့၏ ပူးပေါင်းကူညီမှုများလည်းပါဝင်ကြောင်း၊ လုံခြုံရေးကင်မရာများကိုလည်း နေရာတိုင်း တပ်ဆင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"မန္တလေးမှာလည်း ဒီနှစ်သင်္ကြန်ကို ထူးထူးခြားခြား ရိုးရာပုံစံနဲ့ လုပ်တာကောင်းပါတယ်။ ခုခေတ်မှာ အရင်တုန်းကလို သင်္ကြန်အငွေ့အသက်မရှိတော့ဘူးလေ။ သင်္ကြန်မှာရန်ဖြစ်တာက မဏ္ဍပ်ပေါ်မှာဖြစ်ဖြစ်၊ လျှောက်လည်ရင်းဖြစ်ဖြစ် အန္တရာယ်ရှိပါတယ်။ တော်ရုံတန်ရုံ သိပ်မထွက်ဖြစ်ဘူး။ လမ်းလျှောက်သင်္ကြန်ဆိုတာ ဆန်းလည်းဆန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့လုပ်မယ်ဆိုတော့ ပျော်ပါတယ်။ အားလုံးမျှော်လင့်နေပါတယ်" ဟု မစန္ဒီက မန္တလေးသင်္ကြန်အပေါ် သူမ၏အမြင်ကို ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်းကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး ဆင်နွှဲသည့် ရိုးရာသင်္ကြန်ကို ဖော်ဆောင်သကဲ့သို့ ခေတ်ပေါ်သင်္ကြန်ကိုလည်း ကျင်းပနိုင်အောင် စီစဉ်ခဲ့သည်။ ဖျော်ဖြေပွဲအစီအစဉ်များတွင် မြို့တော်သင်္ကြန်မဏ္ဍပ်နှင့် ကျုံးပတ်လည်မဏ္ဍပ်များတွင် နိုင်ငံကျော်အနုပညာရှင်နှင့် အဆိုတော်များ၊ မြန်မာမှုနှင့် ခေတ်ပေါ်ဂီတဖြင့် ဖျော်ဖြေမှုများ၊ ကျုံးမြောက်ဘက်ခြမ်းတွင် နိုင်ငံကျော် Iron Cross တေးဂီတအဖွဲ့၏ ဖျော်ဖြေမှုများ၊ မနောရမ္မံဥယျာဉ်တွင် HEAVEN BORN Band နှင့်အတူ ဝေလ၊ ထွန်းအိန္ဒြာဗိုလ်၊ ဂျီလတ်၊ ရှမ်းလေး၊ ဆုံသင်းပါရ်၊ ဟေဇယ်နှင့် အခြားအဆိုတော်များ၏ဖျော်ဖြေမှုများလည်းရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင်း ဒလ-ပန်းဆိုးတန်းကူး ချယ်ရီသင်္ဘောခရီးစဉ် အချိန်နှင့် အခေါက်ရေလျှော့၍ နေ့စဉ်ပြေးဆွဲပေးသွားမည်



**ရန်ကုန် ဧပြီ ၁၁**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းမည့် အခါသမယ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၇ ရက် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့အထိ ဒလ-ပန်းဆိုးတန်းပြေးဆွဲနေသော ခရီးသည်တင်ကူးတို့ရေယာဉ် ချယ်ရီသင်္ဘောခရီးစဉ်ကို အချိန်နှင့် အခေါက်ရေလျှော့၍နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲက သိရသည်။

Cherry ရေယာဉ်မောင်းတစ်ဦးက "သင်္ကြန်တွင်းဆိုတော့ ခရီးသည်တွေ မရှိသလောက်နည်းသွားပြီ။ သင်္ကြန်လည်မယ့်သူ ရေကစားမယ့်သူတွေပဲ သွားလာတာများတော့တယ်။ ဌာနက ညွှန်ကြားထားတဲ့အတိုင်း သင်္ကြန်ချစ်ခရီးသွားတွေ အဆင်ပြေအောင် သင်္ဘောအခေါက်ရေနဲ့ ပြေးဆွဲချိန်လျှော့ပြီး ပိတ်ရက်မရှိ ပြေးဆွဲပေးမှာပါ "ဟု ပြောခဲ့သည်။

စီးပွားရေးမြို့တော်ရန်ကုန်မြို့ပြအနီးရှိ ရန်ကုန်မြစ်တောင်ဘက်ပိုင်းမုတ်ကျွန်းဒေသဟုခေါ်သော ဒလမြို့သည် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုမြို့များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့တို့မှ ယာဉ်ငယ်၊ ယာဉ်လတ်၊ ယာဉ်ကြီး ယာဉ်လိုင်းအများအပြားက ဗဟိုပြု၍ ခရီးပြေးဆွဲခဲ့ကြပြီး ရန်ကုန်မြို့သို့ ဒလ-ပန်းဆိုးတန်းကူး Cherryကူးတို့ သင်္ဘောဖြင့် ခရီးသွားရသောဒေသဖြစ်ခြင်းတို့ကြောင့် ခရီးသွားရာ အဓိကအချက်အချာကျသော မြို့တစ်မြို့ဖြစ်ခဲ့ရသည်။

ဂျပန် - မြန်မာချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၄ ခုနှစ်က ဒလမြို့ဘက်ကမ်းရှိ ကူးတို့ဆိပ်ကမ်း၊ အဆောင်၊ အတက်အဆင်းတံတား၊ ဖောများနှင့် ယခင်ပြေးဆွဲခဲ့သော 'အနော်ရထာ'၊ 'ကျန်စစ်သား'၊ 'တပင်ရွှေထီး' အမည်ရှိ ကူးတို့ ရေယာဉ်ကြီးသုံးစင်း၏ ပုံတူCherry(1)၊ (2)၊ (3)၊ သင်္ဘောသုံးစင်းတို့ကို "NAKATANISHIP BUILDING" ဂျပန်ကုမ္ပဏီက ဂျပန်နိုင်ငံ၌တည်ဆောက်ပြီး အဆင့်မြင့်ကူးတို့ရေ ယာဉ်ဆိပ်အဖြစ် ပြန်လည်ထူထောင်ကူညီလှူဒါန်းတည်ဆောက်ပေးခဲ့ခြင်းကြောင့်လည်း ခရီးသွားများအတွက် ပိုမိုလျင်မြန်အဆင်ပြေခဲ့ရသည်။

ဒလ-ပန်းဆိုးတန်းကူး Cherry သင်္ဘောများ အခုလက်ရှိတွင် နံနက် ၅ နာရီမှ ည ၉ နာရီခွဲအထိ အခေါက်ရေ ၄၆ ခေါက် (အသွား၊ အပြန် (၉၂) ကြောင်း) ပြေးဆွဲပေးနေရာမှ အကြန်အတွင်းတွင် နံနက် ၆ နာရီတွင် ဒလဘက်ကမ်းမှ စထွက်၍ ည ၇ နာရီတွင် ပန်းဆိုးတန်းဘက်မှ နောက်ဆုံးအခေါက်ဖြင့် အခေါက်ရေ ၂၆ ခေါက် (အသွားအပြန် (၅၂) ကြောင်း) သာလျှော့၍ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်- ဆိပ်ကြီးခနောင်တို ပြေးဆွဲပေးနေသော ကူးတို့ရေယာဉ်များကိုလည်း နံနက် ၅ နာရီမှ ညနေ ၅ နာရီခွဲအထိ အခေါက်ရေ ရှစ်ခေါက် ပြေးဆွဲခဲ့ရာမှ သင်္ကြန်ကာလအတွင်း နေ့စဉ် နံနက် ၆ နာရီခွဲမှ ညနေ ၅ နာရီအထိ ခြောက်ခေါက်သာ ပို့ဆောင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - သန်းဌေး(ဒလ)**
**ဓာတ်ပုံ- စန်းဝဋ္ဋာ**



# ကချင်ပြည်နယ် မြစ်ဆုံဒေသသို့ လာရောက်အပန်းဖြေလာသော ကားကြီးတစ်စီးလျှင် ကျပ်တစ်သောင်း ဝင်ကြေးကောက်ခံနေ

**မြစ်ကြီးနား ဧပြီ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထက် တန်ဖရဲရွာဟောင်းအလွန်တွင် တည်ရှိနေသော မေခ၊ မလိခမြစ် ပေါင်းဆုံ၍ ဧရာဝတီမြစ်၏ အစဖြစ်သော မြစ်ဆုံဒေသသည် မြန်မာပြည်၌ အလွန်ကျော်ကြားသောဒေသတစ်ခုဖြစ်သည်။ သဘာဝဝန်းကျင်အလှနှင့် ပြည့်စုံသော မြစ်ဆုံဒေသသို့လာရောက်ပြီး အပန်းဖြေသူများစွာရှိကြသည်။

ယခုအခါ မြစ်ဆုံဒေသသို့ လာသော ခရီးသွားကားများအပေါ်တွင် ဝင်ကြေးကောက်ခံမှု ဈေးနှုန်းများမြင့်တင်နေမှုကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်များစွာ ကြုံနေရကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြစ်ကြီးနားမြို့ စည်ပင်သာယာအဖွဲ့မှ မြစ်ဆုံဒေသ အပန်းဖြေစခန်းအတွက် ဆိုင်ကယ်၊ ယာဉ်ရပ်နားခွင့်ကောက်ခံခွင့်၊ ဗီဒီယိုကင်မရာခွန် ကောက်ခံခွင့်၊ ဈေးကောက်ခံခွင့်နှင့် သန့်စင်ခန်းကောက်ခံမှုနှုန်းထားများ ရေးကပ်ထား၍ ကောက်ခံရာတွင် အပန်းဖြေလာသော ကားကြီးတစ်စီးအတွက် ကျပ်တစ်သောင်းနှင့် ဒိုင်နာကဲ့သို့ ကားလတ်မျိုးကို ကျပ်ငါးထောင်၊ အိမ်စီးကားငယ်များကို ကျပ်တစ်ထောင်၊ ကောက်ခံသည်မှာ များလွန်းကြောင်း ဒေသခံများထံမှ ကြားသိရသည်။

မြစ်ဆုံဒေသရှိ သာသနာ့ငါးထောင်စိစေတီတော်မြတ်ကြီးတွင် နေ့စဉ်သွားလာပြီး သာသနာရေးကိစ္စ ဆောင်ရွက်နေသူ ဦးအောင်မင်းသူက "အရင်က ဒီနေရာမှာ ပိုက်ဆံမကောက်ဘူး။ ဒီနှစ်မှစပြီးကောက်တာ။ ကားကြီးနဲ့လာပြီး ဘုရားဖူးသူတွေဟာ ကားတစ်စီး ကျပ်တစ်သောင်းဆိုတော့ များလွန်းတယ်။ တစ်သောင်းပေးပြီးပါပြီ။ ကျပ်တစ်သောင်းနဲ့ ထိုက်တန်တဲ့ ဝန်ဆောင်မှု ဘာပြန်ပေးသလဲ။ ဘာမှပြန်မပေးဘူး။ မြစ်ဆုံဘုရားကိုလာဖူးတဲ့ ကားသုံးစီးဟာ ဘုန်းကြီးကျောင်းမှာ တစ်ညအိပ်လာတာ ဝင်ကြေးသုံးသောင်းကျပ်ပေးရတာ ဖြစ်သင့်သလား။ တခြားနေရာ မကောက်ဘဲ ဘုရားနားလာကောက်တော့ ဘုရားလာဖူးသူတွေ စိတ်အနှောင့်အယှက်ဖြစ်ရတယ်"ဟု ပြောသည်။

မြစ်ကြီးနားဘူတာအနီး နေထိုင်သူ ဦးထွန်းဝင်းကလည်း "စည်ပင်က လေလံပစ်တယ်။ လေလံကြေးကသိန်း ၂၀ ပဲရှိတယ်လို့ကြားတယ်။ ဝင်ကြေးကတော့ မြန်မာပြည်မှာ အမြင့်ဆုံး ပြောရမယ်။ မန္တလေး-ရန်ကုန်လမ်းတစ်လျှောက် ကားနဲ့သွားခဲ့တာ လမ်းကြေး ကျပ် ၄၅၀၀ ပဲ ကျတယ်။ ဒီဂိတ်တစ်ခုတင် ကျပ်တစ်ထောင်ပေးရတယ်။ အဲလိုကောက်ခံပြီး မြစ်ဆုံဒေသအတွက် အလှအပ ပြုပြင်တာဘာမှမရှိဘူး။ ဘုရားနားလာကောက်တော့ ဘုရားဖူးလာသူက ပိုက်ဆံပေးပြီးမှ ဘုရားဖူးရသလိုဖြစ်နေတယ်။ မဖြစ်သင့်ပါဘူး။ မြစ်ဆုံဒေသအတွက် ဘာမှမလုပ်ပေးဘဲ ဒီလိုကောက်ခံခွင့်ကို မပေးသင့်ဘူးထင်တယ်" ဟု ပြောသည်။

**(အေးလွင်)**

# ရန်ကုန်ဆိပ်ကမ်း ရေလမ်းခရီး ဘေးရန်ကင်းရေး ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၁၁**

ဧပြီ ၇ ရက် ညနေ ၆ နာရီ ဝန်းကျင်ပုသိမ်မြို့ ဥမ္မာဒန္တီဆိပ်ကမ်းအနီး ရေလယ်တွင် ခရီးသည် ၅၀ ကျော်တင်ဆောင်၍ ဆိပ်ကမ်းမှ ခွာလာသော စက်လှေနှင့် ငဝန်မြစ်အတိုင်း အထက်မှ ဆင်းလာသော ကျောက်တင်သင်္ဘောတို့ ရေလယ်တွင် တိုက်မိရာမှ စက်လှေပေါ်ပါ ခရီးသည် ၂၀ သေဆုံးပြီး ခရီးသည် ၃၀ အား ကယ်ဆယ်နိုင်ခဲ့သည်ဟု မီဒီယာများက ဖော်ပြခဲ့သည်။

ရေလမ်းခရီးများတွင် မကြာခဏ ရေယာဉ်မျိုးစုံနစ်မြုပ်မှုအချို့ရှိခဲ့ရာတွင် ခရီးသည်နှင့် ရေယာဉ်လုပ်သားအချို့ သေဆုံးမှုများရှိခဲ့သည်။ သို့ဖြစ်ရာ ရေလမ်းခရီးများတွင် ရေယာဉ်မျိုးစုံ ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေး သက်ဆိုင်ရာက စစ်ဆေးပေးလျက်ရှိသည်ဟု သိရသည်။

၂၀၁၅ နှစ်ဦးပိုင်းတွင် အောင်တံခွန် ခရီးသည်တင်ရေယာဉ်နစ်မြုပ်မှုကြောင့် ခရီးသည် အများအပြား သေကျေခဲ့ရဖူးသည်။ ယင်းဖြစ်စဉ်ကြောင့် ရန်ကုန်ဆိပ်ကမ်း အပါအဝင် အခြားနေရာ အများအပြားတွင် ပြေးဆွဲနေသော ရေယာဉ်မျိုးစုံကို သက်ဆိုင်ရာမှ အလေးပေး စစ်ဆေးပေးခြင်းရှိခဲ့သည်။

၂၀၁၅ သင်္ကြန်မတိုင်မီ မတ်လလယ် နောက်ပိုင်းမှစ၍ မြစ်ဝကျွန်းပေါ် ဒေသသွား ခရီးသည် တင်ရေယာဉ်များ၏ ကိုယ်ထည်ကြံ့ခိုင်မှု ခွင့်ပြုထားသော ရေယာဉ်လိုင်စင်လုပ်ငန်း လိုင်စင်အပါအဝင် ရေယာဉ်အုပ် စခန်းအုပ်တို့၏ သက်မှတ်ချက် အရည်အချင်းပြည့်မီသော လက်မှတ်များရှိ၊ မရှိတို့ကို အလေးထား စစ်ဆေးခဲ့သည်။

လူ စီးကုန်တင် နှစ်ထပ် ရေယာဉ်အချို့၏ ကိုယ်ထည်သံပြားအထူမှာ သက်မှတ်အထူမရှိသဖြင့် အသစ်လဲလှယ်မှုများရှိခဲ့သည်။ ရေယာဉ်ပေါ်တွင် လိုက်ပါနိုင်သည့် ခွင့်ပြုခရီးသည် အရေအတွက်အတိုင်း အသက်ကယ်အင်္ကျီများပြည့်စုံစွာ ထားရှိရေးကိုပါ အလေးထားစစ်ဆေးခဲ့သည်။ နှစ်ထပ်ရေယာဉ် အချို့၏ ခေါင်မိုးပေါ်တွင် ခရီးသည်များ လိုက်ပါနိုင်ရန် ပြုလုပ်ထားသည်များကိုလည်း ဖျက်သိမ်းစေခဲ့သည်။

ကားလမ်းအသုံးပြုများလာသောကြောင့် ရေလမ်းခရီးအသုံးပြုမှု နည်းလာသဖြင့် ရေယာဉ်စီး ခရီးသည်အရေအတွက်မှာ ရေယာဉ်အများစုတွင် လိုက်ပါမှု နည်းလာသည်။ ကုန်ပစ္စည်း အထူးသဖြင့် ဆန်အိတ်များ အလုံးအရင်း တင်ဆောင်သည်ကို မြင်တွေ့ရသည်။ ရန်ကုန် ဆိပ်ကမ်းတွင် ဝန်တင်မျဉ်းထက် မြုပ်အောင်တင်မှု အချို့မြင်တွေ့ရတတ်သည်။ လိုအပ်ချက်ကြောင့် ပုံမှန် ခရီးစဉ်တွင် ခရီးသည်ဦးရေ ၂၀၊ ၃၀ ဝန်းကျင်သာ လိုက်ပါစီးနင်းလေ့ရှိသော်လည်း ဌာနေပြန် ခရီးသည်စီးနင်းမှုများပြားသော သင်္ကြန်ပိတ်ရက်မတိုင်မီ ယခုရက်ပိုင်းများတွင် ခရီးသည်လိုက်ပါမှု များပြားလာသည်။ ပုံမှန်ထက် ၁၀ ဆ ဝန်းကျင် များပြားလာတတ်သော လူစီးကုန်တင် နှစ်ထပ်ရေယာဉ် အချို့နှင့်အတူ ပုံမှန်ခရီးသည် လိုက်ပါမှု များပြားနေဆဲရှိသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီးများတွင် ခွင့်ပြုလိုက်ပါနိုင်သည့် ခရီးသည် အရေအတွက် များပြားလာလေ့ရှိသည်။

နံနက်ပိုင်းထွက်ခွာသော ရှပ်ပြေး တစ်ထပ် ရေယာဉ်များတွင် ခေါင်းမိုးပေါ် ခရီးသည်တင်ဆောင်တတ်မှုနှင့် ပတ်သတ်၍ ၂၀၁၅ ခုနှစ် ဝန်းကျင် မီဒီယာတစ်စောင်တွင် နိုင်ငံသိ စာရေးဆရာတစ်ဦးက ထုတ်ဖော်ရေးသားခဲ့ဖူးသည်။ ကားလမ်းခရီးများတွင် ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သေဆုံးရမှုနှုန်းထက် ရေလမ်းခရီးတွင် ရေယာဉ်နစ်မြုပ် တိုက်မိသည့် ဖြစ်စဉ်များကြောင့် ထိခိုက်သေဆုံးရမှုသည် ပိုမိုများပြားလာတတ်ရာ ရေယာဉ်များအပေါ် စည်းကမ်းတကျ မောင်းနှင်နိုင်ရန်အလေးထား စစ်ဆေးပေးရန် လိုအပ်နေသည်ဟု ရေယာဉ် ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်သူ ဦးမော်က ပြောသည်။

ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ၃ ရက် အတွင်း ရန်ကုန်ဆိပ်ကမ်းမှ မြစ်ဝကျွန်းပေါ် ဒေသသို့ ထွက်ခွာမည့် ပြည်တွင်းရေကြောင်း အပါအဝင် ပုဂ္ဂလိကပိုင် ခရီးသည်တင် ရေယာဉ်များကို ရေလမ်းခရီးဘေးကင်းစွာ သွားလာနိုင်ရေးအတွက် အလေးထားစစ်ဆေးပေးစေလိုသည်ဟု မြစ်ဝကျွန်းပေါ်ဒေသမှ ရေလမ်းခရီးဖြင့် သွားလာနေသူ ကိုလှစိုးက ပြောသည်။

**မောင်စေအောင်**

■

# လမြတ်ကဆုန်ဗုဒ္ဓနေ့နှင့်ပွဲခါညောင်ရေ

မြန်ဂုဏ်ဆောင်

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဒုတိယလကမ္ဘာ့ ပြက္ခဒိန်တွင် မေလဖြစ်သော ကဆုန်လသည် 'ကဆုန် နယုန် လေရူးသုန်' စကားအရ အနောက်တောင်မုတ်သုံလေ၏ တိုက်ခတ်မှုနှင့်အတူ အပူဒဏ်က ပြင်းလှသည်။ 'ကဆုန် နယုန် ဆွေ့ဆွေ့ခုန်' ဆိုးရိုးအတိုင်း ပူပြင်းသောနွေ၏ ဒဏ်ကြောင့် ခရမ်းလွန်ရောင်ခြည် လှိုင်းများနှင့်အတူ အပူရှိန်ကနေရာတိုင်း မြင့်မားနေသည်။

ရှေ့မိရှေ့ဖတို့၏ ဆိုးရိုးအရ 'တန်ခူးရေကုန် ကဆုန်ရေခန်း'၊ 'တန်ခူးရေကုန် ကဆုန် ရေစစ်'၊ 'ကဆုန်လတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့' (ကဝိလက္ခဏာ သတ်ပုံကျမ်း) အရ မြစ်ချောင်းအင်းအိုင်တို့တွင် ရေခန်းခြောက်၍ သောက်ရေ၊ သုံးရေခွျေတာသုံးနေကြရသည်။ 'မိုးသားကျူးစ ကဆုန်လ' ဟူ၍ ဆိုစမှတ်ပြုသော်လည်း မိုးကမရွာ 'ကဆုန် နယုန် ဆွေ့ဆွေ့ခုန်' ရအောင် သဘာဝပတ်ဝန်းကျင်က ဖောက်ပြန်နေပြီ. . . .။

'ကဆုန်' ဟူသော စကားအသုံးအနှုန်းကို ပုဂံခေတ်က 'ကုဆုန်၊ ကူဆန်၊ ခုဆန် 'စသည်ဖြင့် သုံးနှုန်းခေါ်ဝေါ်ခဲ့ကြောင်း ပုဂံခေတ်ကျောက်စာများ၌ မှတ်တမ်းတွေ့ရသည်။ ကာလရွေ့လျားရာမှ မြန်မာပြက္ခဒိန်နှစ်တွင် 'ကဆုန်' ဖြစ်လာသည်။

ရှေးပညာရှိတို့'ကံ ဥဒကံ ကဆိန္ဒတီတိ၊ ကဆိန္ဒ' ဟူ၍ ဝိဂြိုလ် ပြုခဲ့ကြသည်။ ယောမာသော= အကြင်'လ'သည်၊ ကံ ဥဒကံ=ရေကို ကဆိန္ဒ=ဖြတ်တက်၏။ ဣတ္တိသ္မာ=ထို့ကြောင့် ၊ ကဆိန္ဒ=ကဆုန်လ ခေါ်ကြောင်း အနက်တွင်ဆိုကြသည်။ ပုဂံခေတ် ကျောက်စာများတွင် 'ခုဆုန်၊ ခူးဆုန်၊ ကူးဆုန် ' ဟူ၍ အမျိုးမျိုးရေးထိုး မှတ်တမ်းပြုခဲ့ကြသည်။

'ရေ' မှာ ရေကိုပြောပြီး ဆုန်မှာ သွန်းလောင်းခြင်း၊ ပက်ဖျန်းခြင်းကိုအနက်ပေးကြောင်း ဆရာကြီး ဦးဖိုးလတ်က ညွှန်းဆိုခဲ့သည်။

ကဆုန်လမှာ ပြိဿရာသီ၌ အကျုံးဝင်သည်။ အဘိဓာန်ကျမ်းတွင် ပြိဿဟောအနက် များစွာ တွေ့ရသည်။ ဗသဘော-တ-ပုရိ-သော-ရဘေယ တို့မှာ ပြိဿ၏အနက်များပင်ဖြစ်သည်။

ပြိဿမှာ နွားလားဥဿဘ ဖြစ်ရာ နွားတို့ ကြိုက်နှစ်သောရာသီ၊ နွားနှင့် အဆင်းသဏ္ဍာန် တူသောရာသီ ဥတုဟု အနက်ဖွင့်ဆိုနိုင်သည်။ ပြိဿရာသီကောင်းကင်၌ လမင်းနှင့် ဝိသာခါနက္ခတ်တို့ ယှဉ်ပြိုင် ထွန်းလင်းကြသည်။

**'စကားဝါနံ့သင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ၊**
**တိမ်ဗွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ'**
**'စုံကန္တာ ဟေမာမြိုင်ထဲ၊ ရွှေကျေးပျံသင်လို့၊**
**စံပျော်ရွှင်ဟိုသည်ကူးကြတယ်၊ မြူးကြစမြဲ။'**
**(ဆရာတော် ဦးမင်း)**

ဝေါဟာရတ္ထပကာသနီကျမ်းတွင် 'ယောမသော အကြင်လသည်၊ ကံဥဒကံ-ရေကို၊ ဘိန္ဒိဟိ-ဖြတ်တက်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ သောမာသော-ဆိုလသည်၊ ကဆိန္ဒ-ကဆုန်မည်၏' ဟူ၍ ကဆုန်လကို ဖွင့်ဆိုသည်။

တိဗက်၊ တရုတ်၊ ထိုင်းဘာသာအရ'က'သည်'ရေ' ဟူ၍ လည်းကောင်း၊ 'ဆုန်'သည် ရှမ်း၊ ကချင်၊ တရုတ်ဘာသာအရ'သွန်းခြင်း၊ လောင်းခြင်း' ဟူ၍ လည်းကောင်း အနက်ဖွင့်ဆိုနိုင်သည်။

'ကဆုန်လ'ကို 'ရေသွန်းလောင်းသောလ' ဟူ၍ မှတ်ယူကြသည်။

**'စကားဝါငုံသင်းလို့၊ ကြယ်မင်းတဲ့ဝိသာခါ၊ တိမ်ဗွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ၊ စုံကန္တာဟေမာမြိုင်ထဲ၊ ရွှေကျေးပျံ့သင်းလို့၊ စံပျော်ရွှင်သည် ဟိုကူးလို့ငယ်၊ မြူးကြစမြဲ'**
**(ဖိုးသူတော် ဦးမင်း)**

ကဆုန်လကို ပြိဿရာသီဟုဆိုသည်။ စန်းပြည့်နက္ခတ်မှာ ဝိသာခါနက္ခတ်ဖြစ်သည်။ တံငါတာရာ ယှဉ်သည်။ နွားထီးရာသီရုပ်ဖြစ်သည်။ ဝန်းကျင်၌ စကားဝါပန်းများပွင့်ဖူးသည်။

'တမာလည်းနု၊ ကျေးလည်းဥ၊ တမာလည်းရင့်၊ ကျေးလည်းလွင့်' ဟူသော ဆိုရိုးစကားအတိုင်း ကဆုန်လတွင် ကြက်တူရွေးငှက်၊ ဥဩငှက်တို့ ပေါက်ကြသည်။

မြတ်ဗုဒ္ဓသည် ဘုရားမဖြစ်မီ ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်တော်မူရာ (၆) နှစ် ကြာသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ မိုးသောက်ယံတွင် အလောင်းတော်သည် ဥရုဝေဠတောအုပ် ညောင်ပင်ရင်း၌ မဟာသေနသူဌေးကြီး၏သမီး သုဇာတာ ရွှေခွက်ဖြင့် ဆက်ကပ်လှူဒါန်းသော ဃနာနို့ဆွမ်း ၄၉ လုတ်ကို ဘုန်းပေးတော်မူသည်။ ဘုန်းပေးပြီးနောက် 'ယနေ့ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာဆန်တက်ပါစေသား'ဟု အဓိဋ္ဌာန်လျက် ရွှေခွက်ကို မျှောလိုက်ရာ ရေညာဆန်တက်သွားသည်။

အင်ကြင်တော၌ နေ့အခါတရားဓမ္မဖြင့် စိတ်သန့်စင်စွာနေထိုင်တော်မူသည်။ ညချမ်း ဗောဓိညောင်ပင်ရှိရာသို့ ကြွလမ်းရာ မြတ်ရိတ်ပုဏ္ဏားသောတ္ထိယ လှူဒါန်းသော မြက်ရှစ်ဆုပ်ကို အဖျားမှကိုင်ကာ ကြဲဖြန့်တော်မူသည်။ မြတ်အသွင်ပျောက်ကာ ၁၄ တောင်ပမာဏရှိသော အပရာဇိတရွှေပလ္လင်ကြီး ပေါ်ပေါက်လာသည်။ ဘုရားအလောင်းက အရှေ့လောကဘက်သို့ မျက်နှာမူလျက် 'ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထ' ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ထက်ဝယ်ဖွဲ့ခွေနေတော်မူသည်။ ဝဿဝတီနတ်ပြည်မှ မာရ်နတ်က လက်နက်ဗိုလ်ပါဖြင့် ပလ္လင်လုရန်ကြံသည်။

**'တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍ ၊ ခါတောတဖုံ၊**
**ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊**
**ပလ္လင်ဗွေထက်၊ ရွှေညောင်တောကြီး၊ ဗိမ္ဗာန်ထီးနှင့်**
**မငြီးကြည်ဖြူ နေတော်မူသည်'**
**(လယ်တီဆရာတော်ဘုရားကြီး)**

ဝေဿန္တရာမင်းဘဝက ပါရမီဖြည့်ခဲ့သော ဘုရားအလောင်းတော်သည် ခန္တီပါရမီဖြင့် မတုန် မလှုပ်ဘဲ ပလ္လင်ထက်၌ ထိုင်တော်မူပြီး အာနာပါန ကမ္မဋ္ဌာန်းအားထုတ်တော်မူသည်။ အနုလုံ ပဋိလုံ ဆင်ခြင်သုံးသပ်ရာ ညဦးယံ၌ ပုဗေ-နိဝါသဉာဏ်၊ သန်းခေါင်းယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ် ရတော်မူပြီး ၁၀၃-ခုနှစ် ကဆုန်လပြည့် ၊ ဗုဒ္ဓဟူးနေ့ အရုဏ်တက်၌ ဘုရားဖြစ်တော်မူသည်။

'ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ သောဏ္ဍ ဗုဒ္ဓဟေ' ဆိုသည့်အတိုင်း ဖွားဖက်တော်ခုနစ်ပါးတွင်ပါဝင်သော ညောင်ဗုဒ္ဓဟေ(ဗောဓိပင်)သည်လည်း ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်ခဲ့သည်။

'ဗျာဒိတ်-ဖွားမြင်-ဘုရားရှင်-စံဝင်နိဗ္ဗာန်နန်း'ဟူ၍ စာဆိုတို့က မှတ်သားခဲ့ကြသည်။ မြတ်ဗုဒ္ဓအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာထံ၌ နိယတဗျာဒိတ်ခံယူသည်။ အလောင်းတော် သိဒ္ဓတ္ထကိုဖွားမြင်သည်။ ဖွားဖက်တော် ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေခုနစ်ဖော်ကို ဖွားမြင်တော်မူသည်။ ကာဠူဒါယီအမတ်၊ ယသော်ဓရာမင်းသမီး၊ ညီတော်အာနန္ဒာ၊ မြင်းမြီးဆွဲ မောင်ဆန်၊ စီးတော်မြင်း ကဏ္ဍက၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့သည် ကဆုန်လပြည့်မှာ ပေါ်ပေါက်ကြသည်။

သစ္စာလေးပါး မြတ်တရားကိုသိမြင်၍ သဗ္ဗညုတရွှေဉာဏ်ရှင်အဖြစ်ခံယူပြီး ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို အောင်မြင်တော်မူသည်။ မဟာပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ကဆုန်လပြည့်၊ ဗုဒ္ဓအခါတော်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပကြသည်။ ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားသော မှတ်တိုင်သစ်များကို မြန်မာလူမျိုးများက အသက်နှင့်ဆက်၍ ဆက်၍ စိုက်ထူခဲ့ကြသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်မှ စတင်၍ ရှေးမြန်မာတို့ကျင်းပသော သမိုင်း အထောက်အထားများရှိသည်။

**'စကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊**
**နွေလဆန်းဆန်းလေဦး၊ဝတ်ဆံ ရွှေသား၊ စံကားပွင့်လှဦး'**
**(ပြည်မင်းမျက်နှာရှည်ကာချင်း)**

ကဆုန်လပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏အမွေ စေတီလေးပါးတွင် ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်း၍ မြတ်ဗုဒ္ဓ၏ ဆုံးမဩဝါဒများကို အပြည့်အဝခံယူပြီး ကျင့်ကြံပွားများ ကြသည်။

မြတ်ဗုဒ္ဓ၏ နောက်ဆုံးဩဝါဒက 'အပ္ပမာဒေန သမ္ပာဒေထ - သင်တို့သည် မမေ့မလျော့၊ မပေါ့မဆကြနှင့်' ဟူ၍ ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ထေရဝါဒဗုဒ္ဓသာသနာတော်၏ ဖြစ်စဉ်များကို အရိယာသံဃာ၊ သာသနာ့ထီးတော်ရိပ်အောက်မှ သာသနာ့ဝန်ထမ်း၊ ပုထုဇဉ်ပညာရှင်များ၊ သဒ္ဓါကြည်လင်ပါရမီရှင်များအားလုံးက ထူးကဲလေးနက်သော နေ့ရက်အဖြစ် ဂုဏ်တင်ကြသည်။

'ဖွားမြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်လပြည့်ကြုံ'

မြတ်ဗုဒ္ဓကို နီပေါနိုင်ငံ လုမ္ဗိနီသာမော အင်ကြင်းတောတွင် 'ကဆုန်လပြည့်နေ့'၌ ဖွားမြင် သန့်စင်တော်မူပြီး ဉာဏ်တော်သုံးပါးကိုပိုင်ဆိုင်သော၊ အတုမရှိသော သဗ္ဗညုဘုရားအဖြစ် ခံယူတော်မူသည်မှာလည်း 'ကဆုန်လပြည့်နေ့' ပင်ဖြစ်သည်။

အိန္ဒိယပြည် ဗုဒ္ဓဂါယာတွင်ရှိ ဗောဓိပင်ကိုင်း၊ ဗောဓိပင်အစေ့ကိုယူ၍ မြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်စိုက်ပျိုး ပူဇော်ခဲ့ကြသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် (သက္ကရာဇ်-၁၁၆၈ ခုနှစ်)၌ ပိဋကတ်တော်နှင့် လောကီကျမ်းများကိုရေးကူးရန် အိန္ဒိယပြည်သို့ သံတမန်စေလွှတ်မှုနှင့် မဟာ ဗောဓိပင်ကြီး၏ အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးများ၌ ဖော်ပြခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်တွင် ၁၉၀၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်တို့၌ အိန္ဒိယမှ မဟာဗောဓိပင် ကိုင်းပွားများယူဆောင်၍ စိုက်ပျိုးခဲ့ကြောင်းသိရသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို မြတ်ဗုဒ္ဓဝါတော် ၁၇ ဝါ၊ မဟာသက္ကရာဇ် ၁၃၀ ခုနှစ်က သာဝတ္ထိမြို့ ၊ ဇေတဝန်ကျောင်းဝင်းရှိ အာနန္ဒာဗောဓိပင် ၌ ညောင်ရေသွန်းလောင်းခြင်းမှ စတင်ခဲ့ကြောင်း မှတ်တမ်းတွေ့ရသည်။

ကမ္ဘာ့အသိအမှတ်ပြု ကမ္ဘာ့စံတော်ဝင် မဟာဗောဓိပင်လေးပင်တွင် မူလဗုဒ္ဓဂယာ မဟာ ဗောဓိပင်ပါဝင်သည်။ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်သည် မြတ်ဗုဒ္ဓဖွားမြင်စဉ် တစ်ပြိုင်နက် ပေါ်ပေါက်လာသည်။ သဗ္ဗညုတရွှေဉာဏ်တော်ကို အဆိုပါညောင်ပင်ဗုဒ္ဓပင်၌ ရရှိတော်မူ ခဲ့သည်။

ရဟန္တာစိုက်ပျိုးတော်မူသော မဟာဗောဓိပင် သုံးပင်တွင် အာနန္ဒာဗောဓိပင်ကို မြတ်ဗုဒ္ဓ၏ခွင့်ပြုချက်အရ အရှင်မဟာမောဂ္ဂလန်က ဗုဒ္ဓဂယာမဟာဗောဓိပင်၏အသီးမှည့်ကို ကောင်းကင်ခရီးမှ ယူဆောင်ပြီး အရှင်အာနန္ဒာ အကြီးအမှူးပြုကာ စိုက်ပျိုးခဲ့သည်။

သင်္ဃမိတ္တာဗောဓိပင်(သျှရီဗောဓိပင်)ကို ပိဋကလိပုတ် (ပတ္တနား)ပြည့်ရှင်ဘုရင် သီရိဓမ္မာသောက မင်းကြီး၏ အမိဋ္ဌာန်တော်ဖြင့် ဗုဒ္ဓဂယာ မဟာဗောဓိပင်ကြီး၏ တောင်ကိုင်း (ဒက္ခိဏသာခါကိုင်း)ကို ပင့်ဆောင်တော်မူပြီး သမီးတော် သင်္ဃမိတ္တာ ရဟန္တာထေရီမအား သီရိလင်္ကာပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီးထံသို့ ပို့ဆောင်ကာ သီရိလင်္ကာနိုင်ငံ အနုရာဓမြို့တွင် စိုက်ပျိုးခဲ့သော မဟာဗောဓိပင်ဖြစ်သည်။

ရှင်အရဟံ မဟာဗောဓိပင်ကို မြန်မာနိုင်ငံ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြောက်ဘက် ၁၈ မိုင်ခန့်အကွာရှိ ပင်းမြို့ဟောင်းတွင် ကောဇာသက္ကရာဇ် ၄၂၅ ခုနှစ်က ဓမ္မဒဿီဘွဲ့ခံ ရှင်အရဟံ ရဟန္တာမထေရ်မြတ်ကိုယ်တော်တိုင် စိုက်ပျိုးတော်မူခဲ့သည်။ ရဟန္တာမထေရ်မြတ်က အိန္ဒိယနိုင်ငံ၊ ဂယာမြို့အနီးရှိ မဟာဗောဓိပင်ရှိရာသို့ ကောင်းကင်ခရီးဖြင့်ကြွပြီး သစ္စာအဓိဋ္ဌာန်ပြုရာမှ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတော်ကိုင်းကို ရရှိတော်မူ၍ မြန်မာပြည်သို့ ကောင်းကင်ခရီးဖြင့် ပင့်ဆောင်တော်မူခဲ့သည်။

အံ့ဖွယ်ဂုဏ်အင်များစွာဖြင့်ပြီးပြည့်စုံသော ဗောဓိပင်များသည် မြတ်စွာဘုရားအဆူဆူ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ မဟာဗောဓိပင်၏ မြတ်သောဂုဏ်ကျက်သရေများဖြင့် ပြည့်စုံသည်။

မဟာဗောဓိပင်သည် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ၏ ဖွားဖက်တော်ဖြစ်ခြင်း၊ ဘုရားတစ်ဆူပွင့်တော်မူရာ တစ်ပင်တည်းသာဖြစ်ခြင်း၊ ဘုရားတိုင်းက ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ မာရ်ငါးပါးကိုအောင်မြင်တော်မူခြင်း၊ အတွင်းရန်၊ အပြင်ရန်၊ ကိလေသာရန်ဓာတ်တို့ကို အကြွင်းမဲ့ ပယ်သတ်ရာဌာနဖြစ်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဖြတ်တောက်ရာဌာနဖြစ်ခြင်း၊ သစ္စာလေးပါး အမှန်တရားကို ဆရာ မကူ သယမ္ဘူဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်မြတ်တို့ ရတော်မူရာဌာနဖြစ်ခြင်း၊ သဗ္ဗညုတဉာဏ်တော်မြတ် ရတော်မူရာ ဌာနဖြစ်ခြင်း၊ အနေဇာတိ သံသာရံ အစရှိသော ဥဒါန်းကျူးရင့်တော်မူရာဖြစ်ခြင်း၊ ပလ္လင်္ကသတ္တာဟ ပထမဗောဓိအောင်မြေဌာနဖြစ်ခြင်း၊ ပထမသတ္တာဟအပြီး ရေမီးအစုံစုံသော တန်ခိုးပြာ ဋိဟာစတင်ပြတော်မူရာဌာနဖြစ်ခြင်း၊ ဘုရားရှင်တိုင်း မစွန့်ပယ်အပ်သော အဝိဇယိက လေးဌာနအနက် တစ်ဌာန ဖြစ်ခြင်း၊ 'ဖွား-ပွင့်-ဟော-စံ' ဟူသော သံဝေဇနိယ လေးဌာနအနက် တစ်ဌာနဖြစ်ခြင်း၊ မြတ်ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ် ကိုယ်တော်နှင့်မခြား အလားတူ ပူဇော်ခွင့်ရခြင်း၊ မြတ်ဗုဒ္ဓ အမြဲသီတင်းသုံးစံမြန်းတော်မူစဉ် ရှိခိုးပူဇော်ထိုက်သော ဌာနဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ အသုံးအဆောင်ကို ဘောဂစေတီထိုက်ခြင်း၊ မြတ်နိဗ္ဗာန်ရောက်သည်အထိ ဌာနဗလ အား ကောင်းသောနေရာဌာနဖြစ်ခြင်းစသည့် ဂုဏ်ကျက်သရေများက မဟာဗောဓိပင်တွင် တည်မှီနေပါသည်။

အတွေးအဖုံဖုံဖြင့် စာဆိုတို့က ကဆုန်လနှင့်ဆက်နွှယ်၍ စာပေရသခံစားပြီး အမြင်အမျိုးမျိုးဖြင့် ဖွဲ့နွဲ့ကြသည်။

**'ပွဲခါညောင်ရေ သွန်းမြဲပေတည်း၊ ရိုသေထိုက်စွာ၊**
**ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆု ယူလိမ့်'**
**(လက်ဝဲသုန္ဒရအမတ်ကြီး၏ရတု)**
**'ရော်ရင့်လျှော၍၊ ရွက်ကျောနုလွန်၊ ရွက်သစ်ပြန်**
**တည်၊ ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊**
**တပျံ့ပျူးပျူး၊ မင်းလွင်မြူလျက်၊ တန်ခူးလည်းကုန်၊**
**လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်၊ ချွန်းချွန်းတည်း'**
**(အရှင်အဂ္ဂသာမိ၏ ဘုံခန်းပျို့)**

ရှေးထီးနန်းခေလေ့အရ မြန်မာ့ရွှေနန်းတော်မှ နန်းတွင်းသူ၊ နန်းတွင်းသားတို့က တိုက်ပွဲမှ တရားသော စစ်ကိုဆင်နွှဲပြီးပြန်လာကြသော စစ်သည်ရဲမက်တပ်မကြီးကို 'အောင်ပါစေ သပြေပန်းနှင့်၊ ရေချမ်းကိုလောင်း၊ သွန်းလောင်းညောင်ရေ၊ အောင်ပါစေ'ဟူ၍ ဆုတောင်းကာ စစ်ပွဲပြန်များကို ကြိုဆိုခဲ့ကြသည်။

ဤသည်ကို-

**'သပြေပန်းနှင့်၊ သွန်းလောင်းညောင်ရေ အောင်ပါ**
**စေဟု၊ အောင်ဇေယျတု၊ အောင်ကြေးရှု၍၊ ရုံးစုမပျက်၊**
**ငြိမ့်ငြိမ့်ထွက်သည်၊ အုတ်ကျက်သဘင်၊ တစ်ပွဲတည်း'။**
**(မုံရွေးဇေတဝန်ဆရာတော် ၏ ကုသပျို့)**

လမြတ်ကဆုန်၏ထူးခြားချက်များကား အလောင်းတော် သုမေဓာသည် ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့သောလ၊ အလောင်းတော်မင်း ဖွားမြင်သောလ၊ တောထွက်တော်မူသောလ၊ သစ္စာလေးပါးကို သိမြင်၍ ဘုရားဖြစ်တော်မူသောလ၊ ပရိနိဗ္ဗာန်စံဝင်သောလ၊ ဗောဓိပင်မြတ်ကို ညောင်ရေသွန်းလောင်းသောလ၊ စကားပန်းများပွင့်သောလ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလ၊ တံငါတာရာ ထွန်းပသောလ၊ နေ့ ၃၂ နာရီ၊ ည ၂၈ နာရီရှိသောလ၊ ရက်စုံသတ်သောလ၊ နဂါးဦးခေါင်း အနောက်မြောက်ဘက် လှည့်သောလ၊ စနေ၊ ကြာသပတေး ရက်ရာဇာ၊ ဗုဒ္ဓဟူး၊ သောကြာ ပြဿဒါးဖြစ်သောလ၊ နှစ်ဖဝါးဖြင့် မွန်းတည့်သောလ၊ ပြိဿရာသီကြုံသောလ၊ ဖွားဖက်တော်ခုနစ်ပါး ဖွားမြင်သောလပင်ဖြစ်ပေသည်။ ။

ကြေးမုံ
နိုင်ငံရေးကဏ္ဍ
၁၂ - ၄ - ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# တစ်နှစ်တာ ပြည်သူနှင့်အတူ နိုင်ငံရေးမြင်ကွင်း

## မောင်းဆက်

ပြည်သူ့အစိုးရ စတင်ပေါ်ပေါက်လာသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီ။

တစ်နှစ်တာအတွင်း အစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူလူထုအကြားတွင် အားတက်ကျေနပ်သည်များရှိသကဲ့သို့ အားမလိုအားမရနှင့် ဝေဖန်ပြောဆိုသံများကိုလည်း ကြားသိနေရပါသည်။

ပြည်သူလူထုသည် ပကတိဘဝအတွင်း ရုန်းကန် နေကြရသူများဖြစ်သည့်အတွက် လက်ရှိအစိုးရသစ်နှင့်ပတ်သက်၍ အားမရသည်များ၊ ဝေဖန်ပြောဆိုသည်များမှာ ရင်တွင်းခံစားချက်များကို အခြေခံကာ ပေါ်ထွက်လာသည်ဟု နားလည်မိပါသည်။

အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူတို့က ဝေဖန်ပြောဆိုမှုများ၊ အစိုးရအဖွဲ့များနှင့် ပတ်သက်၍ စိတ်မသက်မသာဖြစ်မှုများကို ဖော်ထုတ်လာကြသည်။ အများဆုံးဝေဖန်ပြောဆိုကြသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုဖြစ်သည်။ မြို့ကကြီးမားပြီး စနစ်များ၊ လုပ်ကိုင်ပုံများ အစစနှစ်ပေါင်းများစွာ ပျက်စီးနေခဲ့ကြသည်တို့ကလည်း ထင်ရှားလွန်းလှသည်။

မှားယွင်းနေသည့် အဆိုပါစနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ရန် ကြိုးစားရာတွင် ရေဆုံးရေဖျား ရောက်အောင် မလုပ်နိုင်ခဲ့။ ပွတ်တိုက်မှုများကို မကျော်လွှားနိုင်ဘဲ မူလအမှားတွင်းထဲသို့ သက်သောင့်သက်သာ ပြန်လည်ဝင်ရောက်သွားသည်ဟု ပြည်သူတို့က ထင်မြင်လာကြသည်က အဓိကအကြောင်းအရင်း ဖြစ်ပါမည်။

သို့သော်လည်း ဤနေရာ၌ မည်သို့ပင်တုံ့ပြန်ပြောဆိုနေကြသည်ဖြစ်စေ၊ ပြည်သူ့အစိုးရခေါင်းဆောင်များ၏ အဂတိကင်းရှင်းမှု၊ သန့်ရှင်းစင်ကြယ်မှုနှင့် ပြည်သူ့အပေါ် ထားရှိသော စိတ်စေတနာ မှန်ကန်မှုတို့ကိုမူ ပြည်သူအများစုက ယုံကြည်ကိုးစားနေကြဆဲ ဖြစ်သည်မှာလည်း အမှန်ပင်ဖြစ်ပါ၏။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဖလမ်းမြို့၌ကျင်းပသည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မီးပုံပွဲ၌ ပါဝင်ဆင်နွှဲစဉ်။

**ပြည်သူ့အရေးတော်ပုံကြီးက အစပြု၍**

ပြည်သူ့အစိုးရပေါ်ပေါက်လာသည်ကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုပါက ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲကိုသာမက ၁၉၈၈ ခုနှစ် ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးကိုပါ ထည့်သွင်းလေ့လာကြရန်လိုမည်ဟု ယူဆပါသည်။

နှစ်ပေါင်းများစွာ ဒီမိုကရေစီကင်းမဲ့ ဆိတ်သုဉ်းမှုအောက်မှာ ဖိနှိပ်ချုပ်ချယ်ခံနေရသော ပြည်သူတို့သည် အထွေထွေအကျပ်

စာမျက်နှာ (ခ) သို့ »»



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

စာမျက်နှာ (က) မှ »»

အတည်းများကို သည်းမခံနိုင်တော့သည့်အဆုံး အုံကြွပွင့်အံလာခဲ့ရာမှ ယနေ့မြင်တွေ့နေရသော ဒီမိုကရေစီလမ်းစ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

လူငယ်ကျောင်းသားတို့၏ ရဲရင့်သော ခေါင်းဆောင်မှုနှင့် ပြည်သူတို့၏ ညီညွတ်သော အရေးတော်ပုံကြီးက သမိုင်းနှင့်ချီ၍ ကြီးကျယ်ခမ်းနားသော အရေးတော်ပုံကြီး ဖြစ်ခဲ့၏။ ထိုအရေးတော်ပုံကြီးက မြန်မာပြည်သူတို့အတွက် ဒီမိုကရေစီမျှော်လင့်ချက်များနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟူသော နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကို မွေးဖွားပေးလိုက်၏။

ဤကဲ့သို့ ပြည်သူကြားမှ ပေါက်ဖွားလာခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ်မှစတင်ကာ ပြည်သူနှင့်အတူ၊ အဆင်းရဲခံပြည်သူနှင့်အတူ၊ အဖိနှိပ်ခံပြည်သူနှင့်အတူ အချိုးနှိမ်ခံရင်း သိမ်လိုညိုးချုံးမသွားဘဲ ပြည်သူနှင့်အတူ ရင့်ကျက်ကြီးထွားအားကောင်းလာခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့ အဖွဲ့ချုပ် အာဏာရလာသည့်အခါတွင်လည်း အဖွဲ့ချုပ်ခေါင်းဆောင်များသည် မည်သို့သော အခွင့်ထူးခံမှုမျိုးမှမရှိဘဲ ပြည်သူနှင့်အတူ ရုန်းကန်ရင်း အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်နေဆဲဖြစ်သည်ကလည်း ဒီမိုကရေစီခေါင်းဆောင်တို့၏ ထင်ရှားလေးနက်သော ပြယုဂ်တစ်ခုပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

**ပြည်သူ့အစိုးရနှင့် စိန်ခေါ်မှုများ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူအများစု၏ ထောက်ခံအားကိုးမှု အထူးလွန်ကဲစွာရရှိခဲ့သည်ကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲက သက်သေပြခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ပြည်သူလူထုက မည်သို့ပင် အင်တိုက်အားတိုက် ထောက်ခံအားပေးခဲ့သည်ဆိုသော်လည်း အင်ပြည့်အားပြည့် ခြေကုန်သုတ်ပြေးနိုင်သည့် နိုင်ငံရေးပတ်ဝန်းကျင်နှင့် အာဝါသရှိမနေဘူး ဆိုသည်ကိုလည်း ကုန်လွန်ခဲ့သော တစ်နှစ်တာအတွင်း နမူနာများစွာ၊ သက်သေများစွာဖြင့် တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။

သို့သော်လည်း အစိုးရအဖွဲ့သစ်၏ အားသာချက်တစ်ခုမှာ မည်သို့ပင်အခက်အခဲ အကျပ်အတည်းများ တွေ့နေစေကာမူ အလွန်တည်ငြိမ်စွာနှင့် တုံ့ပြန်နေနိုင်စွမ်းဖြစ်သည်ဟု မြင်ပါသည်။

ရွေးကောက်ပွဲကာလ ကြွေးကြော်သံဖြစ်သည့် အခြေခံဥပဒေနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ပြင်ဆင်ရေးလုပ်ငန်းများမှ အစပြု၍ ရာစုနှစ်ဝက်ကျော် တိုက်ခိုက်ရင်း အားကောင်းသည်ထက် ကောင်းလာသော ပြည်တွင်းစစ်ကို ရပ်စဲနိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားစီးပွားရေး ဦးမော့လာရေး၊ အခြေခံပညာရေးစနစ်၊ ကျန်းမာရေးစနစ် တိုးတက်ခိုင်မာရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးစသည့် အဘက်ဘက်က ယိုယွင်းနေသည့် ကဏ္ဍများကို ပြန်လည်မြှင့်တင်တည်ဆောက်ရေးတို့သည် မလွယ်ကူလှသော၊ သို့သော်လည်း မဖြစ်မနေ ဖြေရှင်းရမည့် ပြဿနာများအဖြစ် ပုံနေပါသည်။

ယင်းတို့မှာ ဥပမာအနေဖြင့် အချို့မျှကို ထုတ်နုတ်ဖော်ပြခြင်းသာဖြစ်၍ မြောက်မြားလှစွာသော ပြဿနာများကို အစိုးရအဖွဲ့က ရင်ဆိုင်နေရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း ဒဲရစ်မစ်ချယ်က မြန်မာ့ရေးရာအရှုပ်အထွေးများသည် ကမ္ဘာပေါ်က အရှုပ်အထွေးဆုံးများ စာရင်းဝင်တစ်ခုအဖြစ် ပါဝင်သည်ဟု ဆိုဖူးပါသည်။

သည်မျှ ကြီးကျယ်ရှုပ်ထွေးသော အတိတ်က ကျန်ရစ်သည့် အမွေရ အမှိုက်ပုံကြီးက ထင်သည်ထက် များစွာရှုပ်ထွေးနေသည်မှာ အမှန်ဖြစ်ပါသည်။ သို့သော်လည်း အစိုးရအဖွဲ့အတွက် ကြီးမားသော အားတက်စရာမှာ ပြည်သူအများစုက အစိုးရ၏အခက်အခဲများကို (၎င်းတို့၏ရင်တွင်း မကျေနပ်မှုများရှိနေသည့်ကြားက) နားလည်မှုများစွာဖြင့် အကူအညီပေးရန် အဆင်သင့်ရှိနေကြခြင်းပင်ဖြစ်သည်။

**အကျပ်အတည်းများကြားမှ အင်အားများ**

အစိုးရသစ်တွင် အထက်ဖော်ပြပါ စိန်ခေါ်မှုများစွာကို တည်တည်ငြိမ်ငြိမ်ဖြင့် တစ်ဆင့်ချင်း ကြိုးစားဖြေရှင်းနေခြင်းက ချက်ချင်းပြေလည်သွားမှာ မဟုတ်သော်လည်း လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေသည်ဟု မြင်ပါသည်။

ယနေ့အစိုးရသည် ၈၈ ဒီမိုကရေစီအရေးတော်ပုံကာလမှစတင်၍ ပြည်သူကြားက ပေါက်ဖွားလာသည့် အဖွဲ့ချုပ်၏ ဦးဆောင်ဖွဲ့စည်းမှုဖြင့် ပေါ်ပေါက်လာသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူလူထုက ဆက်လက်ဝန်းရံကူညီသွားမည်ဟူသော အခြေခံသဘောထားရှိနေသည်ကလည်း ရှေ့ခရီးအတွက် အထူးကြီးမားသော အင်အားဖြစ်ပါသည်။

ထို့အတူ ၈၈ ကာလမှစတင်ပြီး ဒီမိုကရေစီရေးအတွက် မြန်မာပြည်သူလူထုကို အားပေးထောက်ခံခဲ့ကြသော နိုင်ငံတကာ၏ ဆက်လက်အားပေးမှုကလည်း များစွာ အထောက်အကူ ဖြစ်ပါသည်။

**အချိန်ယူရမည့် ပြုပြင်ပြောင်းလဲရေး**

ဤနေရာ၌ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး၏ စကားအချို့ကို ကိုးကားလိုပါသည်။ ၇ ဇန်နဝါရီ ၂၀၁၇ နေ့က မြန်မာနေရှင်နယ်ရုပ်သံ၏ ပေါ်လစ်တီကယ် ဒိုင်ယာလော့ဂ်အစီအစဉ်တွင် ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

အိုင်ယာလန်နိုင်ငံက ၁၉၂၂ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီး မြန်မာနိုင်ငံကဲ့သို့ပင် လွတ်လပ်ရေးရသည်နှင့် အချင်းချင်း တိုက်ခိုက်ကြသည့် ပြည်တွင်းစစ်ကို ရင်ဆိုင်ခဲ့ရသော နိုင်ငံဖြစ်ပါ၏။ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ပြန်လည်ထူထောင်ရေးကို များစွာအချိန်ယူလုပ်ကိုင်ခဲ့ရသည့်အတွက် ၁၉၅၉၊ ၁၉၆၀ ခုနှစ်ကာလများတွင် အိုင်ယာလန်သည် ဥရောပ၌ အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့ပါသည်။ အိုင်ယာလန်နိုင်ငံသားများဟာ အမေရိကန်၊ ဗြိတိန်စသည့် နိုင်ငံများသာမက အချို့သော အာရှနိုင်ငံများသို့ပါ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့အလုပ်ရှာဖွေလုပ်ကိုင်ခဲ့ကြရပါသည်။

ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ခဲ့ပြီးနောက် အချိန်များစွာယူကာ အလုပ်လုပ်ခဲ့ကြရပါသည်။ ၁၉၇၃ ခုနှစ်တွင် အီးယူအဖွဲ့ဝင်ခဲ့ပြီး စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့ကာ ဖွံ့ဖြိုးလာခဲ့သည်မှာ ယနေ့ဆိုလျှင် အိုင်ယာလန်သည် ကမ္ဘာတွင် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်ခုအနေဖြင့် ရပ်တည်နေပြီ ဖြစ်ပါသည်။

အိုင်ယာလန်သံအမတ်ကြီးက -

". . . မြန်မာနိုင်ငံမှာ မနှစ်က အောင်မြင်တဲ့ ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကျွန်တော်တို့ အိုင်ယာလန်နိုင်ငံနဲ့ အီးယူနိုင်ငံတွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ ပြုပြင်ပြောင်းလဲရေးကတော့ အချိန်ယူရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဒီလိုပဲအချိန်ယူခဲ့ရပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေလည်း ရှိခဲ့တယ်။ လွတ်လပ်ရေးရပြီးတော့လည်း ပြည်တွင်းစစ်ဖြစ်ခဲ့ပါတယ်။ အချင်းချင်း တိုက်ခိုက်ခဲ့ကြတယ်။ ၁၉၇၃ ခုနှစ်လောက်အထိကို ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေကို ကျော်ဖြတ်ခဲ့ရတယ်။ အဲဒါတွေကို ကျော်ဖြတ်ဖို့ အချိန်များစွာယူရမှာ ဖြစ်ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲဖို့ဆိုရင်လည်း အချိန်ယူရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ဆွဲဆောင်နိုင်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်လည်းရှိနေပြီ ဖြစ်ပါတယ်။ နိုင်ငံခြားသား ခရီးသွားတွေလည်း အခုဆိုရင် ပိုမိုဝင်ရောက်လာနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လိုအပ်တဲ့စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်. . ."

". . . အတားအဆီးတွေကတော့ ရှိတာပေါ့။ လမ်းကြောင်းပေါ် ရောက်နေပါပြီ။ အခက်အခဲတွေကို ဘယ်လိုကျော်လွှားခဲ့သလဲ ဆိုတဲ့ အတွေ့အကြုံတွေကို မျှဝေပေးဖို့လည်း ကျွန်တော်တို့ စိတ်အားထက်သန်နေပါတယ်။ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အလုပ်အကိုင်တွေ၊ လူမှုစီးပွားဘဝတွေ ဖန်တီးပေးရမှာပဲ ဖြစ်ပါတယ်. . ."

". . . ကျွန်တော်တို့ကလည်း အိုင်ယာလန်နိုင်ငံရဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ၊ ယဉ်ကျေးမှုဆိုင်ရာစတဲ့ အတွေ့အကြုံ ဗဟုသုတတွေ မျှဝေပေးဖို့ ဆန္ဒရှိပါတယ်။ ပဋိပက္ခတွေကို ကျော်လွှားပြီး ငြိမ်းချမ်းရေး တည်ဆောက်ပုံတွေကို မျှဝေပေးချင်ပါတယ်. . ." စသည်ဖြင့် ပြောကြားသည်။

အိုင်ယာလန်နိုင်ငံသည် ပြည်တွင်းစစ်တွင်သာမက အကြမ်းဖက်လှုပ်ရှားမှုစသည့် လက်နက်ချင်းပြိုင်ဆိုင်မှုများကြားမှ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်မှုရရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ အတွေ့အကြုံများနှင့် နိုင်ငံမှ သံတမန်တစ်ဦးက မြန်မာနိုင်ငံ၏ အနေအထားကို ကျော်ဖြတ်သွားနိုင်မည့် အခြေခံများကို တွေ့မြင်သိရှိထားပြီး ကူညီမျှဝေပေးချင်သည့် ကမ်းလှမ်းစကားများ ပြောဆိုမှုသည် အစိုးရအဖွဲ့အတွက် အလားအလာ ကောင်းများဟု မြင်မိပါသည်။

အစိုးရအဖွဲ့သစ်၏ နိုင်ငံရေးအခင်းအကျင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်များမှာ တပ်မတော်၊ တိုင်းရင်းသားအင်အားစုများ၊ မိခင်ပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတကာဆက်ဆံရေးတို့ ဖြစ်သည်။

**တပ်မတော်နှင့် မြန်မာ့နိုင်ငံရေး**

မြန်မာ့နိုင်ငံရေးတွင် တပ်မတော်က လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက ရောယှက်ပါဝင်ခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊

စာမျက်နှာ (ဂ) သို့ »»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသမီးလုပ်ငန်းရှင်များနှင့်စကားဝိုင်းတွင် အမှာစကားပြောကြားစဉ်။

စာမျက်နှာ (ခ) မှ »»

အမျိုးသားလွတ်လပ်ရေး ဖြစ်စဉ်တစ်ခုလုံးတွင် လက်နက်ကိုင်တော်လှန်ရေးက နိုင်ငံရေးထဲတွင် ယှဉ်တွဲ ပါဝင်ခဲ့ရခြင်းဖြစ်သည့်အတွက် တပ်မတော်၏ အခန်းကဏ္ဍက အရေးပါခဲ့ခြင်း ဖြစ်သည်။ ဗမာ့တပ်မတော်၏ ဖခင်အဖြစ် ရိုသေလေးစားရသူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်နှိုက်က နိုင်ငံရေးသမား၊ တပ်မတော် ခေါင်းဆောင် တစ်ယောက်ဖြစ်ခဲ့သည့်အတွက် မြန်မာ့ နိုင်ငံရေးနှင့် တပ်မတော်၏ ဆက်စပ်မှုက တစ်သားတည်းလိုလို ပယ်ဖျက်မရသလိုလို ဖြစ်ခဲ့သည်။

အရေးကြီးသည့်အချက်မှာ တပ်မတော်ကို ထူထောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးသမားဆိုသည့်အချက်ဖြစ်သည်။ နိုင်ငံရေးသမားက အမျိုးသားလွတ်လပ်ရေး အတွက် လက်နက်ကိုင်တော်လှန်ရေးနည်းကို ရွေးချယ်သည့်အခါ တပ်မတော်ကို ထူထောင်ခဲ့ခြင်းဖြစ်၏။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် တပ်မတော်ခေါင်းဆောင်များက နိုင်ငံရေးပါတီ ထောင်ကြသည်။ နိုင်ငံရေးကဏ္ဍထဲတွင် မိမိတို့ ပါဝင်ရန်လိုအပ်သည်ဟူသည့် အယူအဆဖြင့် တပ်မတော်ခေါင်းဆောင်များက နိုင်ငံရေးပါတီ များ ထူထောင်လာခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံရေးသမား ထူထောင်သည့် တပ်မတော်နှင့် တပ်မတော်ထူထောင်သည့် နိုင်ငံရေးပါတီဟူ၍ သိမ်မွေ့သော ခြားနား ချက်ရှိနေခြင်း ဖြစ်၏။

နိုင်ငံရေးသမားဆိုသည်က ပြည်သူလူထု နှင့် ဒီမိုကရေစီစနစ်အပေါ် စွန့်လွှတ် အနစ်နာခံစိတ်ဖြင့် အခြေခံရပ်တည်ရခြင်းဖြစ်ပြီး တပ်မတော်ခေါင်းဆောင် ဆိုသည်က တပ်မတော်အဖွဲ့အစည်းအတွင်း အဆင့်ဆင့်သော အမိန့်နာခံမှု၊ ရဲဘော်ရဲဘက်ချင်း သစ္စာရှိမှုတို့ကို အခြေခံကာ စွန့်လွှတ် အနစ်နာခံစိတ်ဖြင့် ရပ်တည်ရခြင်းဖြစ်သည်။

နိုင်ငံရေးသမားက မိမိကို ပြည်သူလူထုက မည်မျှလိုအပ်သလဲ၊ မည်မျှထောက်ခံ အားပေးသလဲဆိုသည့်အပေါ်တွင် လုံးလုံးလျားလျား ရပ်တည်ပြီး တပ်မတော် ခေါင်းဆောင်များက ပြည်သူလူထုနှင့် နိုင်ငံတော်က မိမိတို့ကို လိုအပ်သည်ဟူသည့် အယူအဆပေါ်မူတည်၍ ပါဝင်ရပ်တည်မှာ ဖြစ်သည်။

အစိုးရအဖွဲ့နှင့် တပ်မတော်အစိုးရ အဖွဲ့သစ်သည် ရာစုနှစ်ဝက်ကျော်အကြာမှာ ပထမဆုံးပေါ်ပေါက်လာရသည့် အရပ်သား စစ်စစ်အစိုးရအဖွဲ့အနေဖြင့် တပ်မတော်နှင့် ပတ်သက်လျှင် အလွန်သိမ်မွေ့သည့် အနေအထားကို နားလည်သော ဆက်ဆံရေးသဘော ထားရှိသည်။

ဒီမိုကရေစီ ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သည့်အပြင် မေတ္တာကို အခြေခံသည့်နိုင်ငံရေး ကို ယုံကြည်စွာ တည်ဆောက်နေသူအဖြစ် တပ်မတော်အပေါ် အပေါင်းလက္ခဏာ ဆောင်သည့် အမြင်ဖြင့်ရပ်တည်သည်။ အမျိုးသားရင်ကြားစေ့ရေးကို မြန်မာ့နိုင်ငံရေး ၏ ထိပ်တန်းအကျဆုံး လိုအပ်ချက်အဖြစ် ရှုမြင်ထားရာ တပ်မတော်သည် အမျိုးသား ရင်ကြားစေ့ရေး ခေါင်းစဉ်အောက်တွင် အရေးအပါဆုံးများထဲမှ တစ်ခုဖြစ်နေ၏။

သို့သော်လည်း အခြေခံဥပဒေ၏ အကန့်အသတ်ကြောင့် တပ်မတော်၏ အခန်းကဏ္ဍမှာ အထူးတလည်မြင့်မားနေသည့်အတွက် ကာကွယ်ရေးဆိုင်ရာ၊ ပြည်ထဲရေးဆိုင်ရာ စသည့် အချို့သော လုပ်ငန်းရပ်များတွင် အစိုးရနှင့် တပ်မတော်အကြား ထိပ်တိုက် ဆွေးနွေးညှိနှိုင်းစရာများ ရှိနေသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လန်ဒန်အခြေစိုက် ဘီဘီစီအသံလွှင့်ဌာနတို့၏ မကြာခင်က ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သလို- "ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စစ်ရေးစစ်ရာ ကိစ္စတွေကို တပ်မတော်ကသာ စီမံခန့်ခွဲပိုင်ခွင့် ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်လည်း ကျွန်မ တို့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးစားနေတာပေါ့. . . အခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ဟာ ကျွန်မတို့ ရည်မှန်းချက်တွေထဲက တစ်ခုဖြစ်ပါတယ်. . . ဘာဖြစ်လို့လဲဆိုတော့ အင်န်စီအေရဲ့ နောက်ဆုံးပန်းတိုင်က ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်း နိုင်ဖို့ပါ" ဖြစ်ပါသည်။

## အပြောင်းအလဲနှင့် တပ်မတော်၏အခန်းကဏ္ဍ

နိုင်ငံရေးအခင်းအကျင်း၊ နိုင်ငံရေး အာဝါသအရ မြန်မာ့နိုင်ငံရေး အပြောင်းအလဲ အစစ်အမှန်ပေါ်ပေါက်ရေးမှာ မြန်မာ့ တပ်မတော်သည် အရေးကြီးဆုံးထဲမှ တစ်ခု ဖြစ်ပါသည်။ မြန်မာ့တပ်မတော် ထိပ်တန်း ခေါင်းဆောင်တို့၏ နိုင်ငံရေးအမြင်၊ နိုင်ငံရေး ရပ်တည်ချက်နှင့် ပြည်သူလူထုအပေါ် ထားရှိသည့် စေတနာနှင့် သဘောထားတို့က အနေအထားအားလုံးအတွက် အရေးကြီးပါသည်။

မြန်မာပြည်သူလူထုက တပ်မတော် ခေါင်းဆောင်များနှင့် ပတ်သက်လျှင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအပေါ် အမြင်နှင့် အယူအဆ အမျိုးမျိုးရှိသော်လည်း တပ်မတော်နှင့် ပတ်သက်လျှင်မူ ဒီမိုကရေစီခေါင်းဆောင်၏ ဦးဆောင်မှု သဘောတရားကို အများစုက လက်ခံကိုင်စွဲထားကြပြီး တပ်မတော် ခေါင်းဆောင်များအတွင်းမှ ဒီမိုကရေစီအမြင် ကြွယ်ဝရင့်ကျက်လာမှုကို မျှော်လင့်နေကြပါသည်။

## တိုင်းရင်းသားအင်အားစုများနှင့် ငြိမ်းချမ်းရေး

လွတ်လပ်ရေးမတိုင်မီက စတင်ပေါ်ပေါက်လာသည့် တိုင်းရင်းသားတို့၏ နိုင်ငံရေးဘဝင်မကျမှုကို အခြေခံသည့် ပြည်တွင်းစစ်မီးမှာ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် နှစ်ပေါင်းများစွာ မကြိုးစားခဲ့သည့် ရလဒ်အဖြစ် မီးပွင့်မီးစဘဝမှ မီးတောက်မီးလျှံအဖြစ် ကြီးမား လောင်မြိုက်လာခဲ့ပြီဖြစ်သည်။ သို့သော်လည်း ယနေ့အချိန်တွင် နိုင်ငံရေးသမားတို့၏ လက်ထဲသို့ အာဏာစတင်ရောက်ရှိလာပြီဖြစ်သည့်အတွက် တိုင်းရင်းသားတို့၏ မူလအခြေခံနိုင်ငံရေးပြဿနာများမှာ စားပွဲဝိုင်းများပေါ်သို့ တင်ကာ ဆွေးနွေးဖို့ ဖြစ်လာနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သို့သော်ငြားလည်း အချို့သော အစိတ်အပိုင်းများမှာ ယခင်အစိုးရများ လက်ထက်က ငြိမ်းချမ်းရေးကို အပေးအယူသဘောမျိုး တည်ဆောက်သည့် ကြိုးပမ်းမှု အမှားအယွင်းတို့က ကိုယ်ကျိုးစီးပွားကိစ္စတို့နှင့် ရောထွေးမှုများ ရှိခဲ့သည့်အတွက် ထင်သလောက် မလွယ်ကူသည်များလည်း ရှိနေသည်။ ရာစုနှစ်ဝက်ကြာ ပြည်တွင်းစစ်တွင် နိုင်ငံရေးပြဿနာများ အကြား ဘိန်းနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖြန့်ချိမှုစသည်တို့ ထွေးရောယှက်တင်ဖြစ်လာခြင်းကလည်း အခက်အခဲ တစ်ခု ဖြစ်နေ၏။

## ပြည်ထောင်စုစိတ်ဓာတ်

အချင်းချင်း စစ်တိုက်လာသည်မှာ ကြာလာပြီကတစ်ကြောင်း၊ လူမျိုးရေး၊ ဘာသာရေး တို့နှင့် ပတ်သက်ပြီး သွေးထိုးလှုံ့ဆော်သည့် အနှောင့်အယှက်တို့ကြောင့် တစ်ကြောင်း တိုင်းရင်းသားများအကြား ဗမာတို့နှင့် ပတ်သက်၍ မြင်သည့်အမြင်တိမ်းစောင်းမှုများကိုလည်း အချိန်ယူပြင်ဆင်ရမည်များ ရှိနေသည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်ထောင်စုသားအားလုံးတို့အကြား အလွန်ကျယ်ပြန့်လေးနက်သော ပြည်ထောင်စုစိတ်ဓာတ် နားလည်မှုတည်ဆောက်ရေး လိုအပ်နေသည်မှာအမှန်ဖြစ်ပါသည်။

ဤနေရာတွင် လက်ရှိအစိုးရအဖွဲ့အတွက် အလွန်ကြီးမားသော အားသာချက်နှစ်ခုမှာ လက်ရှိအစိုးရအပေါ် ပြည်သူလူထု အများစုက အစွမ်းကုန်အားပေးထောက်ခံမှုရှိနေခြင်းနှင့် တိုင်းရင်းသားအင်အားစုများနှင့် ခေါင်းဆောင်များကလည်း ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးခေါင်းဆောင်အဖြစ်ရော၊ ပုဂ္ဂိုလ်ရေးအရပါ လေးစားယုံကြည်မှုမပျက်ရှိနေကြခြင်းတို့ ဖြစ်ပါသည်။

ယခုအခါတွင်လည်း ရည်မှန်းချက်ပန်း

စာမျက်နှာ (ယ) သို့ »»



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဦးရှည်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို ကြည့်ရှုစဉ်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ် ကန်ပတ်လက်နှင့် မင်းတပ်မြို့များမှ ဒေသခံများနှင့် တွေ့ဆုံစဉ်။

နိုင်ငံတော်အစိုးရ၏
ကြေးမုံ နိုင်ငံရေးအဖွဲ့
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ






ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကရင်ပြည်နယ်လွှတ်တော်၌ အမှာစကားပြောကြားစဉ်။

စာမျက်နှာ (၈) မှ »»

တိုင်ဖြစ်သည့် ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေး၊ ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေး၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်မြင်ရေး (Peace, Prosperity Democracy-PDP)တို့ကို အစိုးရအဖွဲ့က အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်နေသည်ကို တွေ့ရပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC)၊ ငြိမ်းချမ်းရေးကော်မရှင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အပါအဝင် အင်စတီကျူးရှင်းများကို ပြန်လည်ပြင်ဆင်၊ ဖွဲ့စည်း၊ သတ်မှတ်ခြင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နေသည်ကိုလည်း သိရပါသည်။

အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးထားမှုများကို အလေးထားပြီး လူ့အခွင့်အရေးကိစ္စများတွင် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားပြီး အပြုသဘော ထိတွေ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ကြိုးစားဆောင်ရွက်နေသည်ကို မြင်တွေ့နေရခြင်းက အချိန်ယူကောင်း ယူရဦးမည်ဖြစ်သော်လည်း မျှော်လင့်ချက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးအဖြစ် အားတက်ရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

ကနဦးတွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၈၈ အရေးတော်ပုံကြီးအတွင်းမှ လူထုကြားက ပေါက်ဖွားလာခဲ့သော နိုင်ငံရေးပါတီဖြစ်ပါသည်။ ပြည်သူလူထုက ယုံကြည်ချက် အပြည့်အဝဖြင့် အားပေးထောက်ခံ ဝန်းရံခဲ့ခြင်းဖြင့် အဖွဲ့ချုပ်သည် စတင်ဖွဲ့စည်းချိန်ကစ၍ အချိန်တိုအတွင်း အံ့သြလောက်ဖွယ် အင်အားကြီးထွားခဲ့ပါသည်။

အချိန်တိုအတွင်း လွန်စွာကြီးထွားလာခြင်းဖြစ်သည့်အတွက် စနစ်ကျနမှု၊ ကျစ်လျစ်သော စည်းလုံးညီညွတ်မှု၊ ပါတီစည်းမျဉ်းစည်းကမ်းစသည့် အဖွဲ့အစည်း၏ အစိတ်အပိုင်းတိုင်းလိုလိုတွင် အားနည်းမှုများကလည်း ရှိခဲ့ပါသည်။ မုန်တိုင်းကြားမှာ ရုန်းကန်နေရချိန်က အဆမတန်များပြားလှသည့်အတွက် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်၏ စနစ်ကျနသည့် ပုံစံတည်ဆောက်ရန် အခွင့်မသာခဲ့သည်က အားနည်းချက်ဖြစ်ခဲ့ပါသည်။

ယင်းသို့သော နိုင်ငံရေးဆိုင်ရာ အားနည်းမှုများရှိသော်လည်း အခြားတစ်ဖက်တွင် ပါတီ၏ ပြည်သူနှင့်အတူ လက်တွဲပြီး သေအတူ ရှင်မကွာ ရပ်တည်မှု၊ ပါတီဝင် ထုနှင့် လူထု၏ ယုံကြည်ချက်၊ စွန့်လွှတ် အနစ်နာခံမှုတို့က အားကောင်းလှသည့်အတွက်စနစ်ဟောင်း၏ ပြင်းထန်လှသော ဖိနှိပ်ချိုးနှိမ်မှုများကအဖွဲ့ချုပ်ကို မည်သို့မျှ သေးငယ်ကြုံလှီသွားအောင် မလုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**ကျစ်လျစ်စီးပိုင်သည့် နိုင်ငံရေးပါတီဖြစ်ရေး**

ယနေ့အခါလို ဒီမိုကရေစီအင်အားစုများ ပြည်သူ့ထောက်ခံမှုဖြင့် အာဏာတစ်စိတ်တစ်ပိုင်းကို ဆုပ်ဆုပ်ကိုင်ကိုင်ရလာချိန်တွင် နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ပြည်တွင်း ပြည်ပမှ အားယူအသုံးချရမည့် အင်အားစုများ များစွာရှိသော်လည်း ပါတီတွင်း စည်းလုံးညီညွတ်မှုနှင့် စနစ်ကျနမှု စီးစီးပိုင်ပိုင် မရှိသေးသည့်အတွက် လစ်ဟာမှုများရှိနေသည်ကို သတိပြုမိပါသည်။

ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေရသည့် ပြည်သူကြားက နိုင်ငံရေးပါတီ တစ်ရပ်ကို စနစ်တကျ စည်းရုံးနိုင်မည့် နိုင်ငံရေးအမြင်ကျယ်ကာ လူကြီးလူကောင်း ပီသသည့် ပါတီခေါင်းဆောင် အများအပြား လိုအပ်မည်ဟု ယူဆပါသည်။ တိုင်းပြည်အတွက်၊ ပါတီအတွက် အရည်အချင်းပြည့်မီသည့် နိုင်ငံရေးသမားများ ပြည်တွင်းမှာရော ပြည်ပရောက်များမှာပါ ရှိနေသည်ဟု ထင်မြင်ပါသည်။ ပါတီက စနစ်တကျ စည်းရုံးသိမ်းသွင်းနိုင်ဖို့သာ လိုပါမည်။

**အစိုးရနှင့် နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာ၏အမြင်တွင် မြန်မာ့အရေးသည် အလွန်ရှုပ်ထွေးသည်၊ သို့သော်လည်း အားလုံးဝိုင်းဝန်းဖြေရှင်းလျှင် ပြေလည်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်လိမ့်မည်ဟု မြင်ကြခြင်းက အနာဂတ်အတွက် အပေါင်းလက္ခဏာဖြစ်သည်။

ပြောခဲ့ပြီးသည့်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များသည် ပြည်သူကြားက ပြည်သူ့ဘက်သားများဖြစ်ခဲ့ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အနာခံကာ စွန့်စွန့်စားစားနှင့် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူများဖြစ်သည့် အားလျော်စွာ နိုင်ငံတကာအဝန်းအဝိုင်း၏ နိုင်ငံရေးအရ အားပေးထောက်ခံမှုကိုလည်း အစိုးရအနေဖြင့် အင်ပြည့်အားပြည့်ရရှိခဲ့သည်ဟု မြင်ပါသည်။

အမေရိကန်နိုင်ငံက ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံသည့်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးသားအရေးပေါ်အခြေအနေကို အပြီးသတ်ရပ်ဆိုင်းပေးခဲ့ပြီး သမ္မတ၏ အမိန့်အာဏာလေးခုဖြင့် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။

ဥရောပနိုင်ငံများက ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့တွင် ရန်ပုံငွေထည့်ဝင်ခြင်း/မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နေသည့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များကို နိုင်ငံတကာလေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ဖြင့် ကူညီခဲ့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အတွက် ငါးနှစ်အတွင်း ယန်းဘီလီယံ ၄၀ ဂျပန်နိုင်ငံက အကူအညီပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်နိုင်ငံသွားခရီးစဉ်တွင် သဘောတူညီမှု ရရှိခဲ့သည်။

ဤသည်တို့မှာ အချို့သော နမူနာကောက်နုတ်ချက်များသာဖြစ်ပြီး နိုင်ငံတကာက မြန်မာနိုင်ငံအရေးကို အထူးစိတ်ဝင်စားကာ ကူညီလိုစိတ်နှင့် အထူးသဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာတို့တွင် အလေးပေးပါဝင်လိုကြသည်ကိုတွေ့မြင်ရမည် ဖြစ်ပါသည်။

**ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရမည်**

မြန်မာ့နိုင်ငံရေးက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံးကို ခြုံငုံသုံးသပ်ရန်လည်း လိုပါမည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပြောလျှင် နိုင်ငံရေးက အခရာလိုဖြစ်နေသည်မှာ ရာစုနှစ်ဝက်မကတော့ပြီ ဖြစ်ပါသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ နိုင်ငံရေးမတည်ငြိမ်မှုအပေါ် မူတည်ပြီး အာဏာအလွဲသုံးမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ၊ ကိုယ်ကျိုးစီးပွားရှာမှုများက မြန်မာ့စီးပွားရေး လူမှုရေးနယ်ပယ်အားလုံးကို တစ်စတစ်စဖြင့် ဖျက်ဆီးပစ်ခဲ့သည်က သမိုင်းဖြစ်ပါသည်။

ယနေ့အခါတွင် အခြေခံအားဖြင့် နိုင်ငံရေးက အတော်အသင့် တည်ငြိမ်မှုရလာပြီဟု ဆိုရပါမည်။ အခြေခံဥပဒေပြင်ဆင်ရေး၊ အပစ်အခတ်ရပ်စဲရေးလို အလွန်ကြီးမားလေးလံသည့် ပြဿနာဝန်ထုပ်ဝန်ပိုးကြီးများရှိနေသော်လည်း ဒီမိုကရေစီအုတ်မြစ်ကိုမူ အတော်ပင်ခိုင်မာအောင်ချထားနိုင်ပြီဟု ယူဆပါသည်။

ပြည်သူတို့သည် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သလို အစိုးရကိုပင်ဖြစ်စေ၊ အစိုးရခေါင်းဆောင်များကိုဖြစ်စေ ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုလာရပြီ။ မိမိတို့၏ သဘောထားကို ထုတ်ဖော်ပြောဆိုခွင့်ကို စတင်အသုံးပြုတတ်လာကြပြီ။ မီဒီယာလွတ်လပ်ခွင့်မှာလည်း အတော်ပင်ပွင့်လင်းရရှိခဲ့နေပြီ။

နိုင်ငံရေးတည်ငြိမ်မှုရှိလာပြီး အာဏာရယူလာသည့် ခေါင်းဆောင်များကလည်း လာဘ်ပေးလာဘ်ယူ ကင်းရှင်းပြီး ကိုယ်ကျိုးမရှာဘူးဆိုလျှင်ပင် တိုင်းပြည်ထူထောင်ရေးအတွက် အခြေခံရေမြေကောင်းရပြီဟု မြင်ပါသည်။

အထက်မှာပြောခဲ့သလို ပြည်တွင်း ပြည်ပက တတ်ကျွမ်းနားလည်သူများ အရည်အချင်းရှိသူများကို ဆက်လက်စည်းရုံးဆွဲဆောင်ဖို့ လိုပါမည်။ အဓိကမှာ အစိုးရအဖွဲ့အတွင်းမှာ သာမက ဗျူရိုကရေစီယန္တရားထဲမှာ လက်ကျန်ကျန်ရှိခဲ့သည့် အရည်အသွေး နိမ့်သူများနှင့် မဖြူစင်သူများကိုမူ လိုအပ်သလို ဖယ်ရှားပစ်ဖို့ဖြစ်ပါသည်။

မည်သို့ဖြစ်စေ ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုကို ယုံကြည်စွာအတူလိုက်ပါနေပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူနှင့်အတူ အေးအတူ ပူအမျှ ရှိနေမည်မှာ သေချာလှသည်ဖြစ်ရာ မြန်မာနိုင်ငံကို အတော်အသင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အချိန်မကြာမြင့်မီမှာ မြင်တွေ့ရလိမ့်မည်ဟု မျှော်လင့်နိုင်ပါကြောင်း။ ။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများနှင့် တွေ့ဆုံစဉ်။